ဆိုရှယ်ဒီမိုကရေစီ

ပြည်သူ့တော်လှန်ရေးတပ်ဦး

ပြည် သူ့ တော် လှန် ရေး တပ် ဦး

၏

ဆို ရှယ် ဒီ မို က ရေ စီ

THE SOCIAL DEMOCRACY

OF

PEOPLE’S REVOLUTION FRONT

နိုဝင်ဘာလ (၄)ရက်၊ ၂၀၂၅ခုနှစ်

နိုင်ငံရေးဦးဆောင်အဖွဲ့

ပြည်သူ့တော်လှန်ရေးတပ်ဦး

ဆိုရှယ်ဒီမိုကရေစီ

လက်ရှိဗမာပြည်ရဲ့ နိုင်ငံရေးစနစ်ဟာ တဘက်မှာ ရှေးရိုးစွဲဝါဒ လွှမ်းမိုးကြီးစိုးပြီးတော့ အခြားတဘက်မှာတော့ ဒါကို အစားထိုးနိုင်ဖို့ လစ်ဘရယ်ဒီမိုကရေစီ အားကောင်းလာတယ်။ ရှေးရိုးစွဲဝါဒက ခေတ်အဆက်ဆက်မှာ ဗမာပြည်ကို အောက်ကျ၊ နောက်ကျဖြစ်နေအောင် ဆွဲချထားတဲ့စနစ်ဆိုးဖြစ်သလို ဒီအချက်ကိုပြုပြင်ဖို့ဆိုပြီး အားကောင်းလာတဲ့ လစ်ဘရယ်ဒီမိုကရေစီကလည်း ဗမာပြည်ရဲ့တိုးတက်ဖြစ်ထွန်းမှုကို ဖော်ဆောင်နိုင်မှာ မဟုတ်ဘူး။ ဗမာပြည်ရဲ့ရှေးရိုးစွဲဝါဒရော၊ လစ်ဘရယ်ဒီမိုကရေစီဆိုတာရောက ဗမာပြည်ရဲ့စီးပွားရေးစနစ်နှင့် ဆက်စပ်ပြီးတော့ ပေါ်လွင်လာတယ်။ ဗမာပြည်ရဲ့ရှေးရိုးစွဲဝါဒဟာ ရှေးပဒေသရာဇ်ခေတ်က ရှေးရိုးစွဲမှုမျိုး မဟုတ်တော့ဘူး။ ဗမာပြည်ရဲ့ရှေးရိုးစွဲနိုင်ငံရေးစနစ်၊ ရှေးရိုးစွဲစီးပွားရေးစနစ်၊ ရှေးရိုးစွဲလူမှုရေးစနစ်တွေဟာ အတွင်းပိုင်းမှာ အများကြီးပြောင်းလဲပြီးသွားပြီဖြစ်သလို အပြင်ပိုင်းမှာလည်း အများကြီးပြောင်းလဲလာခဲ့ပြီးပြီ။ ဗမာပြည်ရဲ့ရှေးရိုးစွဲနိုင်ငံရေးစနစ်မှာ အစိုးရအားကောင်းရေးစနစ်၊ ဥပဒေနှင့်လိုက်နာစောင့်ထိန်းမှု အားကောင်းရေးစနစ်၊ ရာထူး-စည်းစိမ် အလိုက် အဆင့်ဆင့်ကြောက်ရွံ့ရိုသေရေးစနစ် စတာတွေက အဓိကဒေါက်တိုင်အရိုးခံတွေပဲ။ ရှေးရိုးစွဲစီးပွားရေးစနစ်မှာဆိုရင် အစိုးရလက်ဝါးကြီးအုပ်စနစ်နှင့်လွတ်လပ်တဲ့ဈေးကွက်စနစ်ကို ဆန့်ကျင်ရေး၊ စည်းစိမ်ဥစ္စာဟာ သဘာဝအရပင် မညီမျှနိုင်ဆိုတဲ့ စနစ်တွေက အဓိကဖြစ်တယ်။ ရှေးရိုးစွဲလူမှုရေးစနစ်မှာ လူသားမှန်သမျှ အပြစ်မကင်းနိုင်ဘူးဆိုတဲ့ အယူအဆ၊ ရိုးရာဓလေ့ထုံးတမ်းတွေသာ လူ့အဖွဲ့အစည်းဆက်လက်တည်မြဲရေးအတွက် အသေချာဆုံးသော လမ်းညွှန်ချက်တွေဆိုတဲ့ အယူအဆ၊ ကြီးသူကို ကြောက်ရွံ့ရိုသေကိုးကွယ်ဆည်းကပ်ရမယ်ဆိုတဲ့ အယူအဆတွေက အဓိက နေရာယူထားတယ်။ ဗမာပြည်ရဲ့ ရှေးရိုးစွဲဝါဒီတွေဟာ အစိုးရအားကောင်းရေးကို လိုလားကြတယ်။ ပဒေသရာဇ်ခေတ်ကာလမှာ ရှေးရိုးစွဲဝါဒီတွေဟာ ရှင်ဘုရင်ဘုန်းမီးနေလတောက်ပတာကို လိုလားကြသလို ကနေ့ခေတ် ရှေးရိုးစွဲဝါဒီတွေဟာ အစိုးရအားကောင်းတာကို လိုလားကြတာပဲ။ အစိုးရအားကောင်းမှ တိုင်းပြည်ငြိမ်းချမ်းမယ်၊ တည်ငြိမ်တဲ့ နိုင်ငံရေးစနစ်ကို ရရှိမယ်၊ ပြည်သူတွေ အကျင့်စာရိတ္တပိုင်းမှာ ထိန်းထိန်းသိမ်းသိမ်းနဲ့ စနစ်တကျရှိမယ်၊ ခိုးဆိုးလုယက်တွေကင်းမယ် ဆိုကြတယ်။ အစိုးရအားကောင်းတာကိုလိုလားကြတာမှာ လူသားတွေဟာ အသိဉာဏ်-ဗဟုသုတအရာမှာဖြစ်စေ၊ လုပ်နိုင်စွမ်းအရာမှာဖြစ်စေ အကန့်အသတ်ရှိနေတယ်/လူသားတွေဟာ အမြဲတမ်း မှားနေနိုင်တယ်၊ လူသားအားလုံးဟာ အတ္တသမားတွေသာဖြစ်တယ်-ဒါကြောင့် ဒီလိုလူသားရဲ့ အားနည်းချက်တွေကို ထိန်းချုပ်မထားနိုင်ရင် လူ့အဖွဲ့အစည်းဟာ မတည်မြဲနိုင်ဘူး၊ ပရမ်းပတာဖြစ်နေမယ်၊ မတိုးတက်နိုင်ဘူးလို့ ဆိုကြတယ်။ ဒီလိုလူသားတွေရဲ့အားနည်းချက်တွေကို ထိန်းချုပ်ကန့်သတ်နိုင်စွမ်းရှိတာ-ဦးဆောင်သွားနိုင်တာဆိုလို့ နိုင်ငံတော်ပဲရှိတယ်လို့ ယုံကြည်ကြတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအားကောင်းရမယ်။ အစိုးရဟာ ကောင်းသည်ဖြစ်စေ-ဆိုးသည်ဖြစ်စေ အစိုးရမရှိတာထက်စာရင်တော့/လူ့အဖွဲ့အစည်းမှာ လူတွေတဦးချင်းစီ လုပ်ချင်ရာလုပ်ပြီး လူ့အဖွဲ့အစည်းကြီး ပျက်စီးသွားတာထက်စာရင်တော့ သူ့ဘာသာသူ ဘယ်လောက်ဆိုးနေပါစေ အစိုးရတော့ရှိနေမှရမယ်လို့ ဆိုကြတယ်။ ဒီအတွက် အစိုးရအားကောင်းရေးကို စွမ်းစွမ်းတမံလုပ်ကြတယ်။ အစိုးရအားနည်းသွားအောင် လုပ်မယ့်သူတွေကို ရန်မူကြတယ်။ ပဒေသရာဇ်ခေတ်မှာ ရှင်ဘုရင်ကို သက်ဦးဆံပိုင်ရေမြေ့အရှင်အဖြစ် အထွဋ်အထိပ်မှာ ထားကြသလို ကနေ့ခေတ်မှာလည်း နိုင်ငံတော်ကို သက်ဦးဆံပိုင်နိုင်ငံ့ရေမြေအရှင်အဖြစ်ထားရှိကြတယ်။ နိုင်ငံတော်ကပြုသမျှ နုကြရတဲ့အခြေအနေကို လက်ခံထားကြတယ်။ နိုင်ငံတော်အားကောင်းရေးကို လိုလားကြတာကြောင့် အဓိကအားဖြင့် တပ်မတော်အားကောင်းရေးကို လိုလားကြရတာပဲ။ တပ်မတော်အားကောင်းမှ အစိုးရအားကောင်းမယ်၊ တပ်မတော်အားကောင်းမှ တပါးနိုင်ငံရဲ့ ကျူးကျော်မှုကို ကာကွယ်တားဆီးနိုင်မယ် ဆိုပြီး တပ်မတော်အားကောင်းရေးကို အဓိကလုပ်ငန်းစဥ်အဖြစ်ထားပြီး အကောင်အထည်ဖော်ကြတယ်။ နိုင်ငံတော်အစိုးရရဲ့ အသုံးစရိတ်တွေထဲမှာ တပ်မတော်ရဲ့အသုံးစရိတ် တလျှောက်လုံး အမြင့်ဆုံးဖြစ်နေတာဟာ သက်သေပဲ။ တပ်မတော်ရဲ့ လုပ်ရပ်တွေဟာ ဘယ်လိုနေနေခွင့်လွှတ်လို့ရတယ်-နိုင်ငံတော်တည်မြဲဖို့အတွက် လိုအပ်လို့လုပ်ကြရတာပဲလို့ ဆိုကြတယ်။

ရှေးရိုးစွဲဝါဒီတွေဟာ ဥပဒေတည်ရှိမှုနှင့် လိုက်နာစောင့်ထိန်းမှုအားကောင်းရေးကို အဓိကထားကြတယ်။ ပြဋ္ဌာန်းချက်တွေဟာ ဘယ်လိုနေနေ ဥပဒေဟာလိုက်နာအပ်တယ်လို့ ဆိုကြတယ်။ စီရင်ချက်တွေဟာ တရားမျှတသလား-မမျှတဘူးလားဆိုတာ တွေက အဓိကမဟုတ်ဘဲ တရားစီရင်ရေးစနစ် တည်ရှိနေနိုင်တာကအဓိကဖြစ်တယ်လို့ ဆိုကြတယ်။ လူသားတွေက အတ္တသမား တွေဖြစ်တာကြောင့် ဥပဒေရဲ့ထိန်းကျောင်းမှုသာမရှိရင် လူ့အဖွဲ့အစည်းကြီးဟာ ဆိုးယုတ်မှုတွေပြည့်နေလိမ့်မယ်။ နေချင်စဖွယ် ကောင်းမှာမဟုတ်ဘဲ တပါးနိုင်ငံ/တပါးသူတွေရဲ့ကျူးကျော်မှုကို ခံရလို့ဖြစ်စေ၊ နိုင်ငံတော်ပြိုကွဲသွားလို့ဖြစ်စေ ပျက်စီးကုန်ကြ မယ်လို့ ဆိုကြတယ်။ ဥပဒေနဲ့သာထိန်းကွပ်မထားရင် လူ့အဖွဲ့အစည်းကြီးဟာ စနစ်တကျဖြစ်နိုင်မှာ မဟုတ်ဘူး၊ တယောက်နှင့် တယောက် သင့်သင့်မြတ်မြတ်ရှိနေနိုင်ကြမှာ မဟုတ်ဘူး၊ တည်ငြိမ်တဲ့နိုင်ငံရေးစနစ်ကို ရရှိနိုင်မှာမဟုတ်ဘူးလို့ ယူဆကြတယ်။ ရာထူးဂုဏ်စည်းစိမ်အဆင့်ဆင့်အလိုက် ကြောက်ရွံ့ရိုသေရေးစနစ်ကို ရှေးရိုးစွဲဝါဒီတွေက ထောက်ခံအားပေးကြတယ်။ လူ့အဖွဲ့ အစည်းမှာ လူသားတွေဟာ အရည်အချင်းနှင့်ကံကြမ္မာတွေ မတူညီနိုင်ဘူးလို့ ယုံကြည်ကြတယ်။ လူတွေဟာ မွေးရာပါ ပါရမီ ကိုယ်စီရှိကြပြီး ကံတရားဟာ တပါတည်းကပ်ပါလာတယ်လို့ ဆိုကြတယ်။ ဒါကြောင့် ကြိုးစားအားထုတ်မှု ဘယ်လောက်ရှိရှိ၊ အခြေအနေတွေကို ဘယ်လိုပဲကောင်းအောင် ဖန်တီးထားပါစေ လူတွေမှာပါလာတဲ့ ပါရမီနှင့်ကံတရားကို မကျော်လွှန်နိုင်ဘူး၊ ဒီကတဆင့် ရာထူးဂုဏ်စည်းစိမ်တွေရရှိသူတွေဟာ(မြင့်မြင့်မားမား ရရှိသူတွေ) မွေးရာပါ ပါရမီ နှင့် ကံအကျိုးပေးမှုတွေကြောင့် သာဖြစ်တယ်လို့ တွေးယူကြတယ်။ ရာထူးမရှိ-ဂုဏ်စည်းစိမ်မဲ့နေသူတွေဟာ ပါရမီမရှိ-ကံအကျိုးပေးနိမ့်နေသူတွေသာ ဖြစ်တယ်။ ဒါကြောင့် ဒီလို မွေးရာပါ ပါရမီရှိပြီး ကံအကျိုးပေးကောင်းသူတွေကို ကံနိမ့်နေသူတွေက ကြောက်ရွံ့ရိုသေအပ်တယ်-မပြစ်မှား အပ်ဘူး-မဆန့်ကျင်အပ်ဘူးလို့ ဆိုကြတယ်။ ရာထူးကြီးကြီး ရနေသူတွေ၊ စည်းစိမ်ကြီးကြီးမားမား ရရှိနေသူတွေဟာ စည်းစိမ် နိမ့်ပါးဆင်းရဲနေသူတွေအပေါ်မှာ နိုင်ငံရေးအရ အခွင့်ထူးခံရခြင်းဟာလည်း အပြစ်မဆိုအပ်ဘူးလို့ တွေးယူကြတယ်။ ဒီကတဆင့် ရာထူးစည်းစိမ် ကြီးစဥ်ငယ်အလိုက် အဆင့်ဆင့်ကြောက်ရွံ့ရိုသေရေးစနစ်(တနည်းအားဖြင့် ဗျူရိုကရေစီ)ဟာ ရှေးရိုးစွဲဝါဒီတွေ ကြားမှာ အားကောင်းနေတော့တယ်။ ဒီအချက်တွေကြောင့် ရှေးရိုးစွဲဝါဒီတွေဟာ သူတို့နိုင်ငံတော်အစိုးရ အားနည်းအောင် လုပ်တာတွေ၊ တပ်မတော်ကို ဆန့်ကျင်တာတွေ၊ ဥပဒေကို မထီမဲ့မြင်လုပ်တာတွေ၊ ရာထူးဂုဏ်စည်းစိမ်ကြီးမားမှုအလိုက် ကြောက်ရွံ့ရိုသေရေးစနစ်ကို ဆန့်ကျင်တာတွေကို ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချကြပြီး ဒီလုပ်ရပ်တွေကြောင့် ဗမာပြည်ဟာ ပြိုကွဲလိမ့်မယ်-ဗမာပြည်လူ့အဖွဲ့အစည်းဟာ ကမောက်ကမဖြစ်ကုန်လိမ့်မယ်လို့ ဆိုကြတယ်။ ရှေးရိုးစွဲဝါဒီတွေရဲ့ နိုင်ငံတော် အစိုးရအားကောင်းရေးစနစ် အယူအဆ၊ ဥပဒေနှင့်လိုက်နာစောင့်ထိန်းရေးအမြင်တွေ၊ ရာထူးဂုဏ်စည်းစိမ် အဆင့်ဆင့်အလိုက် ကြောက်ရွံ့ရိုသေရေးစနစ်တွေဟာ သူတို့ယူဆသလို၊ ယုံကြည်သလို ခိုင်မာမှုရှိရဲ့လား၊ မှန်ကန်ရဲ့လား၊ ဗမာပြည်လူ့အဖွဲ့အစည်း အတွက် အကျိုးဖြစ်ထွန်းရဲ့လား။ ခေတ်သစ်ဗမာနိုင်ငံကို နယ်ချဲ့အင်္ဂလိပ်တွေက ကိုလိုနီနယ်နိုင်ငံအဖြစ် စတင်ထူထောင်ခဲ့တာ ဖြစ်ပြီး သူတို့ အရင်းရှင်ကုန်ထုတ်လုပ်ရေးရည်ရွယ်ချက် အဓိကအတွက် ကျူးကျော်ထူထောင်ခဲ့ခြင်းဖြစ်တယ်။ ကျူးကျော် သိမ်းပိုက်ပြီးတော့ ဘင်္ဂလားနှင့်တွဲထားလိုက်၊ အိန္ဒိယနဲ့တွဲထားလိုက်၊ နယ်ခြားဒေသတွေနှင့် တချို့လူမျိုးစုဒေသတွေကို ခွဲခြား လိုက်လုပ်ပြီးတော့ အုပ်ချုပ်ရေးကို အကောင်အထည်ဖော်တယ်။ နိုင်ငံတော်ဥပဒေအားလုံးတွေကလည်း ဗမာပြည်သူတွေက သူတို့ကို ပြန်မဆန့်ကျင်ရဲအောင် ထိန်းချုပ်ကန့်သတ်ထားတာတွေပဲ။ သူတို့ကို ဆန့်ကျင်ပုန်ကန်မယ့် နိုင်ငံရေးသမားတွေ၊ တော်လှန်ရေးသမားတွေကို နှုတ်ပိတ်၊ လက်စဖျောက်ဖို့နှင့် သူတို့ကိုလိုနီအုပ်ချုပ်ရေးယန္တယားလည်ပတ်နိုင်အောင် စီမံထားတဲ့ ဥပဒေတွေပဲ။ လက်ရှိနိုင်ငံတော်လျှို့ဝှက်အက်ဥပဒေ၊ မြို့ရွာ ဒေသ့စာရင်းဥပဒေ၊ မြန်မာနိုင်ငံဆိုင်ရာ ရာဇသတ်ကြီးဥပဒေ၊ လက်နက်ဥပဒေ စတာတွေဟာလည်း ယခင်ကိုလိုနီခေတ်က လက်ကျန်ဥပဒေတွေ၊ တချို့ကိုပြင်ပြီးတော့ ပြန်သုံးထားတာတွေ ပဲ။ ကနေ့ခေတ်အထိ အစိုးရဘက်က လိုအပ်ရင်လိုအပ်သလို ကိုလိုနီခေတ်ကဥပဒေတွေနဲ့ ခေတ်နောက်ပြန်ဆွဲပြီးတော့ အရေးယူနေတာတွေရှိတယ်။ ပန်းပဲသမားတွေကို ဓားကိုင်လို့ လက်နက်ဥပဒေနဲ့အရေးယူတာတွေ၊ ဆိုက်ကားသမားတွေကို

မှောင်ရိပ်ခိုမှုနဲ့ဖမ်းတာတွေ စတဲ့ လုံးဝအဆီအငေါ်မတည့်တဲ့ ချုပ်ခြယ်မှုတွေအထိ ရှိနေတာပဲ။ ဗမာပြည်ကို အိန္ဒိယပြည်ကနေ ခွဲထုတ်ပြီးတော့ ကိုလိုနီနိုင်ငံအဖြစ် စတင်အုပ်ချုပ်တဲ့ ၁၉၃၅ခုနှစ်ကနေ ၁၉၄၈ခုနှစ်အထိ တနှစ်မှ ငြိမ်းချမ်းတဲ့/တည်ငြိမ်တဲ့ အုပ်ချုပ်ရေးကို မဖော်နိုင်ခဲ့ကြဘူး။ ဒီနှစ်ကာလ အပိုင်းအခြားတွေဟာ ဗမာပြည်သူထုရဲ့ တော်လှန်ရေးလှုပ်ရှားမှုအရှိန်တွေ ပြင်းထန်လာခဲ့တဲ့ကာလတွေပဲ။ သူတို့ ဗမာပြည်ကို သိမ်းပိုက်ခဲ့တဲ့ကာလကနေ သူတို့ လက်လွှတ်ရတဲ့ကာလအထိ သူတို့ ထူထောင်ခဲ့တဲ့နိုင်ငံတော်အစိုးရဟာ ဘယ်လိုမှ အားမကောင်းနိုင်ခဲ့ဘူး။ ၁၉၃၆ခုနှစ်ကနေ ၁၉၄၈ခုနှစ်အထိ ဗမာပြည်သူလူထုရဲ့ တော်လှန်ရေးဒီရေဟာ အမြင့်မားဆုံးအထိတက်သွားခဲ့ပြီး အင်္ဂလိပ်တွေတောင် သူတို့ရဲ့ကိုလိုနီနိုင်ငံအဖြစ်ကနေ လက်လွှတ်လိုက်ရတာပဲ။ သူတို့ ထူထောင်ခဲ့တဲ့ ကိုလိုနီနိုင်ငံ၊ ကိုလိုနီအစိုးရ၊ ကိုလိုနီဥပဒေ၊ ကိုလိုနီယဉ်ကျေးမှုတွေဟာ ဗမာပြည်သူထုရဲ့ ဆန့်ကျင်တွန်းလှန်မှုကိုသာ ရင်ဆိုင်ရပြီး တဖြည်းဖြည်း သမိုင်းပြတိုက်ထဲကို ရောက်သွားရပြီပဲ။ နယ်ချဲ့အရင်းရှင်အင်္ဂလိပ်တွေ အနေနဲ့တော့ သူတို့ရဲ့ကိုလိုနီအစိုးရဟာ အားကောင်းလိမ့်မယ်၊ တည်တံ့လိမ့်မယ်၊ သူတို့ ထုတ်ပြန်တဲ့ဥပဒေတွေကို ကိုလိုနီနယ်က ပြည်သူတွေက ကြောက်ရွံ့နာခံကြလိမ့်မယ်၊ သူတို့ရဲ့ရာထူးဂုဏ်စည်းစိမ်တွေအလိုက် ကြောက်ရွံ့ရိုသေမှုတွေကို ခံရကြရလိမ့်မယ်လို့ ယူဆကြမှာပဲ။ ထို့အတူပဲ အဲ့ဒီကာလက ရှေးရိုးစွဲဝါဒီတွေကလည်း ကိုလိုနီအစိုးရဟာ အရှည်သဖြင့်တည်တံ့လိမ့်မယ်လို့ယူဆပြီး ကိုလိုနီအစိုးရ အားကောင်းရေး၊ ကိုလိုနီဥပဒေ အားကောင်းရေး၊ ကိုလိုနီအရာရှိတွေကို ကြောက်ရွံ့ရိုသေရေး တွေကို ထောက်ခံအားပေးခဲ့ကြတာပဲ။ ဒါပေမယ့် မကြာပါဘူး၊ ဒိုင်အာခီ-၉၁ ဌာန အုပ်ချုပ်ရေး-CAS(B) စတာတွေလည်း ဖျက်သိမ်းခံလိုက်ရတယ်။ ဂျီစီဘီအေလည်း အစိတ်စိတ်အမွှာမွှာကွဲ၊ ရှေးရိုးစွဲနိုင်ငံရေးသမားတွေလည်း နိုင်ငံရေးဇာတ်ပျက်တွေ ဖြစ်ကုန်တယ်။ ဗမာပြည်သူထုရဲ့တံတွေးခွက်ထဲ ရောက်ကုန်ကြတာပဲ။ ဗမာပြည်ရဲ့ခေတ်အဆက်ဆက်မှာ ရှေးရိုးစွဲဝါဒီတွေ ရှိခဲ့တာပဲ။ တို့ဗမာအစည်းအရုံးခေတ်ကနေ ဖဆပလအဖွဲ့ချုပ်၊ မဆလခေတ်ကနေ ကနေ့ ဗမာ့စစ်အုပ်စုခေတ်အထိ ရှေးရိုးစွဲဝါဒီ တွေဟာ တသီးပုဂ္ဂလတွေအနေနဲ့ဖြစ်စေ၊ တပ်ပေါင်းစုအစိတ်အပိုင်းတွေအနေနဲ့ဖြစ်စေ ပါဝင်ခဲ့ကြတယ်။ ဒါပေမယ့် သူတို့ရဲ့ ရှေးရိုးစွဲဝါဒ ရပ်တည်ချက်၊ အမြင်တွေဟာ သူတို့ကို ဖောက်ပြန်ရေးသမားတွေအဖြစ် ပေါ်လွင်လာစေမြဲပဲ။ ဂျီစီဘီအေ ဦးဘဘော၊ ကိုလိုနီအစိုးရရဲ့ နန်းရင်းဝန် ဦးစော၊ နန်းရင်းဝန်ဆာပေါ်ထွန်း၊ ဆာဘဦးကနေ မျိုးချစ်ပါတီအုပ်စုဝင်တွေ၊ သခင်ထွန်းအုပ်၊ သခင်ဗစိန်၊ ဗမာ့စစ်အုပ်စုမျိုးဆက်အဆက်ဆက်တွေ၊ လူမျိုးစုရှေးရိုးစွဲဝါဒီတွေအားလုံးဟာ ရှင်းရှင်းပြောရရင် ရှေးရိုးစွဲဝါဒကို လက်ခံယုံကြည်ရာမှာ အတွေးအခေါ်တခုအဖြစ် သက်ဝင်ယုံကြည်တာမျိုးတောင် မဟုတ်ခဲ့ဘူး။ ကိုယ်ကျိုးအတ္တအတွက် ရှေးရိုးစွဲဝါဒီတွေအဖြစ် ပေါ်လွင်လာကြသူတွေပဲ။ ဒါကြောင့် ဒီလူတွေမှာ ရှေးရိုးစွဲဝါဒဘက်ကနေ နိုင်ငံရေးတိုက်ပွဲတောင် ဆင်နွှဲနိုင်ခြင်း မရှိဘဲ ဗမာပြည်သူလူထုရဲ့တော်လှန်ရေးအရှိန်အဝါအောက်မှာ အလွယ်တကူ နိုင်ငံရေးသေသွားကြရသူချည်း ဖြစ်ကုန်တယ်။ ရှေးရိုးစွဲဝါဒီတွေရဲ့ရပ်တည်ချက်၊ အမြင်တွေဟာ ကြောင်သူတော်ဆန်လှပါတယ်။ သူတို့မှာ အားကိုးစရာဆိုလို့ ဖိနှိပ်ရေး ယန္တယားတွေ၊ အလိမ်အညာတွေ၊ ဟန်ဆောင်မှုတွေပဲရှိတယ်။ ဒါကြောင့်လည်း ဗမာပြည်သူတွေရဲ့တော်လှန်ရေးဒီရေက ဖိနှိပ်ရေးယန္တယားတွေကို ဖြိုခွင်းဖျက်ဆီးလိုက်တဲ့အခါ ဒီရှေးရိုးစွဲဝါဒီတွေ အလွယ်တကူလေး လွင့်စင်ကုန်ကြတာပဲ။ ဗိုလ်နေဝင်း ဦးဆောင်ခဲ့တဲ့စစ်အုပ်စုဟာ ဗမာပြည်ကို ၁၉၅၈ခုနှစ်ကနေ ကနေ့အထိ လွှမ်းမိုးအုပ်စိုးခဲ့တာပဲ။ ဆယ်စုနှစ်(၇)ခုလောက်အထိ စိုးမိုးလာခဲ့တာမှာ ဆယ်စုနှစ်တခုစာမပြောနဲ့ တနှစ်တလေတောင် ဗမာပြည်ကို တည်ငြိမ်အောင်၊ ဗမာပြည်အစိုးရကို အားကောင်းအောင်၊ သူတို့ထုတ်ပြန်တဲ့ဥပဒေတွေကို အများပြည်သူက ယုံကြည်သက်ဝင်အောင်၊ လိုက်နာစောင့်ထိန်းအောင်၊ သူတို့ယူတဲ့ ရာထူးဂုဏ်စည်းစိမ်တွေကို ကြောက်ရွံ့ရိုသေနေအောင် မလုပ်နိုင်ခဲ့ကြပါ။ အဲ့ဒါနဲ့ဆန့်ကျင်စွာပဲ ဗမာပြည်သူလူထုဟာ အစိုးရဆန့်ကျင်ရေးတိုက်ပွဲတွေ၊ ဥပဒေနှင့်အာဏာဖီဆန်ရေးတိုက်ပွဲတွေ၊ သူတို့စစ်အုပ်စုကို ဖျက်သိမ်းမယ့်တိုက်ပွဲတွေသာ တနှစ်မှမခြားဘဲ အစဉ်အဆက် ဆင်နွှဲလာခဲ့တယ်။ ရှေးရိုးစွဲဝါဒီတွေက နိုင်ငံတော်အစိုးရဟာ လူ့အဖွဲ့အစည်းဝင်တွေကို တည်ငြိမ်အောင်ထိန်းကျောင်းနိုင်မယ်၊ လူ့အတ္တတွေကိုတားဆီးနိုင်လို့ လူ့အဖွဲ့အစည်းဟာငြိမ်းချမ်းမယ်လို့ဆိုကြပေမယ့် ဗမာပြည်ရှေးရိုး

စွဲဝါဒီတွေကတော့ဖြင့် လူ့အဖွဲ့အစည်းကို တည်ငြိမ်အောင် မထိန်းကျောင်းနိုင်ကြရုံမက သူတို့ကိုယ်တိုင်က ဗမာပြည်လူ့အဖွဲ့အစည်းရဲ့တကိုယ်ရေအတ္တအကြီးဆုံးလူတွေအဖြစ်သာ ပေါ်လွင်လာတော့တယ်။ နှစ်စဉ်နှစ်တိုင်း တပ်မတော်ကို အသုံးစရိတ်အကြီးမားဆုံးနဲ့ ပုံအောတည်ဆောက်ပေမယ့် သူပုန်မပြောနဲ့ သူတို့ရှေးရိုးစွဲတွေယုံကြည်ယူဆသလို အစိုးရအားကောင်းနေရင်/ တပ်မတော်အားကောင်းနေရင် လူ့အဖွဲ့အစည်းအတွင်း ခိုးဆိုးလုယက်တွေကင်းမယ်ဆိုတဲ့အချက်ကိုတောင် မှန်အောင် မလုပ်နိုင်ကြပါ။ သူတို့အုပ်စိုးလာတဲ့ ဆယ်စုနှစ်တွေမှာပဲ ဗမာပြည်ဟာ ခိုးဆိုးလုယက်အပေါဆုံး၊ အကျင့်စာရိတ္တပိုင်းမှာ အယိုယွင်းဆုံးဖြစ်လာခဲ့တာပဲ မဟုတ်ဘူးလား။ ဗမာပြည်ဟာ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံတွေထဲ ရောက်သွားခဲ့ရပြီး စီးပွားရေးအရ၊ နိုင်ငံရေးအရ၊ လူမှုရေးအရ ဘယ်လိုမှပြန်ပြီးနလန်မထနိုင်အောင် ပြားပြားဝပ်သွားခဲ့ရတာဟာ ဒီရှေးရိုးစွဲဝါဒီတွေရဲ့လက်ထက်မှာပဲ မဟုတ်ပါလား။ ပြည်ပရန် ကင်းဝေးရေး၊ ပြည်ပလွှမ်းမိုးမှုကင်းဝေးရေးကို ရှေးရိုးစွဲဝါဒီတွေ တဖွဖွပြောကြပေမယ့် လက်ရှိအခြေအနေမှာ ဗမာပြည်ဟာ တရုတ်နိုင်ငံ-ယူနန်ပြည်နယ်ရဲ့ လက်အောက်ခံသဖွယ် သဘောထားဆက်ဆံခံနေရတာဟာ သူတို့လက်ထက်မှာပဲ မဟုတ်ဘူးလား။ ဗမာပြည်နိုင်ငံရေးလောကမှာ ရှေးရိုးစွဲဝါဒီတွေဟာ သူတို့ကိုယ်သူတို့ ရှေးရိုးစွဲဝါဒီတွေအဖြစ် ပွင့်ပွင့်လင်းလင်း ရပ်တည်လှုပ်ရှားတာမျိုး အားနည်းပါတယ်။ ဒါကြောင့် ကြောင်သူတော်ဆန်လှတယ်လို့ အထက်မှာပြောခဲ့တာပဲ။ ရှေးရိုးစွဲဝါဒအထိုင်ကနေ လူ့အဖွဲ့အစည်းကိုအဓိပ္ပါယ်ဖွင့်ဆိုတာ၊ လူ့အဖွဲ့အစည်းကို ပြုပြင်တည်ဆောက်သွားတာမျိုး အစဉ်တစိုက်အားနည်းပြီးတော့ သူတို့ရဲ့အပေါ်ယံဟန်ဆောင်မှုတွေသာ အစဉ်တစိုက်အားကောင်းခဲ့တယ်။ အမျိုးသားရေးသမား၊ ဆိုရှယ်လစ်၊ ကွန်မြူနစ်၊ လစ်ဘရယ်စသဖြင့် အပေါ်ယံအားဖြင့် သူတို့အသွင်ယူထားတဲ့အခွံတွေကိုသာ လူ့အဖွဲ့အစည်းကိုပြထားပြီး အတွင်းပိုင်းမှာ ရှေးရိုးစွဲဝါဒီတွေဖြစ်နေကြတာများတယ်။ ဒါကြောင့် ကျနော်တို့ဟာ ရှေးရိုးစွဲဝါဒီတွေကိုခွဲခြားရာမှာ သူတို့ဖော်ထား/ တပ်ထားတဲ့ နာမည်တွေကိုပဲ ကြည့်ရှုပ်သုံးသပ်ရမှာမဟုတ်ဘဲ သူတို့ရဲ့ရပ်တည်ချက်တွေ၊ အမြင်တွေ၊ လုပ်ဟန်တွေအထိ ခွဲခြမ်းသုံးသပ်ရလိမ့်မယ်။ ရှေးရိုးစွဲဝါဒီတွေဟာ သူတို့အပေါ်ယံအခွံတွေကို ဟိုပြောင်းဒီပြောင်းလုပ်တတ်ကြ/လုပ်နိုင်ကြပေမယ့် သူတို့အတွင်းပိုင်းကိုတော့ မပြောင်းလဲနိုင်ကြဘူး။ ဒါကြောင့် ကြောင်ကြာကြာရေငုပ်မရဘဲ သူတိုရပ်တည်ချက်၊ အမြင်၊ လုပ်ဟန်တွေကတဆင့် ရှေးရိုးစွဲတွေအဖြစ် ရှင်းလင်းလာတော့တယ်။ သူတို့ကိုယ်ကျိုးစီးပွားနှင့်ယှဉ်လာတဲ့အခါ ဟန်ဆောင်တာတောင် မလုပ်နိုင်ကြတော့ဘဲ သူတို့အတွင်းသဏ္ဍာန်အစစ်အမှန်ကို ပြသလာလေ့ရှိကြတယ်။ ဒါကြောင့် ကျနော်တို့ ဗမာပြည်သမိုင်းမှာ အမည်နာမအားဖြင့် အမျိုးသားရေးသမား၊ ဆိုရှယ်လစ်၊ ကွန်မြူနစ်ဆိုပြီး အုံလိုက်ကျင်းလိုက်ရှိခဲ့ပေမယ့် ရှေးရိုးစွဲဝါဒီအဖြစ် ပေါ်လွင်ထင်ရှားလာကြရတာပဲ။ ဆင်းရဲသားအစည်းအရုံးရဲ့ ခေါင်းဆောင်-ဂျပန်ခေတ် ဗမာပြည်ဝန်ကြီးချုပ် ဒေါက်တာဘမော်၊ ဆိုရှယ်လစ်ပါတီရဲ့ထိပ်တန်းခေါင်းဆောင်တဦးဖြစ်ခဲ့သူ ဦးကျော်ငြိမ်း၊ ပါလီမန်ဒီမိုကရေစီကို ဝန်ကြီးချုပ်အဖြစ် ဦးဆောင်ခဲ့ပြီး-ကျနော်ဘုံသမားလို့ သူ့ကိုယ်သူကြွေးကြော်ခဲ့သူ ဦးနု၊ မဆလကနေ စစ်အုပ်စုအထိဦးဆောင်ပျိုးထောင်ခဲ့သူ ဗိုလ်နေဝင်းစတဲ့ သူတွေအားလုံးဟာ ရှေးရိုးစွဲဝါဒီတွေချည်းပဲ။ ကနေ့ခေတ်ရှေးရိုးစွဲဝါဒီတွေဟာ ပဒေသရာဇ်ခေတ်က ရှေးရိုးစွဲတွေလို မဟုတ်တော့ဘူးလို့ အထက်မှာဆိုခဲ့တယ်။ အဓိကအပြောင်းအလဲဟာ ကနေ့ခေတ် ရှေးရိုးစွဲဝါဒီတွေရဲ့ ကိုယ်ကျိုးစီး ပွားဖက်တွယ်ပုံ ဖက်တွယ်နည်းပဲ။ ကုန်စည်ထုတ်လုပ်ရေးစနစ်ဟာ ပဒေသရာဇ်ခေတ်ကလို မဟုတ်တော့သလို အရင်းစုဆောင်းပုံ၊ အရင်းပိုင်ဆိုင်ပုံတွေကလည်း ကနေ့ခေတ်မှာ အများကြီးပြောင်းလဲလာခဲ့ပြီးပြီ။ ဒီနေရာမှာ ပဒေသရာဇ်ခေတ်ကနေ ကနေ့အထိ မပြောင်းလဲတာဆိုလို့ ရှေးရိုးစွဲဝါဒီတွေရဲ့ရပ်တည်ချက်၊ အမြင်၊ လုပ်ဟန်တွေပဲ။ လက်ဝါးကြီးအုပ်စီးပွားရေးစနစ်ဟာ ရှေးရိုးစွဲဝါဒီတွေရဲ့စီးပွားရေးရပ်တည်ချက်ဖြစ်တယ်။ စည်းစိမ်ဥစ္စာတွေဟာ သဘာဝအရပင်မညီမျှနိုင်ဆိုတာက ရှေးရိုးစွဲဝါဒီတွေရဲ့စီးပွားရေးဆိုင်ရာ အမြင်ဖြစ်တယ်။ ဒီရပ်တည်ချက်၊ အမြင်တွေကနေ တကိုယ်ရေအတ္တစွဲလုပ်ဟန်တွေဟာ သူတို့ရဲ့စီးပွားရေးဆိုင်ရာ လုပ်ဟန်တွေပဲ။ ပဒေသရာဇ်ခေတ်မှာ ရှေးရိုးစွဲဝါဒီတွေဟာ တိုင်းပြည်ရဲ့လယ်ယာမြေအားလုံးကို လက်ဝါးကြီးအုပ်ပိုင်ဆိုင်ခဲ့ကြပြီး အများစုဟာ ရှင်ဘုရင်ကစပြီး မင်းမျိုးမင်းနွယ်၊ နယ်စားပယ်စားမြေရှင်ကြီးတွေ၊ ပဒေသရာဇ်စနစ်ကို တက်တက်ကြွကြွ ထောက်ခံကြသူတွေ

ပဲ။ မပြောင်းမလဲဘဲ ကနေ့ခေတ်မှာလည်း ရှေးရိုးစွဲဝါဒီတွေဟာ ဗမာပြည်ရဲ့လယ်ယာမြေသဘာဝသယံဇာတနှင့် စက်မှု၊ လက်မှု လုပ်ငန်းအများစုကို လက်ဝါးကြီးအုပ်ပိုင်ဆိုင်ထားကြပြီး အုပ်စိုးသူစစ်အုပ်စုကစပြီးတော့ သူတို့ရဲ့ဝေစားမျှစား အရင်းရှင်တွေ၊ လက်ဝါးကြီးအုပ်စီးပွားရေးစနစ်ကို တက်တက်ကြွကြွ ထောက်ခံကြသူတွေ ဖြစ်နေတာပဲ။ လက်ရှိအုပ်စိုးသူလူတန်းစားရဲ့ လက်ဝါးကြီးအုပ်စီးပွားရေးစနစ်ဟာ ၁၉၄၈ ဗမာပြည်နိုင်ငံရေးအခင်းအကျင်းအပြီးမှာ အားယူလာတဲ့စနစ်ဖြစ်တယ်။ ၁၉၄၈ ဗမာပြည်နိုင်ငံရေးအခင်းအကျင်းမှာ ဗမာပြည်အုပ်စိုးသူလူတန်းစားအတွင်း အလွှာအပြောင်းအလဲတွေ ဖြစ်လာတယ်။ ၁၉၄၈ အပြီး အာဏာရနိုင်ငံရေးအဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေမှာ ဦးကျော်ငြိမ်း၊ ဦးနုတို့အုပ်စုဟာ ဗိုလ်နေဝင်းတို့ စစ်အုပ်စုအတွက် အကျိုးစီးပွားပြင်ဆင်ပေးသူတွေသာ ဖြစ်လာတယ်။ အဖွဲ့အစည်းတွေ၊ တသီးပုဂ္ဂလတွေလို့ ခွဲပြီးမြင်ကြလိမ့်မယ်။ ဒါပေမယ့် လူတန်းစားအရ အတူတူပဲ။ အုပ်စိုးသူအရင်းရှင် လူတန်းစားအကျိုးစီးပွား ကာကွယ်ရေး၊ ရှေးရိုးစွဲဝါဒကာကွယ်ရေးတွေမှာ သူတို့တတွေ တက်ညီလက်ညီ လက်တွဲအလုပ်လုပ်ကြတာ၊ ရပ်တည်ချက်တွေ-အမြင်တွေ တူနေကြတာဟာ အထင်ရှားဆုံးသက်သေတွေပဲ။ တိုင်းပြည်စီးပွားရေးပြုပြင်ပြောင်းလဲရေးအမည်ခံနဲ့ စတင်လိုက်တဲ့ BEDC၊ ARDC၊ IDC၊ MRDC တွေဟာ ရှေးရိုးစွဲဝါဒီတွေအတွက် ဗမာပြည်စီးပွားရေးတခုလုံးကို လက်ဝါးကြီး အုပ်နိုင်ဖို့ mechanism of concentration တွေအဖြစ်သာ ပေါ်လွင်လာတာပဲ။ သူတို့စုစည်းတဲ့နည်းလမ်းတွေအပြီးမှာ အရင်းပိုင်ဆိုင်မှုတွေဟာ အုပ်စိုးသူလူတန်းစားအနည်းစုရဲ့ လက်ဝါးကြီးအုပ်ပိုင်ဆိုင်မှုတွေအဖြစ် ပေါ်လွင်လာတယ်။ ပုဂ္ဂလိကပိုင်ဆိုင်မှု(ကိုယ်ကျိုးစီးပွား)ကို အခြေခံတဲ့ အုပ်စုလိုက်ပိုင်ဆိုင်မှု၊ ပုဂ္ဂလိကကိုယ်ကျိုးစီးပွားကို အခြေခံတဲ့ အရင်းရှင်လူတန်းစားရဲ့လူတန်းစားအလိုက် ပိုင်ဆိုင်မှုတွေသာ ဖြစ်လာတယ်။ ဒီပိုင်ဆိုင်မှုတွေအပြီးမှာ အုပ်စိုးသူစစ်အုပ်စုဟာ သူတို့ရဲ့လက်ဝါးကြီးအုပ်စီးပွားရေးစနစ်ကို ကာကွယ်သွားရေး၊ ထိန်းသိမ်းသွားရေးကို ကနေ့အထိ တောက်လျှောက် လုပ်လာတယ်။ သူတို့ရဲ့လူတန်းစားရပ်တည်ချက်ကိုလည်း ဒီအမြင်အပေါ်မှာပဲ အခြေခံထားတယ်။ ရှေးရိုးစွဲဝါဒီတွေ အတွက် နိုင်ငံတော်ဟာ ပြည်သူ့ကုန်လုပ်ကိရိယာတွေ လက်ဝါးကြီးအုပ်မိဖို့ အကောင်းဆုံးသော mechanism of concentration ဖြစ်လာတယ်။ ရှေးရိုးစွဲဝါဒီတွေအတွက် နိုင်ငံ့စစ်တပ်ဟာ အကောင်းဆုံးသော ကိုယ်ကျိုးစီးပွားကာကွယ်ရေးလက်နက်ကိရိယာ ဖြစ်လာတယ်။ ရှေးရိုးစွဲဝါဒီတွေဟာ သူတို့ကိုယ်ကျိုးစီးပွားကို ဖိနှိပ်ရေးယန္တယားနှင့် လက်ဝါးကြီးအုပ်စိုးမိုးမှုအပေါ်မှာ အဓိက အခြေတည်ထားကြပါတယ်။ ဒါကြောင့် နိုင်ငံတော် အစိုးရအားကောင်းရေး၊ နိုင်ငံ့တပ်မတော် အားကောင်းရေးတွေမှာ ရှေးရိုးစွဲဝါဒီတွေ တက်ကြွကြတာ။ ရှေးရိုးစွဲဝါဒီတွေက စည်းစိမ်ဥစ္စာဂုဏ်တွေမညီမျှဖြစ်နေတာကိုက သဘာဝအရဖြစ်တယ်လို့ ဆိုကြတယ်။ ဒီကတဆင့် လူ့အဖွဲ့အစည်းဝင်တွေ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ စည်းစိမ်ဥစ္စာဂုဏ်တွေ တန်းတူညီမျှရေးကို ကြိုပမ်းတာမှန်သမျှဟာ သဘာဝမကျဘူးလို့ ဆိုကြတယ်။ လူတဦးတယောက်ချင်းစီဟာ ကံအကျိုးပေးပုံခြင်းမတူဘူး၊ ဒါကြောင့် လူတယောက်ချင်းစီရဲ့ ရွှေငွေဂုဏ်စည်းစိမ်ပိုင်ဆိုင်မှုတွေဟာ မတူညီနိုင်ဘူး။ ဆင်းရဲတဲ့သူတွေလည်းရှိမှာပဲ၊ ချမ်းသာတဲ့သူတွေလည်း ရှိမှာပဲ၊ ဒါက မဆန်းဘူး လို့ဆိုကြတယ်။ ဒီကတဆင့် ချမ်းသာတဲ့သူတွေရှိတာ၊ ဆင်းရဲနေတဲ့သူတွေ ရှိတာတွေ၊ ချမ်းသာတဲ့သူတွေနှင့် ဆင်းရဲတဲ့သူတွေကြားမှာ ကွာခြားနေတာတွေဟာ ပြဿနာမဟုတ်ဘူးလို့ ဆိုကြတယ်။ တကယ့်ပြဿနာက ဒီဆင်းရဲမှုတွေ၊ ဆင်းရဲချမ်းသာကွာဟမှုတွေကို ပပျောက်အောင်-အားလုံးတန်းတူညီမျှအောင် လုပ်နေတာတွေပဲလို့ ဆိုချင်ကြပုံရပါတယ်။ ဆင်းရဲချမ်းသာကွာဟမှုတွေ ပပျောက်အောင်၊ အားလုံးတန်းတူညီမျှအောင်ဆိုပြီး ကြိုးစားကြတာမှန်သမျှဟာ စိတ်ကူးယဉ်ဆန်မှုသာဖြစ်တယ်၊ တကယ်လက်တွေ့ဖြစ်နိုင်တာတွေမဟုတ်ဘူးလို့ ဆိုကြတယ်။ လူ့အဖွဲ့အစည်းမှာ ချမ်းသာတဲ့သူတွေရယ်၊ မချမ်းသာမဆင်းရဲဘဲရှိနေသူတွေရယ်၊ ဆင်းရဲတဲ့သူတွေရယ် အစီအစဉ်တကျ အထက်အောက်ရှိနေတာကို ဖျက်လိုဖျက်ဆီးလုပ်လိုကြသူတွေ၊ လူ့အဖွဲ့အစည်းပျက်စီးရာပျက်စီးကြောင်းလုပ်နေကြသူတွေလို့ ဆိုကြတယ်။ ဆင်းရဲချမ်းသာကွာခြားပြီး အဆင့်လိုက်ရှိနေတာကို social order ဆိုပြီး သဘာဝကျသယောင်၊ ရှိသင့်ရှိထိုက်တဲ့ အစီစဉ်ကျမှုလိုလို ဆိုကြတယ်။ ဒီကတဆင့် လက်ဝါးကြီးအုပ်သမားတွေ စည်းစိမ်ချမ်းသာ မြင့်မြင့်မားမားပိုင်ဆိုင်ကြတာဟာ သဘာဝကျတယ်၊

ကိုယ်ကျင့်သိက္ခာအရဖြစ်စေ-ဘာသာရေးအရဖြစ်စေ-နိုင်ငံရေးအရဖြစ်စေ မှားယွင်းမှုမရှိဘူးလို့ ဆိုချင်ကြပုံပါပဲ။ အဲ့ဒီလိုပဲ အများစုကြီးသော ပြည်သူတွေ မွဲပြာဆိုက်နေကြတာ ပုံမှန်ပါပဲလို့ မြင်ကြပုံပဲ။ ဒါပေမယ့် စစ်အုပ်စုတွေငြင်းမရတာက သူတို့ရဲ့ စည်းစိမ်ချမ်းသာတွေအားလုံးဟာ ပြည်သူတွေရဲ့ပိုင်ဆိုင်မှုကို ပြည်သူပိုင်သိမ်းတယ်ဆိုပြီးတော့ ဖြောင်ခားပြတိုက်ရာက ရနေတာပဲ။ တဘက်မှာ ပြည်သူပိုင်သိမ်းတယ်၊ ကျန်တဘက်မှာ ဒီပြည်သူပိုင်သိမ်းတာတွေနဲ့ ပြည်တွင်းနှင့်နိုင်ငံခြားမှာ အရင်းအနှီး ပြုတယ်၊ အဲ့ဒီကရလာတာတွေကို စစ်ဗိုလ်ချုပ်တွေ၊ ဝေစားမျှစားအရင်းရှင်တွေရဲ့ပုဂ္ဂလိကပိုင်ဆိုင်မှုတွေအဖြစ်-ပုဂ္ဂလိက အခြေပြု အုပ်စုပိုင်တွေအဖြစ် ပြောင်းလဲပစ်တယ်။ ဗိုလ်နေဝင်းလက်ထက်ကနေ နောက်အဆက်ဆက်သော စစ်အုပ်စုဝင်တွေ ဒီအတိုင်းလုပ်လာကြတာပဲ။ ဗမာပြည်ရဲ့အချမ်းသာဆုံးစာရင်းဝင်တွေ ဒီလူစုတွေချည်းပဲ။ ဒီလိုရလာတဲ့ စည်းစိမ်ချမ်းသာတွေကို သဘာဝကျတယ်လို့ဆိုတာလောက် ဖြောင်လိမ်တာမျိုး မရှိနိုင်တော့ဘူး။ သူတို့ရဲ့ပြည်သူပိုင်သိမ်းရေးလမ်းစဉ်တွေကြောင့် အများစုသောပြည်သူတွေ သူတို့လုပ်အားကလွဲလို့ အရင်းအငှတ်မရှိတော့အောင်မွဲကုန်ကြတာ အသိသာကြီးပဲ။ ဒါကို အများစု သောပြည်သူတွေ ဆင်းရဲမွဲတေနေကြတာဟာ ပုံမှန်လို့ဆိုတာလောက် ဖြောင်စော်ကားတာမျိုး မရှိနိုင်တော့ဘူး။ နိုင်ငံတော် အာဏာနဲ့ခားပြတိုက်ပြီး စည်းစိမ်ဥစ္စာတွေ ချမ်းသာနေကြတာဟာ သူတို့ရဲ့မွေးရာပါကံအကျိုးပေးလို့ ဆိုတာလောက် ရယ်စရာ ကောင်းတာမျိုး တခြားမရှိနိုင်တော့ဘူး။ ပြည်သူတွေဟာ တိုးတက်လိုကြတယ်၊ ကြီးပွားချမ်းသာလိုကြတယ်၊ အေးအေး ဆေးဆေးနဲ့ ရှင်သန်လိုကြတယ်။ ဒီလိုအခွင့်အရေးတွေကို သူတို့ရရှိရင် တက်တက်ကြွကြွနဲ့ပြည့်ပြည့်ဝဝ အလုပ်လုပ်ကြဖို့ အသင့်ပဲ။ အခုလို ဖိနှိပ်ခံရတဲ့အခြေအနေမှာလည်း အဖိနှိပ်ခံရတဲ့ အလျောက်အလုပ်ကို လုပ်နိုင်သမျှထက်ပိုပြီးလုပ်ကြရတယ်။ ဒီလောက်အလုပ်လုပ်ကြတဲ့ အများစုသောပြည်သူတွေဟာ အလုပ်မလုပ်ကြတဲ့ အရင်းရှင်တွေ၊ စစ်ဗိုလ်ချုပ်တွေရဲ့ အစွန်အဖျား ပိုင်ဆိုင်မှုလောက် မကြီးပွား၊ မချမ်းသာနိုင်ကြတာဟာ ကံအကျိုးပေးမှု-မပေးမှုဆိုတာလောက်နဲ့ ရှင်းပြလို့မရနိုင်တော့ဘူး။ မွေးရာပါ အရည်အချင်းဆိုတာလောက်နဲ့ ရှင်းပြလို့မရနိုင်တော့ဘူး။ ဒီတွေးခေါ်စဥ်းစားပုံ မှန်-မမှန်စစ်ဆေးဖို့ လွယ်ကူပါတယ်။ နိုင်ငံတော်ရဲ့ကုန်လုပ်ကိရိယာတွေအကုန် အလုပ်သမားတွေ၊ လယ်သမားတွေကို ပေးသုံးကြည့်ပါလား။ အခု အဖိနှိပ်ခံနေရတဲ့ အများစုကြီးသော ပြည်သူလူထုကို နိုင်ငံတော်ရဲ့ကုန်လုပ်ကိရိယာတွေအကုန် ပေးသုံးကြည့်ပါလား။ ပြည်သူတွေဆက်ပြီး မွဲတေနေဦးမလား။ ပြည်သူတွေမွဲတေနေတာကို ကံအကျိုးပေးမှုနဲ့တိုင်းတာတာလောက် ခေတ်နောက်ပြန်ဆွဲတာမျိုး မရှိနိုင် တော့ဘူး။ ရှေးရိုးစွဲဝါဒီတွေကသာ နိုင်ငံတော်ကာကွယ်ရေး-နိုင်ငံတော် အားကောင်းရေး-အမှီအခိုကင်းရေး-တပါးနိုင်ငံရဲ့ အသုံးချခံအဖြစ်က ကင်းဝေးရေး ကို ပါးစပ်က တဖွဖွပြောနေကြတယ်။ လက်တွေ့မှာက တရုတ်ကတဖက်၊ အမေရိကန်က တဖက်၊ ရုရှားကတဖက်၊ အိန္ဒိယကတဖက် ဗမာပြည်ရဲ့ပြည်တွင်းပြည်ပနိုင်ငံရေးတွေမှာ လွှမ်းမိုးတာ-စွက်ဖက်တာ၊ ဒါတင်မက မြေပြင်မှာပါ ကျူးကျော်နေတာတွေမှ အများကြီးပဲ။ ဒါတွေ ဘာတခုကိုမှမတန်ပြန်နိုင်ဘူး။ သူတို့လက်ထက်မှာသာ နိုင်ငံတော်လည်း အားနည်းနေတယ်-တည်ငြိမ်မှုလည်း မရှိနိုင်ဘူး-နိုင်ငံတော်ဖွံ့ဖြိုးရေးလည်း မလုပ်နိုင်ဘူး။ နိုင်ငံတော် ကာကွယ်ရေးနဲ့ပတ်သက်လို့ဖြစ်စေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ပတ်သက်လို့ဖြစ်စေ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်လို့ဖြစ်စေ ဘယ်သူတွေက အကောင်းဆုံးစွမ်းဆောင်နိုင်မလဲသိရအောင် အဖိနှိပ်ခံအများစုပြည်သူတွေဖြစ်တဲ့ အလုပ်သမားတွေနှင့်လယ်သမားတွေကို နိုင်ငံတော်အုပ်ချုပ်ရေး၊ နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော် မြေယာနှင့် သဘာဝ သယံဇာတ အရင်းအမြစ်စီမံခန့်ခွဲမှုတွေ၊ နိုင်ငံတော်တရားစီရင်ရေးစနစ်တွေ အကုန်အပ်ကြည့်ပါလား။ ဒါမျိုးကျတော့ ရှေးရိုးစွဲ ဝါဒီတွေ နှစ်ခွန်းမမေးရလောက်ဘူး။ နိုင်ငံတော်ရဲ့ဒီလိုအဓိကယန္တယားတွေ လက်လွှတ်ရမှာကြောက်ကြတာလောက် တခြားမရှိနိုင်တော့ဘူး။ ဒီလိုကြောက်ရွံ့လို့သာ အများစုသော အဖိနှိပ်ခံပြည်သူလူထုကြီးကို နိုင်ငံတော်အုပ်ချုပ်ရေးတွေ၊ နိုင်ငံတော်တရားစီရင်ရေးတွေ၊ နိုင်ငံတော်ကာကွယ်ရေးတွေနား မကပ်နိုင်အောင် ဟိုးအဝီစိထဲလှောင်ထားတာမဟုတ်ဘူးလား။ အုပ်ချုပ်ရေးဆို ရွာကဆယ်အိမ်မှူးလောက်ကို ကြောက်ရွံ့နေကြအောင်၊ တရားစီရင်ရေးဆို ရဲစခန်းတို့-တရားရုံးတို့လောက်ကို

ဒူးတုန်ကြောက်နေအောင် ခြောက်လှန့်ဖိနှိပ်ထားတာ မဟုတ်ဘူးလား။ ရှေးရိုးစွဲဝါဒီတွေ နိုင်ငံတော်အစိုးရအားကောင်းရေး-တရားဥပဒေစနစ်အားကောင်းရေး လိုလားကြတာဟာ သူတို့ ကိုယ်ကျိုးစီးပွားအခြေခံတခုတည်းကြောင့်ဆိုတာ သိသာလွန်းလှပါတယ်။ နိုင်ငံတော်တခုလုံးဖွံ့ဖြိုးဖို့ နိုင်ငံတော်တရပ်လုံး တောင့်တင်းခိုင်မာစွာ ကမ္ဘာ့နိုင်ငံများအလယ်မှာ ရပ်တည်နိုင်ဖို့ ဆိုတာတွေတခုမှ သူတို့လိုလားတဲ့အထဲပါတာ မဟုတ်ဘူး။ အဲ့ဒီလိုဟာတွေကို သူတို့အပြောလောက်မှာသာ ပြောကောင်းအောင် ပြောကြတာရှိတယ်။ တကယ့် သူတို့ဦးစားပေးက သူတို့ကိုယ်ကျိုးစီးပွားတခုတည်းပဲ။ ရှေးရိုးစွဲတွေရဲ့ စီးပွားရေးရပ်တည်ချက်၊ စီးပွားရေးဆိုင်ရာ အမြင်တွေကနေ သူတို့လုပ်ဟန်တွေဟာ ဒီလိုထွက်လာတာပဲ။ သူတို့ကိုယ်ကျိုးတခုတည်းကို ကြည့်တာ ကိုယ်၌က သူတို့ရဲ့လုပ်ဟန်ပဲ။ ဒီလုပ်ဟန်ကို ပြောင်ကျကျအသုံးပြုနိုင်ကြတယ်။ ဒီလုပ်ဟန်တွေနဲ့သာ လူ့အဖွဲ့အစည်းကို လွှမ်းမိုးနိုင်ဖို့ ကြိုးစားကြတယ်။ လူသားဖြစ်ရတဲ့ တကယ့်အနှစ်သာရဟာ သူတို့ကြောင့် ပျက်စီးလျှက်- ဆုတ်ယုတ် ဖောက်ပြန်လျှက်ရှိတယ်။ သူတို့တွေရဲ့ဒီလိုလုပ်ဟန်တွေကြောင့် ဖြစ်တည်မှုပဓာနဝါဒဟာ ခေတ်စားလာသလို ဒီအဆင့်အထိသာ မြင်နိုင်ကြတာမျိုး ဖြစ်ကုန်တော့တယ်။ ဖြစ်တည်မှုပဓာနဝါဒကို အများစုက ကျော်ကြည့်နိုင်ဖို့ မလွယ်တော့ဘူး။ ဒီလုပ်ဟန်တွေက ကာလကြာရှည်လွှမ်းမိုးလာတဲ့အခါမှာ ဒီလိုလုပ်ဟန်တွေက ပုံမှန်လိုလို၊ မှန်ကန်နေတာလိုလို ဖြစ်ကုန်တော့တာပဲ။ ဒါကို ရှေးရိုးစွဲဝါဒီတွေက လူသားတွေပဲ-အပြစ်တော့ဘယ်ကင်းမလဲ ဆိုတာမျိုး ပြောကြတယ်။ လူသားတွေဟာ တနည်းနည်းနဲ့-တနေရာရာမှာ အပြစ်ရှိနေတယ်- လိုအပ်ချက်ရှိနေတယ်-ဒါကြောင့် လူသားတွေ ကိုယ်ကျိုးကြည့်တာ/အတ္တစိတ်ထားကြတာဟာ ပုံမှန်ပဲ။ ထူးခြားပြီး အပြစ်မြင်နေစရာ မဟုတ်ဘူး။ အဲ့ဒီအထဲမှာမှ လူ့အဖွဲ့အစည်းရဲ့အထက်စီးမှာနေရာယူထားကြတဲ့ လက်ဝါးကြီးအုပ်ပုဂ္ဂိုလ်တွေ အတ္တကြီး-ကိုယ်ကျိုးကြည့်ကြတာဟာ သဘာဝကျ-ပုံမှန်ဖြစ်တယ်၊ ဆန့်ကျင်စရာမရှိဘူးဆိုတာဆီ ရောက်သွားတာပဲ။ လူသားတွေဟာ စူးစမ်းလိုစိတ်ရှိတယ်၊ ရှင်သန်လိုစိတ်ရှိကြတယ် ဒါဟာ အတ္တကြီး ကိုယ်ကျိုးကြည့်တာနဲ့ ဘာမှမဆိုင်ဘူး။ ဒါပေမယ့် ရှေးရိုးစွဲဝါဒီတွေက လူသားတွေရဲ့စူးစမ်းရှင်သန်လိုစိတ်ကို အတ္တနဲ့ရောချလိုက်ကြပြီးတော့ လူသားတွေရဲ့တကိုယ်ရေအတ္တစိတ်ဟာ သေရာပါပဲလို့ ဆိုကြတယ်။ ဒီလိုဆိုကြခြင်းကတဆင့် သူတို့ရဲ့ ကိုယ်ကျိုးတဖက်သတ်ကြည့်ဝါဒဟာ တိမ်မြုပ်မယ်လို့ မျှော်လင့်နေကြတာပဲ။ ဒါပေမယ့် သူတို့တွေဟာ တော်ရုံလောဘကြီးသူတွေမဟုတ်ဘူး။ ဒါကြောင့် သူတို့မျှော်လင့်သလို သူ့တို့အတ္တကြည့်တာဟာ တဖြည်းဖြည်း တိမ်မြုပ်မသွားဘဲ အများစုသော ပြည်သူလူထုကြားမှာ အနည်းစုအဖြစ် ကွက်ကွက်ကွင်းကွင်း သိသာလာတယ်။ ရှေးရိုးစွဲဝါဒီတွေပြောသလို လူသားတွေရဲ့တကိုယ်ရေအတ္တစိတ်ဟာ သေရာပါလို့ဆိုတာက မှန်မနေဘဲ ရှေးရိုးစွဲဝါဒီတွေရဲ့လောဘစောကသာ သေရာပါဖြစ်နေတော့တယ်။ စစ်အုပ်စုရဲ့ အာဏာမက်မောမှု၊ လက်ဝါးကြီးအုပ်အခွင့်အရေးအပေါ် အသေဖက်တွယ်မှုတွေဟာ ဒါကြောင့် သေရာပါဖြစ်နေတာပဲ။ ရိုးရာဓလေ့ထုံးတမ်းတွေကသာ လူ့အဖွဲ့အစည်း ဆက်လက်တည်မြဲဖို့ရန်အတွက် အသေချာဆုံးသော လမ်းညွှန်ချက်တွေဆိုပြီးတော့ ရှေးရိုးအစဉ်အလာတွေ-ဓလေ့ထုံးတမ်းတွေကို ရှေးရိုးစွဲဝါဒီတွေ ကာကွယ်ပြောဆိုလေ့ရှိကြတယ်။ ကနေ့ခေတ်မှာ သိပ္ပံပညာဟာ လူ့အဖွဲ့အစည်းဆက်လက်တည်မြဲဖို့ရန်အတွက် အသေချာဆုံးသော လမ်းညွှန်ချက်ဖြစ်တယ်ဆိုတာ ငြင်းမရအောင် သိသာပြီးသား ဖြစ်နေပါပြီ။ ဒါပေမယ့် ရှေးရိုးစွဲဝါဒီတွေဟာ သိပ္ပံပညာကို သူတို့လိုရာအစိတ်အပိုင်းကလေးတွေအဖြစ်သာ ခွဲခြမ်းပြီး လက်ခံချင်ကြပုံရပါတယ်။ သိပ္ပံပညာကို လုပ်ငန်းသုံးအဆင့်အထိသာထားကြပြီးတော့ သူတို့ လူမှုရေးရာတွေကိုတော့ ရိုးရာဓလေ့ထုံးတမ်းတွေနဲ့ ဆက်လက်ထိန်းသိမ်းဖို့ လုပ်ကြတယ်။ ရိုးရာဓလေ့ထုံးတမ်းတွေဟာ လူသားတွေကို ကနေ့ခေတ်အထိ ထိန်းသိမ်းလာပေးတဲ့အရာတွေအဖြစ် မှတ်ယူကြတယ်။ ရိုးရာဓလေ့ထုံးတမ်းတွေဟာ လူ့အဖွဲ့အစည်းကြီးကို နှစ်ထောင်နဲ့ချီပြီး ထိန်းကျောင်းလာတာဖြစ်လို့ အတွေ့အကြုံအားဖြင့် စုံလင်တယ်၊ တည်ငြိမ်တဲ့အနေအထားကို ဖန်တီးပေးနိုင်တယ်၊ တဘက်မှာတော့ သိပ္ပံပညာဟာ သက်တမ်းအားဖြင့် နုနေသေးတယ်၊ ပြောင်းလဲမှုတွေ ကြီးကြီးမားမားဖြစ်စေတယ်၊ တည်ငြိမ်မှုမရှိဘူး၊ စိတ်မချရဘူး၊ လူသားတွေဟာ သိပ္ပံပညာကြောင့် ပျက်စီးရလိမ့်မယ်ဆိုတာမျိုးပြောကြတယ်။ ရှေးရိုးစွဲဝါဒီတွေ ဆိုကြသလိုပါပဲ

သိပ္ပံပညာဟာ ရှေးရိုးစွဲတွေရဲ့ပိတ်ပင်တားဆီးမှုတွေ အမြောက်အများရှိလင့်ကစား ရာစုနှစ်အနည်းငယ်အတွင်းမှာ မြင့်မြင့်မားမား တိုးတက်လာခဲ့တယ်။ ကြီးကြီးမားမား အပြောင်းအလဲတွေ ယခင်က ထောင်စုနှစ်၊ ရာစုနှစ်တွေလောက်ကြာမှ ဖြစ်ခဲ့ပေမယ့် ကနေ့ခေတ်မှာ ဆယ်စုနှစ်အတွင်းမှာကြီးမားတဲ့ ပြောင်းလဲမှုတွေ ဖြစ်နိုင်နေပြီ။ သိပ္ပံပညာဟာ ရှေးရိုးစွဲဝါဒီတွေ နှစ်ထောင်နဲ့ချီပြီးထိန်းသိမ်းလာတဲ့ ယုံကြည်မှုအမှားတွေ၊ ခေတ်နောက်ပြန်ဆွဲနေတဲ့ဓလေ့တွေ၊ မလိုလားအပ်တဲ့ ရိုးရာဓလေ့ထုံးတမ်းတွေကို ရာစုနှစ်တခုအတွင်း၊ ဆယ်စုနှစ်တခုအတွင်း ပြောင်းပြန်လှန်ပစ်လိုက်တယ်။ ရှေးရိုးစွဲဝါဒီတွေရဲ့ လူ့ယဥ်ကျေးမှုဟောင်းတွေ တော်တော်များများ ပြတိုက်ထဲရောက်ကုန်ကြပြီ။ ဒါပေမယ့် ရှေးရိုးစွဲဝါဒီတွေ မှားယွင်းစွပ်စွဲကြတာက သိပ္ပံပညာဟာ စိတ်မချရဘူး၊ တည်ငြိမ်တဲ့ဖွံ့ဖြိုးမှုကို မရနိုင်ဘူး၊ လူ့အဖွဲ့အစည်းကို ထိန်းကျောင်းနိုင်မှာမဟုတ်ဘူး ဆိုတာတွေပဲ။ ကနေ့ခေတ်အထိ တည်ရှိလာသမျှတွေထဲ စိတ်အချရဆုံး အရင်းအမြစ်ဟာ သိပ္ပံပညာသာဖြစ်တယ်။ သိပ္ပံပညာဟာ စကြာဝဠာအထိ အကျယ်ပြန့်ဆုံး၊ စိတ်အချရဆုံး လေ့လာနိုင်၊ သိနိုင်တဲ့ တခုတည်းသော အရင်းအမြစ်ဖြစ်တယ်။ လူသားတွေအတွက် အရာရာတိုင်းကို စိတ်အချရဆုံး၊ အသေချာဆုံးဖြစ်စေနိုင်တဲ့ တခုတည်းသော အရင်းအမြစ်ဖြစ်တယ်။ ဒါကြောင့် ထာဝရအထိ တည်တံ့မယ့် လူ့အဖွဲ့အစည်းကို ထူထောင်ချင်ရင် သိပ္ပံပညာအားဖြင့်သာ ရနိုင်မယ်။ သိပ္ပံပညာအားဖြင့်သာ ကနေ့ခေတ်ကမ္ဘာကြီး၊ စကြာဝဠာဟာ အပျက်အစီးနည်းနည်းနဲ့ တည်ငြိမ်တဲ့ဖွံ့ဖြိုးမှုကို ရနိုင်မယ်။ ရှေးရိုးစွဲဝါဒီတွေရဲ့ ကန့်သတ်တားဆီးပုံနဲ့ဆို ကမ္ဘာကြီးဟာ ပျက်စီးကုန်မှာပဲ။ သိပ္ပံပညာမဖွံ့ဖြိုးမီ သဘာဝဘေးကြီးကြီးမားမားနဲ့တွေ့ရင် လူသားမျိုးစိတ်တောင် မျိုးကန်းသွားနိုင်တာပဲ။ အမြဲတမ်းပြောင်းလဲနေတဲ့ ဖြစ်စဥ်တွေကြားမှာ တည်ငြိမ်တဲ့တိုးတက်မှု၊ ဖြစ်ထွန်းမှုတွေကို ရရှိစေနိုင်တာဟာ သိပ္ပံပညာသာဖြစ်တယ်။ ကနေ့ခေတ်လို လူသားတွေအနေနဲ့ ဖြစ်စဥ်အသီးသီးရဲ့ သဘောသဘာဝတွေကို နားလည်လာကြပြီးတဲ့အခါမှာတော့ လူ့အဖွဲ့အစည်းကို ထိန်းကျောင်းသွားနိုင်တာဟာ သိပ္ပံပညာကလွဲလို့ တခြားမရှိတော့ဘူး။ ကျိုးကြောင်းမဆီလျော်-အကြောင်းပြချက်တွေမခိုင်လုံတဲ့ အယူမှားတွေ ပြည့်ပွန်းနေတဲ့ ရိုးရာဓလေ့ထုံးတမ်းတွေနဲ့ လူသားတွေကို ဆက်လက်ထိန်းကျောင်းသွားဖို့ဆိုတာ လုံးဝမဖြစ်နိုင်တော့ဘူး။ လူ့ယဥ်ကျေးမှုအသစ်ဟာ သိပ္ပံလူ့အဖွဲ့အစည်းသစ်ကနေ ထွက်ပေါ်လာနေပြီ။ ဒီလို အထက်ဖော်ပြပါပုံစံတွေအရဆို ရှေးရိုးစွဲဝါဒဟာ စွန့်လွှတ်ရ၊ ပယ်သတ်ရ လွယ်မယ့်/ကျိုးကြောင်းမခိုင်လုံနေတဲ့အရာလိုလို မြင်ရမှာပဲ။ ဒါပေမယ့် ရှေးရိုး စွဲဝါဒဟာ ဘာကြောင့်ကနေ့ခေတ်အထိ လွှမ်းမိုးမှုကြီးမားနေရသေးသလဲ။ ရှေးရိုးစွဲဝါဒဟာ အခွင့်ထူးခံလူတစုအလွှာအတွက် အသုံးတည့်နေတယ်။ လက်ဝါးကြီးအုပ်လိုသူတွေအတွက် အသုံးတည့်နေတယ်။ အခြားတဘက်မှာတော့ ပြည်သူအများစုဟာ အသိဉာဏ်ပညာပိုင်း ဉာဏ်ပွင့်လင်းလာတယ်ဆိုပေမယ့် အများကြီး လိုအပ်နေသေးတယ်။ လူ့အဖွဲ့အစည်းအသီးသီးရဲ့ရိုးရာဓလေ့ထုံးတမ်းတွေထဲမှာ ဆက်လက်သယ်ဆောင်သွားသင့်တဲ့ အမူအကျင့်ကောင်းတွေကို ကျန်တဲ့ထားခဲ့သင့်တဲ့အရာတွေနဲ့ ခွဲခြားသုံးသပ်နိုင်စွမ်းနည်းနေသေးတယ်။ ဒီအခြေအနေကို ရှေးရိုးစွဲဝါဒီတွေက အမိအရအသုံးချပြီးတော့ ရှေးရိုးအစဥ်အလာတွေကောင်းတွေအများကြီးရှိသေးတယ်ဆိုပြီး သူတို့ရဲ့ကိုယ်ကျိုးနဲ့ ရောထွေးပစ်လိုက်ကြတယ်။ သူတို့ကိုဆန့်ကျင်ဖို့ဆိုရင် ရှေးရိုးအစဥ်အလာတွေမြတ်နိုးနေကြသေးတဲ့ ပြည်သူများစုကို အရင်ဆုံး ဆန့်ကျင်နိုင်ဖို့လိုတယ်ဆိုတဲ့အချိုးမျိုး လုပ်ကြတယ်။ ဒါပေမယ့် ပြည်သူတွေ ရှေးရိုးဓလေ့ထုံးတမ်းတွေအပေါ်မှာ ဆက်လက်ဖက်တွယ်ထားပုံနှင့်အုပ်စိုးသူအရင်းရှင်လူ့အလွှာ၊ စစ်အုပ်စုတို့လို လူတစုရဲ့ရှေးရိုးစွဲဝါဒအပေါ် ဆက်လက်ဖက်တွယ်ကြပုံဟာ အခြေခံအားဖြင့်ကို ခြားနားနေတယ်ဆိုတာ ရှေးရိုးစွဲဝါဒီတွေ မသိကြပုံပဲ။ ပြည်သူတွေရဲ့ရှေးရိုးစွဲကြပုံက သူတို့လူ့အဖွဲ့အစည်းထဲမှာ ဆက်လက်အသုံးတည့်နေသေးတာရယ်၊ သက်ဆိုင်ရာလူ့အဖွဲ့အစည်းဝင်အများစုအတွက် ကောင်းကျိုးတစုံတရာ ရနေသေးတာရယ်ကြောင့်ပဲ ရှေးရိုးအစဥ်အလာတွေကို ဆက်ပြီးထောက်ခံကြတာ။ ရှေးရိုးဓလေ့ထုံးတမ်းတွေက လူ့အဖွဲ့အစည်းဝင် အများစုအတွက် အသုံးမတည့်တော့ဘူး၊ အကျိုးမဖြစ်ထွန်းတော့ဘူးလို့ မြင်လာရင် စွန့်လွှတ်ပစ်လိုက်ကြ၊ ပယ်သတ်ပစ်လိုက်ကြတာပဲ။ ဒါကြောင့် ပြည်သူတွေက တိုးတက်တဲ့လက္ခဏာရှိနေတယ်။ တဘက်မှာတော့ ရှေးရိုးစွဲလူတစုကတော့ လူ့အဖွဲ့အစည်းထဲက

အနည်းစုလေးရဲ့အခွင့်ထူးခံစားရမှုတွေအတွက် ရှေးရိုးစွဲကြတာဖြစ်လို့ သူတို့ရှေးရိုးစွဲပုံက ကြောင်သူတော်ဆန်လှတယ်။ ရှေးရိုး အစဉ်အလာတွေ၊ ထုံးတမ်းဓလေ့တွေကို မြတ်နိုးတွယ်တာနေလို့လည်းမဟုတ်ဘူး။ သူတို့ကိုယ်ကျိုးနဲ့တည့်နေရင် သုံးလိုက်တယ်၊ မတည့်တော့ရင် ပစ်လိုက်တယ်၊ သူတို့ကိုယ်ကျိုး/သူတို့အခွင့်ထူးခံရမှုအတွက် လုပ်နေကြရတာဖြစ်လို့ ရှေးရိုးစွဲတဲ့ဘဝ ဘယ်တော့မှမကျွတ်နိုင်ကြဘူး။ ဗိုလ်မင်းအောင်လှိုင်တို့အုပ်စုကိုပဲ ကြည့်ပါ။ သူတို့တွေဟာ ဗမာပြည်ရှေးရိုးဓလေ့ထုံးတမ်းတွေ အပေါ်မှာ တကယ်မြတ်နိုးနေကြတာမှမဟုတ်တာ။ လူမြင်ကောင်းအောင်သာ ဘုရားဆောက်ပြလိုက်၊ ဘုန်းကြီးတွေကို လှူဒါန်းလိုက်၊ ဘာသာပေါင်းစုံချစ်ကြည်ရေးတွေလုပ်ပြလိုက်၊ ဟိုပွဲဒီပွဲလုပ်ပြလိုက်ဖြစ်နေ-လုပ်နေတာ။ လက်တွေ့မှာ ဘုန်းကြီးကျောင်းတွေ မီးရှို့၊ ဘုရားကျောင်းတွေဖျက်ဆီး၊ ဗလီ ကျောင်းတွေ ဖျက်ဆီး၊ ဘုန်းကြီးတွေသတ်၊ လူတွေသတ်၊ ရဟန်းရှင်လူပြည်သူအပေါင်း ထောင်သောင်းနဲ့ချီပြီး ရက်ရက်စက်စက် သတ်ဖြတ်နေတာပဲ။ ရှေးရိုးအစဉ်အလာတွေကိုမှ တကယ်မြတ်နိုးတွယ်တာရင် ဗမာ့ရှေးရိုးဓလေ့ထုံးတမ်းတွေနဲ့ အသက်ရှင်နေထိုင်ပြရမှာလေ။ ဒါပေမယ့် အခုတော့ ခိုးဆိုး လုယက်သတ်ဖြတ်ဆိုတဲ့အဖြစ်တွေ အများဆုံးကို သူတို့တွေပဲကျူးလွန်ပြတာ။ ရှေးရိုးစွဲဝါဒီတွေရဲ့ကြောင်သူတော်ဆန်မှုဟာ သိသာလွန်းလှပါတယ်ဆိုတာ ဒါကြောင့်ပြောတာ။ သူတို့တတွေကြောင့် ဗမာပြည်လူ့အဖွဲ့အစည်းဟာအနှစ်နှစ်အလလ အောက်ကျနောက်ကျဖြစ်နေခဲ့ရပြီးပါပြီ။ သူတို့အုပ်စိုးမှုအောက်ကနေ ပြည်သူတွေ ဘယ်လိုမှမကောင်းစားနိုင်ဘူးဆိုတာ အားလုံးနားလည်သဘောပေါက် လက်ခံကြပြီးလောက်ပါပြီ။ ရှေးရိုးစွဲဝါဒီတွေဟာ ဗမာပြည်ကို အောက်ကျနောက်ကျဖြစ်အောင် ဆွဲချနေကြတဲ့သူတွေဖြစ်သလို သူတို့ရဲ့ရှေးရိုးစွဲဝါဒဟာ ဗမာပြည်သူလူထုကို မတိုးတက်နိုင်အောင် ဖိနှိပ်ထားတဲ့ စနစ်ဆိုးပဲ ဖြစ်ပါတယ်။ ဗမာပြည်ဟာ လွတ်မြောက်ရမယ်၊ ဗမာပြည်သူထုဟာ တိုးတက်ရမယ်။ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးကို အဖိနှိပ်ခံဗမာပြည်သူတွေ ရရှိခံစားစေရမယ်။ ရှေးရိုးစွဲဝါဒ နှင့် ရှေးရိုးစွဲဝါဒီတွေကို ဆန့်ကျင်၊ ကန့် ကွက်၊ ဖျက်သိမ်းရမယ်။

ဗမာပြည်လစ်ဘရယ်ဒီမိုကရေစီဟာ ၁၉၈၀-၉၀ ကာလမှာ အနောက်အုပ်စုရဲ့ အားပေးထောက်ခံမှု၊ တင်သွင်းမှု- ဆိုဗီယက်ပြည်ထောင်စုပြိုကွဲမှု-ကမ္ဘာ့ဆိုရှယ်လစ်အင်အားစုတွေ အစည်းပြေမှု-ဗမာပြည်ကွန်မြူနစ်ပါတီရဲ့အရှေ့မြောက် ပြိုကွဲမှု စတဲ့ အခြေခံအကြောင်းအချက်တွေနှင့်အတူ အားကောင်းလာတာပါ။ ကမ္ဘာမှာ အရင်းရှင်စနစ်သာအကောင်းဆုံး၊ ဈေးကွက် စီးပွားရေးစနစ်သာ တခုတည်းသောရွေးချယ်စရာ စီးပွားရေးစနစ်၊ အဲ့ဒါတွေနှင့်အတူ လစ်ဘရယ်ဝါဒသာ အကောင်းဆုံး၊ လူသား တွေနောက်ဆုံးအနေနဲ့ လက်ကိုင်ပြုအားထားရမယ့် အတွေးအခေါ်၊ အယူအဆဆိုပြီး ကြွေးကြော်လက်ခမောင်းခတ်ကြစဉ်က ဖြစ်ပါတယ်။ လစ်ဘရယ်ဝါဒ အခြေခံတွေ၊ အစို့အညှောင့်တွေကတော့ဖြင့် ဟိုး ပါလီမန်ဒီမိုကရေစီခေတ်ကတည်းက ရှိခဲ့ပါတယ်။ ဒါပေမယ့် ဗမာပြည်မှာ လစ်ဘရယ်ဝါဒရယ်၊ လစ်ဘရယ်ဝါဒီတွေရယ်လို့ ရှင်းရှင်းလင်းလင်း ဆိုကြရမယ့်၊ သုံးသပ်ရမယ့်ကာလ နှင့် လူပုဂ္ဂိုလ်တွေကတော့ ၁၉၈၀ - ၉၀ ကာလတွေနှင့်နောက်ပိုင်းမှာ ဖြစ်ပါတယ်။ ဗိုလ်နေဝင်း မဆလအာဏာရှင်စနစ်ရဲ့ လက်ဝါးကြီးအုပ်စနစ်တွေ၊ အင်အားသုံးဖိနှိပ်ရေးယန္တယားတွေကို ဗမာပြည်အဖိနှိပ်ခံလူထုက ဆန့်ကျင်နေကြတဲ့ကာလ၊ အတိုက်အခံအင်အားစုတွေမှာ ဆိုရှယ်လစ်အင်အားစုတွေ အားနည်းနေတဲ့ကာလ၊ ဗိုလ်နေဝင်းတို့ကိုယ်တိုင်က မြန်မာ့နည်း မြန်မာ့ဟန်ဆိုရှယ်လစ်ဆိုပြီး ဆိုရှယ်လစ်တွေကိုပုံဖျက်နေတဲ့ကာလမှာ လူထုရဲ့စုစည်းရာအမှတ်ဟာ လစ်ဘရယ်အတိုက်အခံ အင်အားစုသာ ဖြစ်နိုင်ခဲ့တယ်။ လစ်ဘရယ်အတိုက်အခံအင်အားစုတွေရဲ့ နိုင်ငံရေးတိုက်ပွဲက လွှမ်းမိုးသွားခဲ့ပြီး အဲ့ဒီကာလနှင့် နောက်ပိုင်းကာလတွေမှာ လစ်ဘရယ်နိုင်ငံရေးမျိုးဆက်အသီးသီးကို ပေါက်ဖွားစေတော့တယ်။ လစ်ဘရယ်အတိုက်အခံ အင်အားစုတွေက လက်ဝါးကြီးအုပ်ရှေးရိုးစွဲတွေရဲ့အုပ်စိုးမှုကို ငြင်းပယ်လိုက်ပြီးတော့ ဗမာပြည်လူ့အဖွဲ့အစည်းကို လွတ်လပ်ရေး၊ တရားမျှတရေး၊ ဒီမိုကရေစီစံတန်ဖိုးတွေနှင့်အတူ ပြုပြင်ဖန်တီးသွားမယ်လို့ ကြွေးကြော်ကြသလို တဘက်မှာ ဗမာပြည်အဖိနှိပ်ခံ လူထုကလည်း ဗိုလ်နေဝင်းတို့ အုပ်စုပြုတ်ကျရေးအတွက် လစ်ဘရယ်တွေရဲ့ ကြွေးကြော်မှုနောက်ကို ယုံယုံကြည်ကြည်နဲ့ လိုက်လျှောက်ခဲ့ကြတယ်။ လစ်ဘရယ်အတိုက်အခံတွေဟာ လူထုအတွက် တရားမျှတမှု၊ လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ စစ်အုပ်စု

ရဲ့ နိုင်ငံရေးလက်ဝါးကြီးအုပ်မှုအဆုံးသတ်ရေးတို့ကို ကတိပေးခဲ့ကြတယ်။ ၈၈ အရေးတော်ပုံလူထုတိုက်ပွဲဟာ ဗိုလ်နေဝင်းရဲ့ မဆလအာဏာရှင်စနစ်ကိုဖြုတ်ချပြီး စစ်အစိုးရရဲ့နိုင်ငံတော်လက်ဝါးကြီးအုပ်ပိုင်ဆိုင်မှုကို ကိုင်လှုပ်နိုင်ခဲ့ပေမယ့် လစ်ဘရယ် အတိုက်အခံအင်အားစုတွေ ကတိပေးကြွေးကြော်ခဲ့တဲ့ တရားမျှတမှု၊ တန်းတူညီမျှမှု၊ လွပ်လပ်မှုတွေတော့ အဖိနှိပ်ခံလူထုဆီ ရောက်မလာနိုင်ခဲ့ဘူး။ ယုတ်စွအဆုံး တော်လှန်ရေးရဲ့လက်ငင်းတောင်းဆိုချက်-လက်ငင်းလိုအပ်ချက်ဖြစ်တဲ့ စစ်အုပ်စုရဲ့ နိုင်ငံရေးလက်ဝါးကြီးအုပ်မှုအဆုံးသတ်ရေးတောင် ဖြစ်မြောက်မလာနိုင်ခဲ့ဘူး။ ဒီမအောင်မြင်မှုတွေအတွက် လစ်ဘရယ် အတိုက်အခံတွေရဲ့နိုင်ငံရေးတိုက်ပွဲလမ်းစဉ်၊ အာဏာရယူရေးလမ်း စဉ်တွေဟာ အဓိကသုံးသပ်အဖြေရှာကြရမယ့် အရာတွေပါပဲ။ ၈၈ အရေးတော်ပုံ အောင်ပွဲမဆင်နိုင်ခဲ့တာနဲ့ ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုး၊ ဖြစ်စဉ်အမျိုးမျိုး၊ အယူအဆအမျိုးမျိုးနဲ့ ချဉ်းကပ်ကြပေမယ့် လက်တွေ့မှာထင်ရှားနေတာက ၈၈ အရေးတော်ပုံမှာ လစ်ဘရယ်အတိုက်အခံအင်အားစုတွေက ဦးဆောင်မှု နေရာရရှိခဲ့ကြပြီး အဖိနှိပ်ခံလူထုက လစ်ဘရယ်အတိုက်အခံအင်အားစုအပေါ် ယုံကြည်မှုအပြည့်ပေးအပ်ခဲ့ကြတယ်ဆိုတာပဲ။ လစ်ဘရယ်ဝါဒီတွေ ကတိပေးခဲ့ကြသလို လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှုတွေ ရှိမလာတဲ့နောက်မှသာ အဖိနှိပ် ခံလူထုဟာ လစ်ဘရယ်အတိုက်အခံအင်အားစုအပေါ် သံသယဝင်လာကြတာဖြစ်တယ်။ လစ်ဘရယ်ဝါဒီတွေရဲ့ အာဏာရယူရေး လမ်းစဉ်ဟာ အဖိနှိပ်ခံလူထုမျှော်လင့်ချက်နှင့် ကင်းကွာလာပြီးတဲ့နောက်မှသာ အဖိနှိပ်ခံလူထုက လစ်ဘရယ်တွေရဲ့ဦးဆောင်မှု ကို မေးခွန်းထုတ်လာကြခြင်းဖြစ်တယ်။ လစ်ဘရယ်ဝါဒီတွေရဲ့ ဗမာပြည်လူ့အဖွဲ့အစည်းပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှုတွေ၊ တော်လှန်ရေးနည်းနာတွေဟာ အရှုံးနဲ့သာ ရင်ဆိုင်ခဲ့ရတယ်။ စစ်အုပ်စုဟာ အာဏာရအုပ်စိုးသူလူတန်းစားအဖြစ် ဆက်လက် ရှင်သန်နိုင်ခဲ့ပြီး လစ်ဘရယ်အတိုက်အခံတွေဟာ စစ်အုပ်စုရဲ့ ဖိနှိပ်မှု၊ ဖြိုခွင်းမှု၊ သွေးဆောင်စည်းရုံးမှု အောက်မှာ ပြန့်ကျဲကုန်ကြတယ်။ စစ်အုပ်စုရဲ့နိုင်ငံရေးလမ်းပြမြေပုံအတိုင်းသာ လစ်ဘရယ်အတိုက်အခံတွေ တဖက်သတ်လက်ခံခဲ့ရပြီး သူတို့နောက်ကို ယုံယုံကြည်ကြည်နဲ့ လိုက်လျှောက်ခဲ့တဲ့ အဖိနှိပ်ခံလူတန်းစားတွေနဲ့ သဘောထား၊ အမြင်တွေ ကွဲလွဲခဲ့ရတယ်။ သူတို့ကို ထောက်ခံထားတဲ့၊ သူတို့ရဲ့အဓိကအင်အားအဖြစ် ရှိနေပေးခဲ့တဲ့ အဖိနှိပ်ခံလူတန်းစားတွေနဲ့ သဘောထား၊အမြင် ကွဲလွဲခံပြီးတော့ အာဏာရယူရေး လမ်းကြောင်းကို လက်ခံခဲ့ကြပေမယ့် လစ်ဘရယ်ဝါဒီတွေဟာ စစ်အုပ်စုကို နိုင်ငံရေး လက်ဝါးကြီးအုပ်မှုကနေ မဖယ်ရှားနိုင်ခဲ့ကြသလို သူတို့ထပ်ပြီးကြွေးကြော်ထား(အာဏာရှိရင်/အာဏာရရင် အကုန်ပြောင်းလဲလို့ ရတယ်-ဒါကြောင့် အရင်ဆုံး အာဏာရဖို့လိုတယ်) သလို အာဏာရခဲ့ပေမယ့် အဖိနှိပ်ခံလူတန်းစားတွေအတွက် ဘာလွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှု၊ စည်းလုံးညီညွတ်မှုတွေကိုမှ မယူဆောင်နိုင်ခဲ့ကြပါ။ ဒီမဖြစ်မြောက်မှုတွေ - မအောင်မြင်မှုတွေဟာ မတော်တဆဖြစ်နေတာ-အခြေအနေမတိုက်ဆိုင်လို့ ဖြစ်နေတာ-အခြေအနေမပေးလို့ ဖြစ်နေတာ မဟုတ်ဘဲ လစ်ဘရယ်ဝါဒီတွေ ရဲ့တွေးခေါ်ယူဆပုံ၊ လုပ်ပုံကိုင်ပုံတွေကြောင့်လို့ဆို ရလိမ့်မယ်။ လစ်ဘရယ်တွေရဲ့ နိုင်ငံရေးအယူအဆ၊ စီးပွားရေးအယူအဆ၊ လူမှုရေးအယူအဆတွေကြောင့် သူတို့ရဲ့အတိုက်အခံနိုင်ငံရေးလမ်းကြောင်းဟာ အရှုံးနဲ့ရင်ဆိုင်ရတာပဲ။ လစ်ဘရယ်နိုင်ငံရေး အယူအဆမှာ အားနည်းတဲ့အစိုးရစနစ်-အားကောင်းတဲ့အစိုးရစနစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ကန့်သတ်ထားတဲ့ နိုင်ငံတော် အစိုးရ၊ ကိုယ်စားပြုဒီမိုကရေစီစနစ်တွေဟာ အဓိကပေါ်လွင်နေတဲ့အရာတွေဖြစ်ပြီး ဒီယန္တယားတွေရဲ့အနှစ်သာရဟာ ပုဂ္ဂလဝါဒ၊ လွတ်လပ်မှု၊ ကြောင်းကျိုးဆီလျော်မှု၊ တရားမျှတမှု၊ သဘောထားကြီးမြတ်မှုလို့ ဆိုလေ့ရှိကြတယ်။ လစ်ဘရယ်စီးပွားရေး အယူအဆမှာ ဈေးကွက်စီးပွားရေးစနစ်-အစိုးရဘက်က တစိတ်တပိုင်းကြားဝင်ထားတဲ့ ဈေးကွက်စီးပွားရေးစနစ်တွေက နေရာ ယူထားတယ်။ လစ်ဘရယ်လူမှုရေးအယူအဆမှာ ကိုယ်ကျိုးအခြေပြု ပုဂ္ဂလဝါဒ၊ သဘာဝလူ့အခွင့်အရေးအခြေပြုကိုယ်ချင်း စာနာစိတ်၊ သဘာဝလူ့အခွင့်အရေးအခြေပြုတရားမျှတမှုစနစ်၊ ပုဂ္ဂလိကဆိုင်ရာလွတ်လပ်ခွင့်တွေက အဓိကဖြစ်တယ်။ လစ်ဘရယ်ဝါဒဟာ အစပိုင်းကာလတွေမှာ ရှေးရိုးစွဲဝါဒီတွေရဲ့လက်ဝါးကြီးအုပ်ပိတ်ပင်မှု-ချယ်လှယ်မှုတွေကို တော်လှန်ခဲ့ကြရာ ကနေ ပုဂ္ဂလိကစံတန်ဖိုးတွေ၊ လွတ်လပ်ခွင့်တွေကို ရှေ့တန်းတင်ခဲ့ကြတယ်။ ရှေးရိုးစွဲဝါဒီတွေရဲ့ကြောင်းကျိုးဆီလျော်မှုမရှိတဲ့

ယုံတမ်းတွေ၊ အခွင့်အရေးယူတာတွေကို ကြောင်းကျိုးဆီလျော်မှုနဲ့ တိုက်ဖျက်ခဲ့ကြတယ်။ ရှေးရိုးစွဲဝါဒီတွေရဲ့ ပြန်လှန်မေးခွန်းထုတ်ခွင့်မရှိ ဟန့်တားမှုတွေ၊ မတူကွဲပြားခွင့်-ခြားနားခွင့်မရှိ ပိတ်ပင်မှုတွေကို သဘောထားကြီးမြတ်မှုဆိုတာနဲ့ ချေဖျက်ခဲ့ကြတယ်။ မြေရှင်ပဒေသရာဇ်စနစ်ရဲ့ လက်ဝါးကြီးအုပ်ပိတ်ပင်မှုတွေကို ဆန့်ကျင်ကြရာမှာတော့ ဒီတန်ဖိုးတွေဟာ အဖိနှိပ်ခံတွေရဲ့ လိုလားချက်တွေ၊ လိုအပ်ချက်တွေနဲ့ကိုက်ညီတာကြောင့် ဒီစံတန်ဖိုးတွေဟာ အဖိနှိပ်ခံတွေရဲ့ထောက်ခံမှု၊ အားပေးမှုကို ရရှိခဲ့တယ်။ ဒါကို လစ်ဘရယ်ဝါဒီတွေက တလောကလုံးဆိုင်ရာအမှန်တရားတွေ ရှာဖွေတွေ့ရှိကြသလို တရားသေစံတန်ဖိုးတွေအဖြစ် နာယူကျင့်သုံးကြတဲ့အခါမှာ သူတို့စံတန်ဖိုးတွေက သူတို့ကို ပြန်ပြီးဒုက္ခပေးတော့တယ်။လူသားတွေဟာ အစဦးကတည်းက မိမိကိုယ်ကိုအားကိုး တနည်း အမှီအခိုကင်းကင်း နေထိုင်ရှင်သန်တတ်ကြသူတွေဖြစ်တယ်၊ မိမိအကျိုးစီးပွား-တနည်း ကိုယ်ကျိုးစီးပွားဘက်ကို စိတ်တိမ်းညွတ်ပြီး ရှင်သန်တတ်ကြသူတွေဖြစ်တယ်လို့ လစ်ဘရယ်ဝါဒီတွေက ယုံကြည်ကြတယ်။ ဒီကတဆင့် လူ့အဖွဲ့အစည်းဆိုတာတကယ်မရှိဘဲ အစဦးကတည်းကနေယနေ့အထိ လူသားတွေဟာ တဦးချင်း ကိုယ်ကျိုးစီးပွားအသီးသီးအတွက် ရှင်သန်နေကြခြင်းသာဖြစ်တယ်လို့ ဆိုကြတယ်။ လူ့အဖွဲ့အစည်းလိုက် ရှင်သန်နေကြတယ်လို့ မြင်နေရတာတွေဟာ အပေါ်ယံမျှသာ-ယာယီမျှသာဖြစ်ပြီး စစ်ကြည့်ရင် လူသားတွေဟာ ကိုယ်ကျိုးစီးပွားအသီးသီးအတွက် ယာယီပူးပေါင်းဆောင်ရွက်ကြခြင်းသာဖြစ်တယ်-တကယ်လူ့အဖွဲ့အစည်းလိုက် နေထိုင်ရှင်သန်ရုန်းကန်ကြခြင်းမဟုတ်ဘူး- သူ့အကျိုးကိုယ့်အကျိုးအတွက် ယာယီပူးပေါင်းဆောင်ရွက်ကြပြီး အကျိုးရလဒ်တစုံတရာရတာနဲ့ တဦးခြင်းအဖြစ် ပြန်ပြီးကွဲကွာသွားကြမြဲပဲလို့ ဆိုကြတယ်။ ဒါကြောင့် လူသားတွေအတွက် လူ့အဖွဲ့အစည်းက အရေးမကြီး-တနည်း အရင်မလာဘဲ တဦးချင်း ပုဂ္ဂလသာ အရေးကြီး-အရင်လာရမယ်လို့ ဆိုကြတယ်။ ဒီကတဆင့် လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှုတွေကိုလည်း တဦးချင်း ပုဂ္ဂလိက ရှုထောင့်ကနေသာ အဓိပ္ပါယ်ဖွင့်ဆိုကိုင်စွဲကြတော့တယ်။ သဘာဝသိပ္ပံနှင့် ယှဥ်တွဲသုံးသပ်လာကြတဲ့ကာလမှာ ကွန်ပေါင်းတွေ၊ မော်လီကျူးတွေက ယာယီသာဖြစ်ပြီး အဲ့ဒီထဲမှာ ပါဝင်ဖွဲ့စည်းထားတဲ့ အက်တမ်ကသာ အဓိကနှင့်အမြဲတမ်းဖြစ်တည်နေတဲ့အရာလို့ ရှုမြင်သုံးသပ်ကြတဲ့ အမြင်ဖြစ်တယ်။ ပါဝင်နေတဲ့အက်တမ်တွေကသာ သူ့တခုတည်း ရပ်တည်နိုင်စွမ်းတဲ့/အမှီအခိုကင်းကင်း ရပ်တည်နိုင်စွမ်းတဲ့အရာတွေသာဖြစ်တယ်လို့ ဆိုခဲ့ကြတယ်။ အက်တမ်တခုချင်းစီမှာ ပင်ကိုထူးခြားတဲ့ ဗီဇစွမ်းရည်တွေရှိပြီး အဲ့ဒီထူးခြားမှုကတဆင့် မော်လီကျူးတွေနှင့် ကွန်ပေါင်းတွေကို ပုံသွင်းစေတာဖြစ်တယ်၊ တိုးတက်လာတာဖြစ်တယ်လို့ ဆိုကြတယ်။ လူသားတဦးတယောက်ချင်းစီမှာ ထူးခြားတဲ့ ပင်ကိုစွမ်းရည်ရှိတယ်/ရှိအောင်လုပ်နိုင်တယ်-ဒီလိုတဦးချင်းရှိနေတဲ့ စွမ်းရည်ကတဆင့်သာ လူ့အဖွဲ့အစည်းဟာ တည်ရှိနေရခြင်းဖြစ်တယ်။ ဒါကြောင့် လူ့အဖွဲ့အစည်းဟာ တဦးချင်းစီရဲ့အရေးပါမှု-အရေးကြီးမှုကို မထိခိုက်သင့်ဘူး။ တဦးချင်းမရှိဘဲ လူ့အဖွဲ့အစည်းဆိုတာ မရှိနိုင်ဘူးလို့ လက်ခံကြတယ်။ လစ်ဘရယ်ဝါဒီတွေဟာ တဦးချင်းစီရဲ့အရေးပါမှုကို ဒီလိုလက်ခံထားကြတဲ့အမြင်ကို အခြေခံပြီးတော့ လွတ်လပ်မှုဆိုတာကို အဓိပ္ပါယ်ဖွင့်ဆိုကြတယ်။ တဦးချင်းစီရဲ့အရေးပါမှုဟာ တဦးချင်းစီရဲ့လွတ်လပ်မှုကသာ ဆင်းသက်တယ်လို့ ဆိုကြတယ်။ လူတယောက်ဟာ မလွတ်လပ်ဘဲ အရေးပါတဲ့သူ ဖြစ်မလာနိုင်ဘူးလို့ဆိုကြတယ်။ တနည်းအားဖြင့် လွတ်လပ်မှုရှိတဲ့ လူကသာ စွမ်းဆောင်ရည်ရှိတဲ့သူဖြစ်လာနိုင်တယ်၊ လွတ်လပ်မှုသာ မရှိရင် အဲ့ဒီလူဟာ လူညွန့်တုံးနေမှာဖြစ်တယ်လို့ ဆိုကြတယ်။ အဲဒီတဦးချင်း လွတ်လပ်မှုဆိုကြရာမှာတော့ လူတဦးဟာ သူလုပ်ချင်တဲ့အရာကို လုပ်နိုင်ခွင့်၊ သူသွားချင်တဲ့နေရာကို သွားနိုင်ခွင့်၊ သူနေထိုင်လိုတဲ့နေရာမှာ နေထိုင်လိုတဲ့ ပုံစံအတိုင်း နေထိုင်ရှင်သန်နိုင်ခွင့်ရှိရမယ်လို့ ဆိုကြတယ်။ ဒါကိုလွတ်လပ်တယ်လို့ ဆိုကြတယ်။ ဒါပေမယ့် လွတ်လပ်ခွင့်ဆိုရာမှာ လစ်ဘရယ်တွေက လူတဦးချင်းစီဟာ အပြည့်အဝလွတ်လပ်ခွင့်ရှိပေမယ့် သူ့တဦးတည်းနှင့်ပတ်သက်နေတဲ့အခန်းကဏ္ဍတွေမှာသာ အပြည့်အဝလွတ်လပ်ခွင့်ရှိမှာဖြစ်ပြီး သူ့လွတ်လပ်ခွင့်ကို အသုံးချပြီးတော့ တပါးသူရဲ့လွတ်လပ်ခွင့်ကိုချိုးဖောက်တာမျိုး ဖြစ်လို့မရဘူး။ လူတိုင်းဟာ လွတ်လပ်ခွင့် အပြည့်အဝရှိနေတာကြောင့် တယောက်ရဲ့လွတ်လပ်ခွင့်ကို တယောက်က ထိခိုက်၊ထိပါးစေလို့ မရဘူးလို့ဆိုကြတယ်။ ဒါပေမယ့် တဦးချင်းဆိုင်ရာကိစ္စတွေ

(တနည်း ပုဂ္ဂလိကပိုင်းဆိုင်ရာတွေ-ဘာသာရေးဆိုင်ရာယုံကြည်မှု၊ အတွေးအခေါ်ဆိုင်ရာယုံကြည်မှု စတာတွေ)မှာတော့ ယုံကြည်တဲ့သူတွေကို ထိခိုက်စေတယ်ဆိုရင်တောင် အဲ့ဒါဟာ သူ့လွတ်လပ်ခွင့်ပဲလို့ ဆိုကြတယ်။ ဥပမာ ကိုယ့်ကိုယ်ကို အဆုံးစီရင်ခွင့်လိုဟာမျိုး၊ အန္တရာယ်ရှိတဲ့ပြုမူနေထိုင်မှုတွေဟာ တဦးတည်းနဲ့သက်ဆိုင်နေတယ်ဆိုရင် အန္တရာယ်ရှိနေလင့်ကစား ခွင့်ပြုထားသင့်တယ်ဆိုတာမျိုး။ ဒီလွတ်လပ်ခွင့်တွေဟာ လူသားတွေရဲ့တွေးခေါ်ဆင်ခြင်နိုင်မှု၊ တွေးတောသုံးသပ်နိုင်မှုကနေ ဆင်းသက်တယ်လို့ လက်ခံထားကြတယ်။ လူသားတွေဟာ အရာရာတိုင်းကို စဥ်းစားတွေးတောဆင်ခြင်နိုင်စွမ်းရှိတဲ့ သတ္တဝါတွေဖြစ်တယ်။ လူသားတွေဟာ အရာရာကို တွေးခေါ်ဆင်ခြင်ပြီးမှ ယုံကြည်လက်ခံကျင့်သုံးကြတယ် လို့ ဆိုကြတယ်။ ဘာသာရေး-ရိုးရာကျင့်ထုံး-အတွေးအခေါ်တွေကို စဥ်းစားဆင်ခြင်သုံးသပ်ပြီးမှသာ လက်ခံယုံကြည်ကြခြင်းဖြစ်တယ်လို့ ဆိုကြတယ်။ ဒီကတဆင့် လူသားတွေဟာ သူ့တိုကိုယ်ကျိုးအတွက် အသင့်လျော်ဆုံးသော အခြေအနေတွေ၊ အကြောင်းအရာတွေကို သုံးသပ်ရွေးချယ်နိုင်စွမ်းရှိတဲ့အတွက် လူတဦးတယောက်ချင်းစီရဲ့ရွေးချယ်မှုတွေကို ခွင့်ပြုရမယ်၊ လေးစားရမယ်၊ မထိခိုက်စေသင့်ဘူးလို့ ဆိုကြတယ်။ လူတဦးတယောက်ချင်းစီဟာ သူတို့အတွက် မကောင်းတဲ့အရာတွေဆို ရွေးချယ်မှာမဟုတ်ဘူး၊ မကောင်းတဲ့နေရာတွေမှာ နေထိုင်ရှင်သန်ကြမှာ မဟုတ်ဘူး၊ သူတို့အတွက် အကျိုးမရှိစေမယ့်အရာတွေကို လုပ်ကြမှာမဟုတ်ဘူး-အကယ်၍ အဲ့ဒီအရာတခုခုကို လုပ်ကြတယ်ဆိုရင် ဒါဟာ သူတို့ရွေးချယ်မှုသာဖြစ်တယ်-သူ့ရွေးချယ်မှုနဲ့သူသာ ဖြစ်တယ်၊ ဝင်ရောက်စွက်ဖက်တာမျိုး မလုပ်သင့်ဘူးလို့ လက်ခံကြတယ်။ ဘာသာရေးဆိုင်ရာ အတင်းအကြပ်ဝါဒဖြန့် သွတ်သွင်းမှု-တွေးခေါ်ယုံကြည်မှုဆိုင်ရာ အတင်းဝါဒဖြန့်သွတ်သွင်းမှု-ရိုးရာထုံးတမ်းအစဥ်အလာဆိုင်ရာ အတင်းအကြပ်ဝါဒဖြန့် သွတ်သွင်းမှုတွေဟာ မလိုလားအပ်တာတွေဖြစ်ပြီး လူသားတွေဟာ သူတို့အတွက် အသင့်လျော်ဆုံး-အမှန်ကန်ဆုံးဖြစ်မယ့်အရာတွေကို သုံးသပ်ရွေးချယ်နိုင်စွမ်းရှိသူတွေဖြစ်တယ်လို့ လက်ခံကြတယ်။ ဒီကတဆင့် လစ်ဘရယ်တွေက နောက်ယုံကြည်ချက်ဖြစ်တဲ့ သဘောထားကြီးမြတ်မှုဆီကို ရောက်ကုန်ကြတယ်။ လူတဦးတယောက်ချင်းစီဟာ အသီးသီးသော လွတ်လပ်ခွင့်၊ ဆင်ခြင်တွေးတောဆုံးဖြတ်ခွင့်၊ ရွေးချယ်ခွင့်တွေ ရှိလာတာကြောင့် လူတဦးတယောက်ချင်းစီဟာ သူ့ထူးခြားချက်နဲ့သူဖြစ်လာမှာဖြစ်ပြီး တယောက်နှင့်တယောက် မတူကွဲပြားမှုတွေ ရှိလာမယ်။ တယောက်နှင့်တယောက် မတူကွဲပြားခြားနားနေတာဟာ ပုံမှန်သာဖြစ်တယ်၊ တယောက်နှင့်တယောက်ဟာ တူနေစရာမလိုဘူး၊ ကွဲပြားခြားနားစွာ နေထိုင်ရပ်တည်ရှင်သန်လို့ရတယ်၊ ဒီလို တယောက်နှင့် တယောက် ကွဲပြားခြားနားစွာ ရှင်သန်နေကြခြင်းကသာ အမှန်ဖြစ်တယ်၊ ဒါကြောင့် လူတွေဟာ ဒီလိုကွဲပြားခြားနားမှုတွေကို လက်ခံနိုင်စွမ်းတနည်း သဘောထားကြီးမှုရှိရမယ်လို့ ဆိုကြတယ်။ ဒီလိုတွေးခေါ်ယူဆမှုတွေကတဆင့် လစ်ဘရယ်ဝါဒီတွေရဲ့ နိုင်ငံရေးအယူအဆဟာ ထွက်ပေါ်လာတယ်။ လူသားတွေဟာ သဘာဝအခြေအနေ(State Of Nature)မှာ တန်းတူညီတဲ့ လွတ်လပ်ခွင့်တွေ(ကိုယ်ကျိုးဘက်ကို စိတ်တိမ်းညွတ်တာကြောင့် ကိုယ်ကျိုးအတ္တကိုဦးစားပေးတဲ့ လွတ်လပ်ခွင့်)၊ တန်းတူညီတဲ့ တွေးတောသုံးသပ်ရွေးချယ်ခွင့်၊ မတူကွဲပြားခြားနာစွာ အသက်ရှင်နေထိုင်ရှင်သန်နိုင်ခွင့်တွေကို တယောက်ချင်းစီက အသီးသီးရွေးချယ်မှာဖြစ်လို့ လူသားတွေအချင်းချင်းကြားမှာ မငြိမ်းသတ်နိုင်တဲ့ပဋိပက္ခဟာ ရှိလာမယ်။ ဒီပဋိပက္ခတွေကို ထိန်းသိမ်းထားပေးနိုင်တာဟာ နိုင်ငံတော်အာဏာသာလျှင်ဖြစ်တယ်လို့ ဆိုကြတယ်။ John Lokeနှင့် Thommas Hobeတို့ဟာ လူသားတွေရဲ့ သဘာဝအခြေအနေ(State Of Nature)အပေါ်၊ နိုင်ငံတော်အစိုးရအပေါ် အမြင်တွေ၊ အယူအဆတွေ မတူကြပေမယ့် နိုင်ငံတော်အစိုးရလိုအပ်တယ်လို့ ဆိုကြရာမှာတော့ တူညီကြတယ်။ နိုင်ငံတော်အစိုးရကသာ လူသားတွေရဲ့ မတော်လောဘတွေ၊ ရန်လိုမုန်းတီးစိတ်တွေကို ငြိမ်းသတ်ပေးနိုင်တယ်၊ ထိန်းသိမ်းပေးနိုင်တယ်။ ဒါကြောင့် နိုင်ငံတော်ဟာ အကောင်းကြီးမဟုတ်ပေမယ့် မရှိမဖြစ်တဲ့ Lesser Evil(the necessary evil)သာဖြစ်တယ်လို့ ယုံကြည်ကြတယ်။ နိုင်ငံတော်ဟာ လူသားတွေရဲ့ အတ္တကြောင့် ပေါ်ပေါက်လာရတာ-အတ္တတွေကို ထိန်းသိမ်းပေးဖို့အတွက် ပေါ်ပေါက်လာတာဖြစ်လို့ နိုင်ငံတော်ဟာ လူသားတွေရဲ့ မကောင်းတဲ့အပိုင်းတွေကို ထိန်းချုပ်ကန့်သတ်တာမျိုးပဲ လုပ်သင့်တယ်၊ လူသားတွေရဲ့ ကောင်းမွန်တဲ့အစိတ်အပိုင်းတွေကို

နိုင်ငံတော်က မထိပါးသင့်ဘူးလို့ Lockeက တင်ပြတယ်။ သဘာဝအခြေအနေမှာ လူသားတွေအားလုံးဟာ တန်းတူတယ်၊ ဒါပေမယ့် မတော်လောဘကြီးနေတဲ့သူတချို့ကြောင့် ဒီအချင်းချင်း တယောက်အခွင့်အရေးကို တယောက်က လေးစားနေတဲ့ အခြေအနေပျက်ယွင်း လာရတယ်။ ဒီအခြေအနေကို ထိန်းသိမ်းပေးဖို့ နိုင်ငံတော်ဟာ ရှိနေရတာဖြစ်လို့ ဒီအခြေအနေကို ထိန်းသိမ်းပြုပြင်ပေးတဲ့အဆင့်အထိသာ နိုင်ငံတော်ဟာ ရှိနေသင့်တယ်လို့ ဆက်ပြီးတင်ပြတယ်။ ဒီအထိုင်ကနေ လစ်ဘရယ်တွေဟာ the minimal state (the limited government)ကို လက်ခံယုံကြည်ကြတယ်။ ဒီကတဆင့် အာဏာခွဲဝေကျင့်သုံးရေး (separations of state power)နှင့် checks and balance တို့ဟာ လစ်ဘရယ်တွေရဲ့နိုင်ငံတော်အစိုးရအသွင်အပြင် ဖြစ်လာတယ်။ အစိုးရကို the necessary evilလို့ ယူဆထားတာကြောင့် အစိုးရဟာ ထိန်းချုပ်ထားလို့သာ၊ ယဥ်ပါးအောင် မွေးမြူထားလို့သာရမယ်-ဖျက်ဆီးပစ်လို့လည်း မရဘူး၊ ပိုပြီး ယုတ်ရင်းကြမ်းတမ်းအောင်လည်း မလုပ်သင့်ဘူးဆိုတာမျိုး ဖြစ်လာတယ်။ လစ်ဘရယ်ဒီမိုကရေစီကို ယုံကြည်ကြတာဖြစ်လို့ representative government ကို ကျင့်သုံးကြတယ်။ နိုင်ငံတော်အစိုးရကသာ လူ့အဖွဲ့အစည်း မပျောက်မပျက်ရအောင် ထိန်းသိမ်းပေးနိုင်တယ်လို့ ယုံကြည်တာကြောင့် သူတို့ယုံကြည်လက်ခံထားတဲ့ တဦးချင်းဝါဒ၊ လွတ်လပ်မှု၊ ကြောင်းကျိုးဆီလျော်မှု၊ တရားမျှတမှု၊ သဘောထားကြီးမြတ်မှု စတဲ့ လစ်ဘရယ်အနှစ်သားတွေကို နိုင်ငံတော်အစိုးရရဲ့ပြဌာန်းမှုအောက်ကနေ/ခွင့်ပြုမှုအောက်ကနေသာ ခံစားကြရမယ်လို့ ယူဆကြတယ်။ The rule of law (တရားဥပဒေစိုးမိုးရေး)၊ freedom under the law(ဥပဒေတွင်းမှာပဲ လွတ်လပ်မှုဆိုတာ ရှိနိုင်တယ်ဆိုတဲ့ ယူဆမှု)၊ justice before the law (ဥပဒေအရသာ လူတိုင်းဟာ တရားမျှတမှုကို ရနိုင်တယ်ဆိုတဲ့အယူအဆ)တွေဟာ လစ်ဘရယ်ဝါဒီတွေရဲ့ နိုင်ငံရေးအသွင်အပြင်တွေ ဖြစ်လာတယ်။ မြေရှင်ပဒေသရာဇ်စနစ်ခေတ်ရဲ့ လက်ဝါးကြီးအုပ်ဖိနှိပ်မှုတွေ ဥပမာ လူတွေကို တဦးချင်းအသိအမှတ်မပြုဘဲ မျိုးနွယ်စုအလိုက်ဖြစ်စေ-အမျိုးဇာတ်အလိုက်ဖြစ်စေ-ဘာသာအလိုက်ဖြစ်စေ-နိုင်ငံရေးအဆင့်အတန်းအလိုက်ဖြစ်စေ အုပ်စုလိုက်သာ အသိအမှတ်ပြုတာ/ခွဲခြားဆက်ဆံတာတွေကို ဆန့်ကျင်အန်တုရာမှာတော့ လစ်ဘရယ်တန်ဖိုးတွေဟာ လွတ်မြောက်ရေးတန်ဖိုးတွေအဖြစ်ကိုင်စွဲစရာဖြစ်ခဲ့တယ်။ မြေရှင်ပဒေသရာဇ်စနစ်ခေတ်ရဲ့ အမှောင်ပိတ်ကားထက်မှာတော့ ဉာဏ်အလင်းပွင့်စရာတန်ဖိုးတွေဖြစ်ခဲ့တယ်။ လစ်ဘရယ်ဝါဒီတွေက ဒီစံတန်ဖိုးတွေ၊ အသွင်အပြင်တွေကို တလောကလုံးဆိုင်ရာအမှန်တရား၊ ဉာဏ်အလင်းပွင့်မှုအဖြစ် မှတ်ယူကျင့်သုံးလာခဲ့ကြတဲ့အခါမှာ ဒီစံတန်ဖိုးတွေကပဲ သူတို့ရဲ့ ပုဂ္ဂလိကဝါဒကို ထိခိုက်စေလာတော့တယ်၊ သူတို့ရဲ့ပုဂ္ဂလိကလွတ်လပ်မှုကို ဖျက်ဆီးပစ်တယ်၊ ကြောင်းကျိုးမဆီလျော်တာတွေ ဖြစ်ကုန်တယ်၊ တရားမျှတမှု ပျောက်ဆုံးကုန်တယ်၊ သဘောထားသေးသိမ်စရာတွေသာ ဖြစ်လာတော့တယ်။ စက်မှုတော်လှန်ရေးနှင့်အတူ အရင်းရှင်စနစ်ကျယ်ပြန့်ကြီးမားလာတော့ လစ်ဘရယ်ဝါဒီတွေဟာ သူတို့ဝါဒအပေါ် ပြန်ပြီးသုံးသပ်လာကြရတယ်။ ပုဂ္ဂလိကဝါဒဟာ သူတို့ယူဆယုံကြည်ခဲ့သလို လူသားတွေရဲ့လွတ်မြောက်ခြင်းမဟုတ်ဘဲ အတောမသတ်နိုင်တဲ့ လောဘထောင်ချောက်အဖြစ်သာ ပေါ်လွင်လာတယ်။ လွတ်လပ်ခြင်းဟာ သူတို့ချီးမွမ်းခဲ့သလို လူသားတွေရဲ့ အရေးပါမှုမဟုတ်ဘဲ လူသားတွေရဲ့ ထင်ရာစိုင်းမှုအဖြစ်သာ ပေါ်လွင်လာတယ်။ ကြောင်းကျိုးဆင်ခြင်းနိုင်စွမ်းဟာ သူတို့ဂုဏ်ယူခဲ့သလို လူသားတွေရဲ့ ဉာဏ်အလင်းပွင့်ခြင်း မဟုတ်တော့ဘဲ လူသားတွေရဲ့ကြောင်သူတော်ဆန်မှုအဖြစ်သာ ပေါ်လွင်လာတယ်။ တရားမျှတမှုဟာ သူတို့ကြွေးကြော်ခဲ့သလို လူသားတွေရဲ့ကျေနပ်အားရမှုမဟုတ်ဘဲ အာဏာရှိသူတို့အတွက် ဖုံးကွယ်ခိုလှုံစရာဖြစ်လာပြီး အာဏာလက်မဲ့တွေအတွက် ကြောက်ရွံ့ရှုံ့ရှာစရာသာ ဖြစ်လာတယ်။ သဘောထားကြီးမြတ်မှုဟာ သူတို့ကြွေးကြော်ခဲ့သလို ကွဲပြားခြားနားစွာ အသက်ရှင်နေထိုင်ခွင့်မဖြစ်လာဘဲ ကွဲပြားခြားနားမှုအလိုက် အဆင့်အတန်းခွဲခြားဖိနှိပ်ရေးအဖြစ်သာ ပေါ်လွင်လာတော့တယ်။ ဒီအခြင်းအရာတွေအားလုံး လစ်ဘရယ်ဝါဒနှင့် အရင်းရှင်စနစ်အားအကောင်းဆုံးဖြစ်ခဲ့တဲ့ ဗြိတိသျှအင်ပါယာရဲ့ နယ်ချဲ့အရင်းရှင်စနစ်၊ နယ်ချဲ့အင်ပါယာအစိုးရလက်ထက်မှာ ပေါ်လွင်လာတော့ အားလုံး မျက်လုံးမျက်ဆန်ပြူးစရာ ဖြစ်ကုန်တော့တယ်။ ဗြိတိသျှတွေရဲ့ကိုလိုနီစနစ်ကို ဆန့်ကျင်အန်တုစဥ်အခါမှာ အမေရိကန်လွတ်မြောက်ရေးတန်ဖိုးတွေအဖြစ်

ကြွေးကြော်ခဲ့တဲ့ လစ်ဘရယ်စံတန်ဖိုးတွေအားလုံးဟာ အမေရိကန်နိုင်ငံကိုယ်၌က နယ်ချဲ့အရင်းရှင်နိုင်ငံဖြစ်လာတော့ ခွဲခြားဖိနှိပ်ရေး စံတန်ဖိုးတွေဖြစ်ကုန်တော့တယ်။ နိုင်ငံတော်အစိုးရဟာ ကန့်သတ်လို့ရတဲ့-ယဉ်ပါးအောင် ထိန်းသိမ်းလို့ရတဲ့အရာဖြစ်တယ်ဆိုတဲ့ လစ်ဘရယ်တွေရဲ့ယုံကြည်မှုဟာ စိတ်ကူးယဉ်သက်သက်သာ ဖြစ်လာတော့တယ်။ the minimal state ဆိုတာ လူတဦးတယောက်ချင်းစီရဲ့သဘာဝအခွင့်အရေးတွေကို မထိပါးစေရအောင် ချမှတ်ထားတာ မဟုတ်တော့ဘဲ အာဏာရှိသူတွေရဲ့ လက်ကိုင်တုတ်ကလေးဆိုတဲ့အဓိပ္ပါယ်အဖြစ်သာ ပေါ်လွင်လာတော့တယ်။ နိုင်ငံတော်အစိုးရဟာ ကန့်သတ်မခံတော့ဘဲ the strong government အဖြစ်သာ ပေါ်လွင်လာတော့တယ်။ the separations of power ဟာ မူလရည်ရွယ်ချက်ဖြစ်တဲ့ check and balance အတွက်မဟုတ်တော့ဘဲ ခွဲဝေအာဏာမဏ္ဍိုင် ၃ ရပ်စလုံးဟာ ဟန်ချက်ညီညီ ခြစားပျက်စီးလာကြတော့တယ်။ ဥပဒေပြုရေးသာမက တရားစီရင်ရေးအာဏာကပင် အုပ်ချုပ်ရေးကို မထိန်းကျောင်းနိုင်တော့ပါ။ Lord Acton ရဲ့ စကားအတိုင်းဆို "..the absolute power corrupts absolutely." ဖြစ်လာတော့တယ်။ လစ်ဘရယ်ဝါဒီတွေဟာ သူတို့ မျက်မှောက်ရှေ့မှာတင် လစ်ဘရယ်စံတန်ဖိုးတွေကနေ သူတို့အကြောက်ဆုံးစံတန်ဖိုးတွေအဖြစ် ပြောင်းလဲသွားတာကို မြင်ကြရတော့တယ်။ ၂၀ ရာစုဟာ အရင်းရှင်စနစ်ရဲ့တိုးတက်ဖြစ်ထွန်းမှုတွေကုန်ဆုံးပြီး အကြီးအကျယ်ဖောက်ပြန်လာတဲ့ ရာစုနှစ်ဖြစ်လာခဲ့တယ်။ လစ်ဘရယ်ဝါဒီတွေဟာ ပြာပြာသလဲပါပဲ သူတို့သက်ဝင်ယုံကြည်ခဲ့တဲ့ အစွန်းရောက်ပုဂ္ဂလိကဝါဒ၊ လွတ်လပ်မှု၊ ကြောင်းကျိုးဆီလျော်မှု၊ တရားမျှတမှု၊ သဘောထားကြီးမြတ်မှုစတဲ့ ဂန္တဝင်လစ်ဘရယ်စံတန်ဖိုးတွေကို ပြုပြင်လိုက်ကြပြန်တယ်။ တဦးချင်းပုဂ္ဂလိကဝါဒဟာ ကိုယ်ကျိုးအတ္တကိုသာဖြစ်ထွန်းစေတယ်-ကိုယ်ကျိုးအတ္တဟာ တပါးသူကိုလည်း တနည်း ပတ်ဝန်းကျင်ကိုလည်း အကျိုးမပြုသလို မိမိကိုယ်တိုင်ကိုလည်း ပျက်စီးစေတယ်၊ ဒါကြောင့် ပုဂ္ဂလိဝါဒဆိုတာ လူတယောက်ရဲ့ကိုယ်ရည်ကိုယ်သွေးတိုးတက်မှု(personal development) နှင့် developmental individualism ကိုသာ ရည်ညွှန်းတယ်လို့ ဆိုကြပြန်တယ်။ လူတယောက်ရဲ့အရေးပါမှု-မပါမှုကို ဖြစ်ပေါ်စေတယ်လို့ယူဆကြတဲ့ လွတ်လပ်မှုဆိုတာမှာလည်း လူတယောက်ဟာ သူလုပ်ချင်ရာကို လုပ်နိုင်ခွင့်ရှိရင်၊ နေချင်သလိုနေနေရင် လူ့အဖွဲ့အစည်းဟာ ကစဉ့်ကလျားဖြစ်နေလိမ့်မယ်၊ ထိန်းမနိုင်သိမ်းမရဖြစ်နေလိမ့်မယ်၊ ဆင်းရဲချမ်းသာ ကွာဟမှုကြီးမားနေလိမ့်မယ်၊ ဒါကြောင့် လွတ်လပ်မှုလို့ဆိုရာမှာ ပုဂ္ဂိုလ်ရေးဆိုင်ရာ-ပုဂ္ဂလိကဆိုင်ရာတွေမှာသာ လုံးဝလွတ်လပ်ရမှာဖြစ်ပြီး ကျန်တဲ့ကိစ္စတွေမှာတော့ လုံးဝလွတ်လပ်ခွင့်လိုဟာမျိုး မရှိသင့်ဘူးလို့ ဆိုလာကြတယ်။ Isaiah Berlin ကတော့ negative freedom နှင့် positive freedom လို့ ခွဲခြားပြီး လူတွေဟာ positive freedom ကိုသာ ကျင့်သုံးသင့်တယ်လို့ ဆိုတယ်။ အကျိုးနှင့်အပြစ်မှာ အကျိုးဖြစ်စေတဲ့ လွတ်လပ်ခွင့်လိုဟာမျိုးသာ ရှိသင့်ပြီး အပြစ်ဖြစ်စေတာမျိုးဆိုရင် ပိတ်ပင်သင့်တယ်လို့ ဆိုလာကြတယ်။ တရားမျှတမှုလိုမျိုးမှာလည်း ယခင်က သဘာဝလူသားအခွင့်အရေးလိုမျိုးအပေါ်မှာ အခြေခံပြီးတော့ ဆင်းရဲချမ်းသာမရွေးဘဲ တတန်းတည်းထားပြီး အခွင့်အရေးအခြေပြုတရားမျှမှုကို ကျင့်သုံးခဲ့ကြပေမယ့် ချမ်းသာတဲ့ငွေရှင်ကြေးရှင်တွေဘက်ကသာ အမြဲတမ်းအနိုင်ရလာတဲ့အခါ တဘက်မှာဆင်းရဲထုအတွက် နာကျည်းစရာဖြစ်လာတော့တယ်။ ငွေကြေးတတ်နိုင်မှုအပေါ်လိုက်ပြီး အခွင့်အရေးတွေက ကွာဟလာတယ်- အခွင့်အရေးများများရတဲ့သူတွေက အမြဲတမ်းအနိုင်ရပြီး တရားမျှတမှုကဘက်လိုက်တဲ့အခါ လစ်ဘရယ်တွေရဲ့အခွင့်အရေးအခြေပြုတရားမျှတရေးကို ပြန်ပြီးသုံးသပ်ကြတော့တယ်။ သမ္မာသမတ်ကျမှုကို တရားမျှတမှုအဖြစ် ပြန်ပြီးကြွေးကြော်လာကြတော့တယ်။ ဒီပြုပြင်မှုတွေအပေါ်အခြေခံပြီးတော့ လစ်ဘရယ်တွေရဲ့နိုင်ငံတော်အယူအဆဟာ ယခင်က နိုင်ငံတော်ဟာ အများနှင့်သက်ဆိုင်တဲ့အရေးကိစ္စတွေမှာသာ အစိုးရသင့်တယ်လို့ ကိုင်စွဲထားကြရင်းကနေ(the minimal state ကနေ) နိုင်ငံသားတွေရဲ့ ပုဂ္ဂလိဆိုင်ရာတွေအထိ စွက်ဖက်နိုင်တဲ့ enabling stateကို လက်ခံလာကြတယ်။ သူတို့အတွေးအခေါ်ကို ခေတ်နှင့်အညီပြုပြင်လိုက်ကြတယ်လို့ ခေတ်သစ်လစ်ဘရယ်တွေက ကြွေးကြော်လာကြတယ်။ ဒီအချက်ကို လက်မခံဘဲ ရှေးဂန္တဝင်လစ်ဘရယ်တန်ဖိုးတွေအတိုင်းဆက်လက်ဆက်ခံကြတဲ့ လစ်ဘရယ်တွေကလည်း သူတို့ ကိုယ်သူတို့လစ်ဘရယ်လက်သစ်တွေ(

neoliberals)အဖြစ် ကိုင်ဆွဲနေကြပြန်တယ်။ လစ်ဘရယ်လက်သစ်တွေနေနေ-ခေတ်သစ်လစ်ဘရယ်တွေနေနေ(သူတို့ကိုယ်သူတို့ အုပ်စုနှစ်စုအဖြစ်ခွဲခြားနေကြပေမယ့်) သူတို့ရဲ့ နိုင်ငံရေး ရပ်တည်ချက်၊ အမြင်၊ နည်းနာ တွေဟာ သွားတူနေတယ်။ သူတို့ ရပ်တည်ချက်၊ အမြင်တွေဟာ မပြောင်းလဲပါဘူး။ လူ့အဖွဲ့အစည်းဆိုတာ အရင်မလာဘဲ လူတဦးတယောက်ချင်းစီကသာ အရင်လာတယ်ဆိုတဲ့ the primacy of individual အမြင်၊ လူသားတွေဟာ သဘာဝအခြေအနေမှာ အရိုင်းအစိုင်းတွေ-ကိုယ်ကျိုးရှာသမားတွေ တနည်းအားဖြင့် လူ့အဖွဲ့အစည်းရဲ့ ယဥ်ကျေးမှုအမွေအနှစ်တွေဟာ ယာယီအားဖြင့်နှင့်အပေါ်ယံ ဟန်ဆောင်မှု သက်သက်သာဖြစ်တယ်ဆိုတဲ့ အမြင်(သဘာဝအခြေအနေကိုပြန်ရောက်တာနဲ့ လူသားတွေဟာ ကိုယ်ကျိုးကိုပဲ ရှာကြလိမ့်မယ်-အရိုင်းအစိုင်းတွေအဖြစ်ပဲ ပြန်ဖြစ်လိမ့်မယ်-ယဥ်ကျေးမှု/သိမ်မွေ့မှု/အပြန်အလှန်စာနာနားလည်ငဲ့ညှာမှု တွေဟာ အခြေအနေ တနည်း အထိန်းအကွက် တနည်း အစိုးရရှိနေလို့သာ ယာယီအားဖြင့်နှင့် အပေါ်ယံအားဖြင့် ရှိနေရခြင်းဖြစ်တယ် ဆိုတဲ့အမြင်) စတဲ့အမြင်တွေဟာ သူတို့အတွက် မပြောင်းမလဲဘဲ ဆက်ရှိနေတယ်။ အုပ်စု ၂ ခုစလုံးအတွက် ဒီအမြင်တွေဟာ အတူတူပဲ။ ဒီအမြင်တွေအပေါ်အခြေခံပြီးတော့ နိုင်ငံတော်အစိုးရဟာ the necessary evil ဖြစ်တယ်လို့ လက်ခံကြတာလည်း တူတယ်၊ နိုင်ငံတော်ကို ထိန်းကျောင်းထိန်းကွက်ယဥ်ကျေးအောင် လုပ်လို့ရတယ်-ဒီလိုလုပ်ဖို့ဆို အာဏာခွဲဝေကျင့်သုံးရမယ်/ အရပ်ဘက်အဖွဲ့အစည်းတွေ အားကောင်းအောင်လုပ်ပြီးတော့ အရပ်ဘက်အဖွဲ့တွေနဲ့ ထိန်းကျောင်းရမယ်လို့ ဆိုကြတာမှာလည်း တူတယ်။ Individualism ကြောင့် လူ့အဖွဲ့အစည်းဟာ လူတန်းစားတွေနဲ့ဖွဲ့စည်းထားတယ်လို့ မမြင်နိုင်တာ၊ လူ့အဖွဲ့အစည်းဟာ state of nature ကို ပြန်မသွားနိုင်တော့ဘူးဆိုတာကို မမြင်နိုင်တာ၊ လူသားတွေရဲ့ state of nature ဟာ သူတို့ယူဆယုံကြည်သလို barbarism မဟုတ်နေဘူးဆိုတာကို မမြင်နိုင်တာတွေမှာလည်း သွားတူနေတယ်။ ဒီအမြင်တွေ၊ ယုံကြည်မှုတွေကြောင့် လစ်ဘရယ်ဝါဒီတွေဟာ အာဏာရစဥ်အခါမှာလည်း သူတို့ယုံကြည်ယူဆထားတဲ့ လူ့အဖွဲ့အစည်းမျိုးကို မတည်ဆောက်နိုင်ကြသလို အတိုက်အခံအင်အားစုအနေနဲ့လည်း ပြတ်သားတဲ့အောင်မြင်မှုရလဒ်ကို မရရှိနိုင်ကြပါဘူး။ အမြဲတမ်းပဲ သူတို့ဟာ ကိုယ်မနာတဲ့ အလျှော့အတင်းတွေနဲ့သာ အဆုံးသတ်ရတယ်။ ဒီလိုအဆုံးသတ်ရတဲ့ကိစ္စ၊ ပြတ်သားတဲ့အောင်မြင်မှုရလဒ်ကို မရယူနိုင်တဲ့ကိစ္စမှာ လစ်ဘရယ်ဝါဒီတွေရဲ့ အခြေခံကျတဲ့အကြောင်းအရာရှိပြန်တယ်။ အဲ့ဒါကတော့ သက်ရှိတွေရဲ့ဆင့်ကဲပြောင်းလဲမှု-သဘာဝဖြစ်စဥ်တွေရဲ့ဆင့်ကဲပြောင်းလဲမှု-အဲ့ဒီကတဆင့် လူ့အဖွဲ့အစည်းတခုကနေ နောက်တခုကိုဆင့်ကဲပြောင်းလဲမှု ဒီပြောင်းလဲမှုဟာနှေးကွေးပြီးတော့ ဖြည်းဖြည်းချင်းသာ/ငြိမ်းချမ်းစွာဖြစ်ပျက်တယ်လို့ ယူဆယုံကြည်ကြတာပဲ။ ဒါဝင်ရဲ့သက်ရှိဆင့်ကဲပြောင်းလဲမှုသီအိုရီကို ဒီလိုမှတ်သားကြတဲ့/နားလည်ကြတဲ့ အမြင်ကနေ လစ်ဘရယ်တွေဟာ သူတို့အတိုက်အခံနိုင်ငံရေး လမ်းစဥ်ကို အလျှော့အတင်းလုပ်ရင်း-တဖြည်းဖြည်းချင်းသာ အကောင်အထည်ဖော်ကြတော့တယ်။ ဆင့်ကဲပြောင်းလဲမှု သီအိုရီကို တဖြည်းဖြည်းချင်း ငြိမ်းချမ်းစွာဖြစ်ပေါ်တဲ့ဖြစ်စဥ်အဖြစ် နားလည်ကြတဲ့အမြင်ကနေ လူ့အဖွဲ့အစည်းပြုပြင်ပြောင်းလဲရေးဟာ တဖြည်းဖြည်းချင်းပြုပြင်ပြောင်းလဲရေးသာဖြစ်တယ်-ဒီအမြင်ကနေ အကြမ်းမဖက်ပြုပြင်ရေးနည်းလမ်းဟာ အကောင်းဆုံးဆိုတာမျိုးဆီ ရောက်ကြတာမျိုးလည်း ရှိလာတယ်။ အိန္ဒိယရဲ့နယ်ချဲ့ဆန့်ကျင်တော်လှန်ရေးမှာ မဟတ္တမဂန္ဒီရဲ့ အကြမ်းမဖက်အာဏာဖီဆန်ရေးနည်းလမ်းဟာ သြဇာကြီးမားခဲ့တယ်။ ၈၈ကာလ ဗမာပြည်အဖိနှိပ်ခံတွေရဲ့ တော်လှန်ရေးမှာ လူထုထောက်ခံမှုနှင့်အတူ ရှေ့တန်းကိုထွက်လာတဲ့ ဒေါ်အောင်းစုကြည်ရဲ့အကြမ်းမဖက် စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လမ်းစဥ်လည်း ထင်ရှားပါတယ်။ ဒါပေမယ့် လူကြိုက်များ-ထင်ရှားကျော်စောမှုရှိရုံနဲ့ လူ့အဖွဲ့အစည်းရဲ့အခြေခံကျတဲ့ ဆင့်ကဲပြောင်းလဲမှုဖြစ်စဥ်ဟာ ပြောင်းလဲသွားတာမျိုး မရှိပါ။ လူသားတွေ ကြိုက်သည်ဖြစ်စေ-မကြိုက်သည်ဖြစ်စေ လူသားတွေရဲ့ free will နှင့် ကင်းကွာစွာပင် လူ့အဖွဲ့အစည်းဟာ သူ့ဆင့်ကဲပြောင်းလဲမှုဖြစ်စဥ်အတိုင်းသာ ပြောင်းလဲလာခဲ့တယ်။ ဗမာပြည် လစ်ဘရယ်ဝါဒီတွေမှာ ယုံကြည်သက်ဝင်မှုအတိုင်း မိမိနိုင်ငံရေးဘဝတခုလုံးကို မြုပ်နှံရှင်သန်ကြသူတွေထဲ ဒေါ်အောင်ဆန်းစုကြည် ပါဝင်တယ်။ အများစုကတော့ လစ်ဘရယ်ဝါဒီတွေလို့သာ ဆိုရတယ်၊ လစ်ဘရယ်အတွေးအခေါ်

အပေါ်လည်း ယုံကြည်သက်ဝင်မှု မရှိကြသလို-လစ်ဘရယ်အတွေးအခေါ်ကိုတောင် ဂဂဏာဏ သိနားလည်ကြတာ မဟုတ်ပါ။ ဒေါ်အောင်ဆန်းစုကြည်ဟာ အတိုက်အခံနိုင်ငံရေးသမားဘဝ၊ အတိုက်အခံနိုင်ငံရေးပါတီခေါင်းဆောင်ဘဝ၊ အာဏာရပါတီ နိုင်ငံရေးခေါင်းဆောင်ဘဝ၊ အာဏာရအစိုးရခေါင်းဆောင်ဘဝ စတဲ့ နိုင်ငံရေးဖြတ်သန်းမှု အဆင့်ဆင့်ကို ရဲရဲရင့်ရင့်ဖြတ်သန်းဖူးပြီး ဖြတ်သန်းမှုအဆင့်တိုင်းမှာ လစ်ဘရယ်ဝါဒအတိုင်းသာ လိုက်နာကျင့်သုံးခဲ့သူဖြစ်တယ်။ အာဏာမရခင်ရော၊ အာဏာရပြီးသွားတဲ့ အချိန်မှာရော မိမိယုံကြည်သက်ဝင်တဲ့ဝါဒကို မစွန့်လွှတ်ခဲ့သူဖြစ်တယ်။ ဒေါ်အောင်ဆန်းစုကြည်ကို သူ့ရပ်တည်ချက်တွေ- သူ့အမြင်တွေ - သူ့လုပ်ဟန် တွေကတဆင့် သူဟာ လစ်ဘရယ်ဝါဒီစစ်စစ်ပဲဆိုတာ လွယ်လွယ်ကူကူပဲ သုံးသပ်လို့ရပါတယ်။ နောက်ဆုံး သူ့လုပ်ငန်းစဥ်တွေ ကျရှုံးသွားရတဲ့အကြောင်းရင်းတွေမှာတောင် လစ်ဘရယ်ရပ်တည်ချက်-အမြင်-လုပ်ဟန်တွေ ကသာ အဓိကအကြောင်းရင်းဖြစ်နေလို့ပဲ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေးအယူအဆမှာ ဖွံ့ဖြိုးမှုကို အသားပေးတဲ့ ပုဂ္ဂလိကဝါဒ၊ အကျိုးပြုလွတ်လပ်မှု၊ ကြောင်းကျိုးဆီလျော်မှု၊ တရားမျှတမှု၊ သဘောထားကြီးမှု စတဲ့ အခြေခံ ခံယူချက်တွေ ရှိတာတွေ့ရတယ်။ ဒီအခြေခံခံယူချက်တွေအပေါ် အခြေခံပြီးတော့ NLD ပါတီကို ဦးဆောင်တာ၊ နိုင်ငံတော်အစိုးရကို ဦးဆောင် တာ၊ ဗမာ့လူ့အဖွဲ့အစည်း ပြုပြင်ပြောင်းလဲရေးတွေ ဆောင်ရွက်တာတွေ့ရတယ်။ ဒီအခြေခံ ခံယူချက်တွေကို ဆန်းစစ်ကြည့်ရင် ဒေါ်အောင်ဆန်းစုကြည်ဟာ ခေတ်သစ်လစ်ဘရယ်ဝါဒီပဲဆိုတာ အထင်းသားမြင်ရတယ်။ NLDပါတီကိုလည်း လစ်ဘရယ် အယူအဆအပေါ်ကနေ ဖွဲ့စည်းပါတယ်။ ဒါကြောင့် ရှေးရိုးစွဲဝါဒီတွေနဲ့ကနဦးမှာ ပူးပေါင်းတည်ထောင်ခဲ့ပေမယ့် လစ်ဘရယ် အယူအဆပီပြင်လာတဲ့အခါမှာ ရှေးရိုးစွဲဝါဒီတွေနဲ့လမ်းခွဲရတော့တယ်။ လူပုဂ္ဂိုလ်အခြေပြုတဲ့ တနည်းအားဖြင့် individualism ကို အသားပေးတဲ့ စဥ်းစားနည်းကိုလည်း ကနဦးကတည်းက စတင်ခဲ့တယ်လို့ဆိုနိုင်တယ်။ ပါတီတည်ဆောက်ရေးအသွင်ထက် အဖွဲ့ချုပ်သဏ္ဍာန်-တပ်ပေါင်းစုသဏ္ဍာန်တည်ဆောက်ရေးအတွက် ဦးစားပေးခဲ့ပေမယ့် လစ်ဘရယ်ဝါဒပီပြင်လာတဲ့အခါ ရှေးရိုးစွဲ ဝါဒီတွေနဲ့ လမ်းခွဲရတော့တယ်။ အောင်၊ စု၊ တင် ပေါင်းပြီး ပါတီတည်ထောင်ခဲ့တာဟာ အထင်အရှားပင်ဖြစ်တယ်။ ဒေါ်အောင်ဆန်းစုကြည်က လွတ်လပ်ခွင့်-ကြောင်းကျိုးဆီလျော်မှု-သဘောထားကြီးမှုစတဲ့ သူ့နိုင်ငံရေးအယူအဆနှင့် ပတ်သက် လို့ Yale တက္ကသိုလ်နဲ့အင်တာဗျူးတခုမှာ “ကိုယ့်ရဲ့လွတ်လပ်ခွင့်ဟာ တပါးသူရဲ့ အခွင့်အရေးတွေကို မထိပါးသင့်ဘူး… လူတွေ ဟာ သူတို့ရဲ့ကွဲပြားခြားနားချက်တွေနှင့်ပတ်သက်လို့ ကြောင်းကျိုးဆီလျော်တဲ့ဆွေးနွေးညှိနှိုင်းမှု မလုပ်နိုင်စရာအကြောင်း မရှိဘူး..”လို့ ဆိုခဲ့တယ်။ သူ့ရဲ့ဒီလိုလစ်ဘရယ်နိုင်ငံရေးအယူအဆကနေ လစ်ဘရယ်နိုင်ငံတော်အယူအဆဟာ ဖြစ်လာတယ်။ ဒေါ်အောင်ဆန်းစုကြည်က “ဒီမိုကရေစီဆိုတာကို ဒီမိုကရေစီရဲ့အဓိက ထောက်တိုင်ကြီး ၃ ရပ်(အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး)နဲ့တွဲပြီးတော့ပဲ စဥ်းစားဖွင့်ဆိုနိုင်မယ်..”လို့ သူအကျယ်ချုပ်ကပြန်ထွက်လာတော့ Asia Society စီစဥ်တဲ့ သူ့မိန့်ခွန်းမှာ ဆိုခဲ့တယ်။ အစိုးရရဲ့အာဏာကို ထိန်းကြောင်းဖို့ အာဏာထောက်တိုင် ၃ ရပ်ကို check and balance ရှိအောင် အချင်းချင်း လွှမ်းမိုးချုပ်ကိုင်မှုကင်းတဲ့ယန္တယားတွေဖြစ်အောင်တည်ဆောက်ရမယ်လို့ လစ်ဘရယ်တွေ ယုံကြည်ကြသလို ဒေါ် အောင်ဆန်းစုကြည်ကလည်း ယုံကြည်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ အာဏာသုံးရပ်သီးခြားစီကျင့်သုံးထားတဲ့ ဒီမိုကရေစီဟာ ပြည့်စုံကုံလုံတဲ့စနစ် တခုမဟုတ်ပေမယ့် ပြည်သူတွေရဲ့လုံခြုံရေး နှင့် လွတ်လပ်မှုကို အမျှတဆုံး ထိန်းသိမ်းပေး နိုင်တဲ့စနစ်ဖြစ်တယ်လို့ ယုံကြည်တယ်။ ဒီလို လွတ်လပ်မှု နှင့် လုံခြုံရေးကို အာမခံပေးနိုင်တဲ့ စနစ်အတွင်းမှာသာ နိုင်ငံသား တွေဟာ သူတို့ရဲ့ကွဲပြားခြားနားတဲ့ အမြင်တွေ၊ အတွေးအခေါ်တွေ၊ ယုံကြည်မှုတွေကို အကောင်းဆုံး ဆွေးနွေးဖလှယ်နိုင် ကြမယ်၊ ညှိနှိုင်းနိုင်ကြမယ်လို့ ဆိုတယ်။ ဒါ့ကြောင့် ဒေါ်အောင်ဆန်းစုကြည်ဟာ အတိုက်အခံနိုင်ငံရေးခေါင်းဆောင်အနေနဲ့ရော၊ အာဏာရအစိုးရခေါင်ဆောင်အနေနဲ့ရော တဘက်မှာ Rule of law (တရားဥပဒေစိုးမိုးရေး) ကို ကိုင်စွဲသလို အခြားတဘက်မှာ Human Right (လူ့အခွင့်အရေး) ကို ဆုပ်ကိုင်ထားတယ်။ သဘောထားကြီးမှု ဆိုတဲ့ လစ်ဘရယ်နိုင်ငံရေး အယူအဆ အခြေခံကနေ ဒေါ်အောင်ဆန်းစုကြည်ဟာ အကြမ်းမဖက်နိုင်ငံရေးလမ်းစဥ်ကိုပါ ယုံကြည်တယ်။ NLD ကိုလည်း ဒီနိုင်ငံရေး

လမ်းစဉ်အတိုင်းသာ ပြုစုပျိုးထောင်ခဲ့တယ်။ အပြောင်းအလဲကို နည်းလမ်းများစွာနဲ့ လုပ်လို့ရတာမှန်တယ်- လက်နက်ကိုင်အကြမ်းဖက်ပြီးတော့ဖြစ်စေ/ အကြမ်းမဖက်တဲ့နည်းလမ်းနဲ့ဖြစ်စေ လုပ်လို့ရတယ်-ဒါပေမယ့် ရေရှည်တည်တံ့ပြီးတော့ ထိရောက်အကျိုးရှိတဲ့နိုင်ငံရေးအပြောင်းအလဲကို လိုချင်ရင် အကြမ်းမဖက်တဲ့နိုင်ငံရေးလမ်းစဉ်နဲ့သာ ရနိုင်တယ်လို့ ဆိုပါတယ်။ အဓိကကတော့ အကြမ်းမဖက်နိုင်ငံရေးလမ်းစဉ်ဟာ ကွဲပြားခြားနားနေတဲ့/ မကျေမလည်ဖြစ်နေတဲ့ နိုင်ငံရေးသဘောထားတွေကို ဖြေရှင်းနိုင်မှာဖြစ်လို့ အဲ့ဒီကတဆင့်ရလာတဲ့ အပြောင်းအလဲဟာ ရေရှည်တည်တံ့တဲ့ နိုင်ငံရေးအပြောင်းအလဲဖြစ်မယ်လို့ သူယုံကြည်ပုံပါပဲ။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ အတိုက်အခံနိုင်ငံရေးခေါင်းဆောင်ဘဝကနေ အာဏာရအစိုးရခေါင်းဆောင်ဘဝအထိ လူ့အခွင့်အရေးအခြေပြုထားတဲ့(ဖွံ့ဖြိုးမှုကိုအခြေပြု ထားတဲ့)ပုဂ္ဂလိကဝါဒ၊ တာဝန်ယူမှု-တာဝန်ခံမှုရှိတဲ့ လွတ်လပ်မှု (positive freedom)၊ အကြမ်းမဖက်နိုင်ငံရေး လမ်းစဉ်-တွေ့ဆုံဆွေးနွေးညှိနှိုင်းရေးလမ်းစဉ်(သဘောထားကြီးမှု- ကြောင်းကျိုးဆီလျော်မှု)စတဲ့ နိုင်ငံရေးအယူအဆတွေနဲ့ တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေး၊ ၂၀၀၈ ခြေဥကို ဒီမိုကရေစီနည်းကျပြင်ဆင်ရေး၊ နိုင်ငံတော်ရဲ့အာဏာသုံးရပ်ကို တခုနှင့်တခု ထိန်းကြောင်းနိုင်အောင် တည်ဆောက်ရေးတွေကို တောက်လျှောက် အကောင်အထည်ဖော်ခဲ့ပေမယ့် ဖော်ပြပါ လုပ်ငန်းတခုမှ မအောင်မြင်ခဲ့ဘူးဆိုတာ တွေ့ရတယ်။ ဒါကို အချိန်အကန့်အသတ်ကြောင့် မအောင်မြင်ခဲ့တာ၊ ကြိုးစားခဲ့ပေမယ့် ဗမာပြည်ကံကြမ္မာကကို ဒီလိုဖြစ်နေလို့ မအောင်မြင်တာ၊ ပြည်သူတွေ အသိပညာနည်းပါးကြလို့/တက်ကြွမှုအားနည်းကြလို့ မအောင်မြင်တာ၊ တော်လှန်ရေးအဖွဲ့တွေ/အတိုက်အခံအင်အားစုတွေ မညီညွတ်ကြလို့ မအောင်မြင်တာ စသဖြင့် အမျိုးမျိုး အကြောင်းပြနိုင်ပေမယ့်/အကြောင်းပြကြတာတွေရှိပေမယ့် အဲ့ဒီအကြောင်းပြချက်တွေက တကယ့်အကြောင်းရင်းတွေမဟုတ်ဘူးဆိုတာ ပေါ်လွင်လိမ့်မယ်။ အချိန်အားဖြင့်ဆိုရင်လည်း ၈၈ကာလ ကနေ ၂၀၂၀ အထိ ဆယ်စုနှစ် ၃ ခုအထိ ရရှိခဲ့သလို ပြည်သူတွေ မတက်ကြွဘူးလို့ဆိုစရာလည်း မရှိဘူး။ ၈၈ ကာလကနေ ကနေ့အထိ ဒေါ်အောင်ဆန်းစုကြည်နှင့်သူ့ပါတီ NLDရဲ့ နိုင်ငံရေးလုပ်ငန်းစဉ်တိုင်းမှာ ပြည်သူတွေရဲ့ တက်ကြွတဲ့အားပေးထောက်ခံမှု ရှိနေခဲ့တယ်။ တော်လှန်ရေးအဖွဲ့တွေ/အတိုက်အခံအင်အားစုတွေ မညီညွတ်ကြလို့ဆိုတာက အကြောင်းရင်းခံမဟုတ်ဘဲ ဘယ်လိုနိုင်ငံရေးလမ်းစဉ်တွေ-လုပ်ငန်းစဉ်-လုပ်ဟန်တွေနဲ့ သွားနေကြလို့ မညီညွတ်နိုင်တာက တကယ့်အကြောင်းရင်းဖြစ်တယ်။ ဗမာပြည်ရဲ့ကံကြမ္မာကကို ဒီလိုဖြစ်နေတာလို့ဆိုကြတဲ့ကိစ္စကတော့ ကြိုးစားအားထုတ်မှုတဝက်တပျက်နဲ့ လက်လျှော့ကြသူတွေရဲ့ညည်းသံသာဖြစ်လိမ့်မယ်။ ဒါကြောင့် သေချာကြည့်မယ်ဆိုရင် အချိန်ကာလပြဿနာ၊ ဗမာပြည်ရဲ့အခြေအနေတွေက မအောင်မြင်ရတဲ့ အကြောင်းရင်းခံမဟုတ်ဘဲ လစ်ဘရယ် နိုင်ငံရေးအတွေးအခေါ်-လုပ်ငန်းစဉ်တွေကသာ တကယ့်အကြောင်းရင်းခံဖြစ်နေတာပဲ။ လစ်ဘရယ်နိုင်ငံရေးအတွေးအခေါ်အရ ဆိုရင် ကွဲပြားခြားနားမှုတွေ/မကြေလည်မှုတွေ ရှိနေတဲ့သူတွေအကြားမှာ အလုပ်ဖြစ်တဲ့ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုမျိုး မရှိနိုင်စရာ အကြောင်းမရှိဘူးလို့ ဆိုထားပေမယ့် ဒေါ် အောင်ဆန်းစုကြည်နှင့်စစ်အုပ်စုတို့ကြားက တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုဟာ ဆယ်စုနှစ် ၃ခုကြာတဲ့အထိ အလုပ်မဖြစ်ခဲ့ပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ဟာ တရားဥပဒေစိုးမိုးရေးကို အတိုက်အခံဘဝမှာရော၊ လွှတ်တော်ထဲ ဝင်ပြီးတဲ့အချိန်မှာရော တလျှောက်လုံး အကောင်အထည်ဖော်ခဲ့ပေမယ့် ၂၀၁၅-၂၀၂၀ လို အာဏာရအစိုးရအဖြစ် ဆောင်ရွက်ရတဲ့ကာလမှာပင် သမ္မတရုံးကတိုက်ရိုက်ကိုင်တွယ်တဲ့ အမှုတွေအတွက်တောင် တရားမျှတမှုမရရှိနိုင်တဲ့အထိ တရား ဥပဒေစိုးမိုးရေးဟာ ယိုယွင်းနေဆဲပဲဖြစ်တယ်။ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးဆိုပြီး ကြိုးပမ်းသမျှကလည်း ၂၀၂၁ လူထု တော်လှန်ရေးပေါ်ပေါက်မှုကိုကြည့်ရင် ဘာမှမလုပ်မဖြစ်ခဲ့ဘူးဆိုတာ တွေ့ရမယ်။ နိုင်ငံရေးအကျဉ်းသား မရှိတဲ့ကာလရယ်လို့ မရှိခဲ့ဖူးပါ။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့NLD ပါတီ အာဏာရအစိုးရအဖြစ် တာဝန်ယူရတဲ့ကာလလိုမှာတောင် နိုင်ငံရေးအကျဉ်းသားတွေအဖြစ် ကျောင်းသားတွေ၊ နိုင်ငံရေးသမားတွေ၊ သတင်းသမားတွေကို ထောင်သွင်းချအရေးယူတာ ရှိတော့ ခုလို

စစ်အုပ်စုက အပြည့်အဝအာဏာပြန်လည်ရယူတဲ့အခါမှာတော့ နိုင်ငံရေးအကျဉ်းသား ကင်းစင်သွားတဲ့ကာလရယ်လို့ မရှိနိုင်တော့ဘူး။ ၂၀၀၈ ခြေဥ ပြင်ဆင်ရေးကလည်း NLD ပါတီ တောင်ပြိုကမ်းပြိုအနိုင်ရပြီး လွှတ်တော်မှာ စစ်အုပ်စုကစေလွှတ်တဲ့ တပ်ကိုယ်စားလှယ်တွေကလွဲရင် အများဆုံးကိုယ်စားပြုနိုင်ပါလျက် ၂၀၀၈ ခြေဥရဲ့ ဘယ်ပုဒ်မကိုမှ မပြင်နိုင်ခဲ့ဘူး။ ဥပဒေပြုရေးမှာ တပ်ကခွင့်မပြုတိုင်း ဘာဥပဒေမှရေရေရာရာမထွက်နိုင်တဲ့အတွက် ကျန်တဲ့အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတွေကလည်း အပြန်အလှန်ထိန်းကျောင်းဖို့နေသာ သူ့ကဏ္ဍနဲ့သူတောင် အလုပ်ဖြစ်အောင်လည်ပတ်နိုင်ခြင်း မရှိတော့ဘူး။ စစ်အုပ်စုရဲ့ လုပ်ရပ်မှန်သမျှဟာဥပဒေအထက်မှာရှိနေတော့ ဥပဒေအရ သူတို့ကို အုပ်ချုပ်ဖို့-တရားစီရင်ဖို့-ထိန်းကျောင်းဖို့ဆိုတာတွေက မဖြစ်နိုင်တော့ဘူး။ ဒေါ်အောင်ဆန်းစုကြည် ယုံကြည်ခဲ့တဲ့ နိုင်ငံရေးလမ်းစဥ်-လုပ်ငန်းစဥ်တွေ တကယ့်လက်တွေ့မှာ အလုပ်မဖြစ်တာတွေကြုံရတာဟာ သူ့လစ်ဘရယ်နိုင်ငံရေးအယူအဆမှာ အရင်းခံနေတာတွေ့ရမယ်။ တွေ့ဆုံဆွေးနွေးရေး - ညှိနှိုင်းရေးလမ်းစဥ် ရွေးချယ်တာနှင့်ပတ်သက်လို့ “ဗမာပြည်မှာ အပြောင်းအလဲကို လက်နက်ကိုင်အကြမ်းဖက်ပြီးတော့ လုပ်လိုကြတာရယ်၊ အဲ့ဒီလို လက်နက်ကိုင်အကြမ်းဖက်ပြီးတော့ ပြောင်းလဲကြမှာကို တားဆီးဖို့ လက်နက်ကိုင်အကြမ်းဖက်တာဆိုတဲ့ လက်နက်နဲ့ဖြေရှင်းတဲ့ရိုးရာ(အကျင့်)ရှိပါတယ်၊ ဒါကြောင့် ကျွန်မတို့ဟာ နိုင်ငံရေးနည်းလမ်းတွေအရ အပြောင်းအလဲလုပ်တဲ့နည်းလမ်းကို သင်ယူသင့်တာပါ၊ အဲ့ဒီနည်းလမ်းကတော့ ဆွေးနွေးညှိနှိုင်းပြီး ဖြေရှင်းရတဲ့နည်းလမ်းပါ.ငြိမ်းချမ်းတဲ့နည်းလမ်းပေါ့လေ” ဆိုပြီး Vital Voices Global Partnership နှင့် အင်တာဗျူးမှာ ဒေါ်အောင်ဆန်းစုကြည်ဟာ ဖြေဆိုခဲ့ပါတယ်။ သူ့ပါတီ NLD ကိုလည်း ဒီလိုနိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းလမ်းအရ ဆွေးနွေးညှိနှိုင်းအဖြေရှာတဲ့နည်းအတိုင်း ဖြေရှင်းနိုင်တဲ့ပါတီတခုဖြစ်အောင် တည်ဆောက်ထားတယ်/ဒီမူအပေါ်မှာ တည်ဆောက်ထားတယ်လို့ တခြားအင်တာဗျူး တွေမှာ ဖြေဆိုထားပါတယ်။ ဒါကို ကြည့်မယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည်ဟာ လက်နက်ကိုင်တော်လှန်ရေးနှင့်တန်ပြန်လက်နက်ကိုင်တော်လှန်ရေးတွေကို အကျင့်တခု ဒါမှမဟုတ် ဓလေ့ရိုးရာတခုအဖြစ်သာ ရှုမြင်နေတာ တွေ့ရမယ်။ အမှန်က လက်နက်ကိုင်တော်လှန်တာက လူတယောက်ချင်းစီရဲ့အကျင့်နှင့်သော်လည်းကောင်း၊ သူ့နေထိုင်ပြုမူလေ့ရှိတဲ့ဓလေ့နှင့်သော်လည်းကောင်း မဆိုင်ပါဘူး။ အဲ့ဒီလိုပဲ စစ်အုပ်စုဘက်က လက်နက်ကိုင်အနိုင်ကျင့်ဖိနှိပ်ဗိုလ်ကျတာ-လက်နက်နဲ့ဖြေရှင်းလေ့ရှိတာတွေကလည်း သူတို့ရဲ့အကျင့်နှင့်မဆိုင်ပါဘူး။ ကျနော်တို့ တဦးချင်းစီရဲ့အကျင့်တွေဘယ်လိုပဲ ဖြစ်နေပါစေ-ငြိမ်းချမ်းနေပါစေ/အကြမ်းဖက်တတ်ပါစေ လူတန်းစားတိုက်ပွဲရဲ့အမြင့်ဆုံးအဆင့်ကို ရောက်လာတဲ့ကာလမှာ ကျနော်တို့ဟာ လက်နက်ကိုင်တော်လှန်ရတာတွေဖြစ်လာမှာဖြစ်သလို တန်ပြန်တော်လှန်ရေးအားကောင်းနေတဲ့အချိန်နှင့် အုပ်စိုးသူလူတန်းစားရဲ့ နိုင်ငံရေးအရလှည့်စားမှုအလုပ်ဖြစ်တဲ့အချိန်-အုပ်စိုးခံတွေကြားမှာကင်းကွာမှုဖြစ်စဥ်အားကောင်းနေတဲ့အချိန်မှာ အုပ်စိုးသူလူတန်းစားရဲ့လက်နက်ကိုင်ဖိနှိပ်မှုတွေကို လက်ပိုက်ကြည့်နေရတာတွေ ရှိနေမှာပါ- အေးဆေးနေရတာတွေ/ပြောဆိုဆွေးနွေးရတာတွေရှိနေမှာပဲ။ လူတန်းစားတိုက်ပွဲက လက်နက်ကိုင်တော်လှန်ရေးကို တောင်းဆိုနေချိန်မှာ လက်နက်ကိုင်လမ်းစဥ်ကို မဆင်နွဲနိုင်ရင် တော်လှန်ရေးအောင်မြင်မှာမဟုတ်သလို တန်ပြန်တော်လှန်ရေးအားကောင်းနေချိန်နှင့် လူထုကြားကင်းကွာဖြစ်စဥ်အားကောင်းနေချိန်မှာ လက်နက်ကိုင်တော်လှန်ရေးဆင်နွဲမိရင်လည်း လမ်းစဥ်မှားပြီး တော်လှန်ရေးရှုံးနိမ့်မှာပဲ။ ဒါကြောင့် လက်နက်ကိုင်တော်လှန်အကြမ်းဖက်ရေးဟာ အကျင့်မဟုတ်ဘူး/ဓလေ့ရိုးရာ မဟုတ်ဘူး။ အကျင့်-ဓလေ့-ရိုးရာ စတာတွေဟာ တရားသေလုပ်ရိုးလုပ်ထုံးတွေဖြစ်တယ်။ဘယ်လိုအခြေအနေပဲရှိရှိ မပြောင်းမလဲဘဲ လုပ်ရတာမျိုးဖြစ်တယ်။ လက်နက်ကိုင်တော်လှန်အကြမ်းဖက်ရေးကတော့ ဒါတွေနဲ့ ဆန့်ကျင်စွာပဲ လိုအပ်မှသာ အသုံးပြုရတဲ့လမ်းစဥ်ဖြစ်တယ်။ မလိုအပ်ရင် လုံးဝအသုံးမပြုမိအောင် ဆန့်ကျင်ရတဲ့လမ်းစဥ်မျိုး ဖြစ်တယ်။ ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ လက်နက်ကိုင်လမ်းစဥ်ကို အကျင့်/လုပ်ရိုးလုပ်ထုံးတခုလို့မြင်ပြီး ဖယ်ထုတ်ထားတာဟာ မှားယွင်းပြီးတော့ ဒီမှားယွင်းမှုကြောင့် သူ့မှာ နည်းပရိယာယ်တွေအမြောက်အများဆုံးရှုံးတာ၊ အခွင့်အခါတွေ လက်လွှတ်ကုန်တာ၊ အခြေအနေနှင့်အချိန်အခါတွေရဲ့ တောင်းဆိုချက်ကို မဖြည့်ဆည်းနိုင်တာတွေ ဖြစ်လာ

တော့တာပဲ။ ဒေါ်အောင်ဆန်းစုကြည်ဟာ လက်နက်ကိုင်တော်လှန်ရေးကိုပဲ အကျင့်/လုပ်ထုံးလုပ်ရိုးတခုအဖြစ်ရှုမြင်တာ မဟုတ်ဘူး။ တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး အပေးအယူလုပ်ရတဲ့လမ်းစဥ်ကိုလည်း အကျင့်-နိုင်ငံရေးယဥ်ကျေးမှု လုပ်ထုံးတခုအဖြစ်သာ ရှုမြင်တယ်။ ဒါကြောင့် လူတန်းစားတိုက်ပွဲပြင်းထန် လာတဲ့အချိန် - လက်နက်ကိုင်တိုက်ပွဲ ကို တောင်းဆိုနေတဲ့အချိန်မှာတောင် ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့သာရှေ့ဆက်ဖို့ - တွေ့ဆုံဆွေးနွေးညှိနှိုင်းအပေးအယူလုပ်ကြဖို့သာ သူ့အနေနဲ့ ဆောင်ရွက်သလို/တိုက်လည်းတိုက်တွန်းတယ်။ ဒါကြောင့် လူတန်းစားတိုက်ပွဲပြင်းထန်လာတဲ့အချိန်နှင့်တန်ပြန်တော်လှန်ရေးအားကောင်းနေတဲ့ အချိန်တွေမှာ သူ့ရဲ့ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးညှိနှိုင်းအပေးအယူလုပ်ရေး ဆောင်ရွက်ချက်နှင့်တိုက်တွန်းချက်တွေဟာ အလုပ်မဖြစ်တော့ဘဲ ကျရှုံးကုန်တယ်။ နောက်ဆုံး နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းလမ်းနဲ့သာ ဖြေရှင်းတတ်အောင် တည်ဆောက်ထားတဲ့ သူရဲ့NLDပါတီတောင် CRPHနှင့်INUGကိုဖွဲ့စည်းပြီး လက်နက်ကိုင်တော်လှန်ရေးလမ်းစဥ်ကို ပါလာတာကို ကြည့်ရင် သူ့ရဲ့ငြိမ်းချမ်းစွာတွေ့ဆုံညှိနှိုင်းအဖြေရှာရေးအမြင် မှားယွင်းကျရှုံးတာ သိသာပါတယ်။ လူတန်းစားတိုက်ပွဲ ပြင်းထန်လာပြီး လက်နက်ကိုင်တော်လှန်ရေးကို တောင်းဆိုလာတဲ့အချိန်မှာ ငြိမ်းချမ်းစွာတွေ့ဆုံညှိနှိုင်းရေးလမ်းစဥ်ကို ကိုင်ထားတဲ့သူတွေတောင် လက်နက်ကိုင်တော်လှန်လာကြရတာဟာ သက်သေပါပဲ။ ဒါပေမယ့် ဒီမှာတပါတည်း ရှင်းလင်းရမယ့်အရာက လက်နက်ကိုင်တော်လှန်ရေးကို လူတန်းစားတိုက်ပွဲကတောင်းဆိုလာလို့ လက်နက်ကိုင်တော်လှန်တိုင်း တော်လှန်ရေး အောင်မြင်မယ်လို့ မဆိုလိုပါဘူး။ လက်နက်ကိုင်တော်လှန်ရေးကို လိုအပ်တဲ့အချိန်မှာသာ လုပ်ရမှာဖြစ်ပြီး လိုအပ်သလောက်သာ လုပ်ရမယ်၊ ထို့အတူ လက်နက်ကိုင်တော်လှန်ရေးအတွက် လုံလောက်တဲ့လုပ်ငန်းစဥ်နှင့် လိုအပ်တဲ့ဦးဆောင်မှုရှိရမယ်-ဒါမှသာ လက်နက်ကိုင်တော်လှန်ရေးဟာ အောင်မြင်မယ်။ ဒီအကြောင်းကို သက်ဆိုင်ရာအကြောင်းအရာကျမှသာ အကျယ်တဝင့် ရှင်းလင်းပါမယ်။ ဆိုတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နောက်နိုင်ငံရေးလုပ်ငန်းစဥ်ဖြစ်တဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး - ၂၀၀၈ ခြေဥကို ဒီမိုကရေစီနည်းကျပြုပြင်ရေး - နိုင်ငံတော်အစိုးရကို ထိန်းကျောင်းရေးမှာလည်း အစိုးရကို ထိန်းကျောင်း ပြုပြင်တာဟာ အကောင်းဆုံးဆိုတဲ့ the necessary evil လစ်ဘရယ်အမြင်၊ အုပ်စိုးသူလူတန်းစား-အုပ်စိုးခံလူတန်းစား စတဲ့ မတူကွဲပြားတဲ့ ရန်ဘက်လူတန်းစားတွေကို နားလည်မှုလွဲလို့ အတူယှဥ်တွဲမနေနိုင်ကြတဲ့မိတ်ဆွေတွေအဖြစ် ပုံဖော်ရှုမြင်တဲ့ လစ်ဘရယ်အမြင်၊ လူထုရဲ့တကယ့်အာဏာကို တိုက်ရိုက်ကျင့်သုံးလို့ရပါလျက်နဲ့ ၂၀၀၈ခြေဥလို ကိုယ့်အင်အားကို လုံး၀ ကန့်သတ်ပြီးတော့ လူထုလှုပ်ရှားမှုတွေ ကိုယ်တိုင်စွန့်စေတဲ့နည်းလမ်းကို အလျှော့အတင်းဆိုတဲ့ dialogue ယဥ်ကျေးမှုရှိရမယ် ဆိုပြီး မြင်တဲ့အမြင် စသဖြင့်လစ်ဘရယ်အမြင်တွေဟာ သူ့နိုင်ငံရေးလုပ်ငန်းစဥ်ဟာ ကျရှုံးစေတာမှာ အဓိကအရင်းခံတွေ ဖြစ်လာပါတယ်။ အမှန်က အရင်းရှင်စနစ်မှာ အုပ်စိုးသူလူတန်းစားနှင့်အုပ်စိုးခံလူတန်းစားတွေဟာ နားလည်မှုလွဲနေတဲ့ မိတ်ဆွေတွေမဟုတ်ဘဲ တယောက်နှင့်တယောက် နားလည်မှုရှိရှိ အသေအကြေတိုက်ခိုက်နေကြသူတွေသာ ဖြစ်တယ်။ ဒါကြောင့် သူတို့ကြားမှာ အချင်းချင်းနားလည်မှုလွဲနေလို့ အတူယှဥ်တွဲမနေနိုင်ကြတာ မဟုတ်တာကြောင့် အချင်းချင်းနားလည်မှု ရှိအောင် ဘယ်လိုပဲလုပ်လုပ် သူတို့ကြားကဆက်ဆံရေးဟာ ပြေလည်နိုင်မှာ မဟုတ်ဘူးဆိုတာပဲ။ ပြီးတော့ အရင်းရှင်စနစ်မှာ အစိုးရကို ထိန်းကျောင်းတယ်ဆိုတဲ့ အရပ်ဘက်အဖွဲ့အစည်းအားကောင်းရေးနှင့် အစိုးရကိုထိန်းကျောင်းဖို့ အာဏာ၃ ရပ် ခွဲထားတယ်ဆိုတာဟာ အိပ်မက်မက်နေခြင်းသာဖြစ်ပါတယ်။ အရင်းရှင်စနစ်မှာ ဘယ်အရပ်ဘက်အဖွဲ့အစည်းကမှ အစိုးရကို မထိန်းကျောင်းနိုင်သလို အာဏာသုံးရပ် ခွဲထားတာကလည်း အစိုးရကို ကန့်သတ်ထားတာမဟုတ်ဘဲ ၃ ရပ်စလုံး ခြစားပျက်စီးဖို့သာ ဖြစ်လာတော့တယ်။ လစ်ဘရယ်စီးပွားရေးအယူအဆမှာ ဈေးကွက်စီးပွားရေးစနစ်-အစိုးရဘက်က တစိတ်တပိုင်းကြား ၀င်ထားတဲ့ ဈေးကွက်စီးပွားရေးစနစ်တွေက နေရာယူထားတယ်။ မြေရှင်ပဒေသရာဇ်စနစ်ကို တိုက်ထုတ်ရာကနေ ၁၈ရာစုမှာ ဈေးကွက်စီးပွားရေးစနစ်ဟာ အစားထိုး၀င်ရောက်လာခဲ့တယ်။ မြေရှင်ကြီးတွေ၊ မင်းစိုးရာဇာတွေရဲ့ လက်၀ါးကြီးစီးပွားရေး တွေကြောင့် ကုန်လုပ်စွမ်းအားစုတွေ တိုးတက်မှုအကန့်အသတ်ကိုရောက်လာတဲ့အခါမှာ ဒီလက်၀ါးကြီးအုပ်နေတဲ့အင်အားစု

တွေဟာ စိန်ခေါ်ခံရတော့တယ်။ တော်လှန်ခံရတော့တယ်။ လက်ဝါးကြီးအုပ်မြေရှင်ပဒေသရာဇ်တွေရဲ့ လွှမ်းမိုးအုပ်စိုးမှု ဖယ်ရှားခံရပြီးတဲ့နောက် စက်မှုတော်လှန်ရေးရဲ့အသီးအပွင့်တွေနှင့်အတူ ကုန်လုပ်စွမ်းအားစုတွေဟာ လွတ်မြောက်လာတာဖြစ်လို့ တိုးတက်ဖြစ်ထွန်းမှုကို အကြီးအကျယ်ရှိခဲ့တယ်။ အဲ့ဒီတိုးတက်မှုနှင့်အတူ ဈေးကွက်စီးပွားရေးစနစ်ဟာလည်း လွှမ်းမိုးတဲ့ စီးပွားရေးစနစ်-အယူအဆဖြစ်လာတော့တယ်။ ဈေးကွက်စီးပွားရေးစနစ်ဟာ Adam Smith ခေတ်ကနေ Laissez-faire ခေတ်အထိ အမြင့်ဆုံး တိုးတက်ခဲ့တယ်။ ဈေးကွက်စီးပွားရေးစနစ်ဟာ Adam Smith ရဲ့ အမြင်အရ ဈေးကွက်ဟာ လွတ်လပ်နေတယ်ဆိုရင် လူတွေဟာ လွတ်လပ်စွာရွေးချယ်ခွင့်ရှိမှာဖြစ်ပြီး လွတ်လပ်စွာရွေးချယ်ခွင့်ရှိနေတဲ့လူတဦးတယောက်ချင်းစီဟာ ကိုယ်ကျိုးကြည့်တတ်ကြတဲ့လူသားတွေဖြစ်လို့ ကိုယ့်အတွက် အကျိုးဖြစ်ထွန်းမယ့်အခြေအနေကိုသာ ရွေးချယ်ကြလိမ့်မယ်၊ ဒီကတဆင့် ဈေးကွက်မှာ လုပ်ငန်းရှင်နှင့်ရောင်းသူကလည်း ဝယ်ယူစားသုံးသူတွေရဲ့ အမြင့်ဆုံးဝယ်နိုင်တဲ့ပမာဏထက် (ဈေးနှုန်း + ပမာဏ) ကျော်လွန်ပြီး မထုတ်လုပ်၊ မရောင်းနိုင်တဲ့အတွက် ဈေးနှုန်းနှင့်ပမာဏကို သင့်လျော်တဲ့အနေအထားမှာ ထားရလိမ့်မယ်၊ လုပ်ငန်းရှင်နှင့်အလုပ်သမား ကြားမှာလည်း လွတ်လပ်တဲ့သူတွေဖြစ်ကြတာကြောင့် လုပ်ငန်းရှင်ဟာ အလုပ်သမားတွေအတွက် မသင့်လျော်တဲ့အခြေအနေကို ချမှတ်ထားရင် အလုပ်သမားမရတာတွေဖြစ်မှာဖြစ်လို့ အလုပ်သမားတွေအတွက် သင့်လျော်တဲ့အခြေအနေ(လုပ်ငန်းခွင်အနေအထား၊ လုပ်ခ၊ အနားယူချိန်)ကိုသာ ထားလို့ရမယ်၊ အလုပ်သမားတွေဘက်ကလည်း အလုပ်လုပ်ဖို့အဆင်ပြေတဲ့ အခြေအနေဖြစ်လို့ အလုပ်လုပ်ရတာ စိတ်ချမ်းသာမယ်၊ အဲ့တော့ အားလုံးဟာ ကိုယ့်ဆန္ဒသဘောနဲ့ ကိုယ်ရွေးချယ်ကြတဲ့အနေအထားကို ရရှိမယ်၊ အကျိုးလည်း ဖြစ်ထွန်းမယ်-ဒါကြောင့် လွတ်လပ်မှုရှိနေတဲ့ ဈေးကွက်စီးပွားရေးစနစ်ဟာ အလုပ်အဖြစ်ဆုံးလို့ ယူဆပြီး ကြွေးကြော်ခဲ့တယ်။ အစိုးရအနေနဲ့ လုပ်အားခတွေ၊ အမြတ်နှုန်းတွေ၊ လုပ်ငန်းခွင်အခြေအနေတွေ၊ လုပ်ငန်းခွင့်ဝင်လို့ရတဲ့ သတ်မှတ်အသက်ကန့်သတ်ချက်တွေ - အရည်အချင်းကန့်သတ်ချက်တွေ ဘာကိုမှ သတ်မှတ်ပေးဖို့မလိုဘူး-ဒါတွေအားလုံးကို ဈေးကွက်က သူ့အလိုလို ချိန်ညှိသွားလိမ့်မယ်- ဈေးကွက်ဟာ The Invisible Hand လို့ ချီးမွမ်းခဲ့တယ်။ Laissez-faire ခေတ်မှာတော့ လုပ်ငန်းရှင်တွေအနေနဲ့ စိတ်ကြိုက်လုပ်လို့ရတယ်ဆိုတာမျိုးအထိ ယူဆလုပ်ကိုင်လာကြတယ်။ ဒါပေမယ့် အရင်းရှင်စနစ်ဟာ ၁၉ရာစုမှာ လက်ဝါးကြီးအုပ်အရင်းရှင်စနစ်အဖြစ် တိုးတက်လာတော့တယ်။ ဒီအခါမှာ ဈေးကွက်စီးပွားရေးဟာ လွတ်လပ်တဲ့လူတဦးချင်းစီကြားထဲက မိမိဆန္ဒသဘောနဲ့ ရွေးချယ်ဆုံးဖြတ်ကြရတဲ့ ဆုံးဖြတ်ချက်တွေနဲ့ လည်ပတ်နေတဲ့ The Invisible Hand မဟုတ်တော့ဘူး။ ရောင်းသူတွေလည်း မလွတ်လပ်တော့သလို၊ ဝယ်ယူစား သုံးသူတွေလည်း မလွတ်လပ်တော့ဘူး၊ ကုန်ထုတ်လုပ်နေကြတဲ့ လုပ်ငန်းရှင်တွေလည်း မလွတ်လပ်တော့ဘူး။ ဈေးကွက်မှာ လက်ဝါးကြီးအုပ်ခွင့်ရသွားတဲ့လူအနည်းစုက လုပ်ချင်ရာလုပ်နေ-ချယ်လှယ်ချင်သလို ချယ်လှယ်ခွင့်ရသွားတော့တာကြောင့် The Invisible Hand ဟာ The Visible Hand အဖြစ် ဆင့်ကဲတိုးတက်လာတော့တယ်။ ဈေးကွက်မှာ လက်ဝါးကြီးအုပ်မှုကြီးမားလာတာနဲ့အမျှ တချိန်ကလွတ်လပ်စွာ ကြီးထွားခွင့်ရလို့ တိုးတက်လာတဲ့ ကုန်လုပ်စွမ်းအားစုတွေဟာ အကန့်အသတ်ရှိလာပြန်တယ်။ ဈေးကွက်ပျက်ကျမှုတွေကြုံလာရတော့တယ်။ လွတ်လပ်တဲ့ဈေးကွက်စီးပွားရေးစနစ် အလုပ်ဖြစ်တဲ့ကာလက အခြေအနေတွေကို ပြန်တောင့်တပြီး ပြုပြင်ကြပေမယ့် ဆင့်ကဲတိုးတက်ပြောင်းလဲတဲ့ဖြစ်စဥ်ဟာ နောက်ပြန်သွားတာမဟုတ်ဘဲ ရှေ့ကိုသာဆက်လာခဲ့တော့တယ်။ အရင်းရှင်စနစ်မှာ လက်ဝါးကြီးအုပ်စနစ်ရှိလာတာဟာ ဖယ်ရှားလို့မရတဲ့အရာဖြစ်လာပြီး ဒီအရင်းရှင် လက်ဝါးကြီးအုပ်စီးပွားရေးကြောင့်ပဲ အရင်းရှင်စနစ်ဟာ ယိုယွင်းပျက်စီးဖို့ဖြစ်လာတော့တယ်။ ဒါကြောင့် လွတ်လပ်တဲ့ဈေးကွက်စီးပွားရေးစနစ်ဆိုတာဟာ လက်ဝါးကြီးအုပ်ဈေးကွက်စီးပွားရေးစနစ်နှင့်ယှဥ်တွဲပြီး မရှိနိုင်တော့ဘူး။ လက်ဝါးကြီးအုပ် ဈေးကွက်စီးပွားရေးစနစ်ရဲ့အောက်မှာလည်း မရှင်သန်နိုင်တော့ဘူး။ နောက်တနည်းအားဖြင့် Adam Smith၊ Laissez-faire တို့ ယုံကြည်ခဲ့သလို ဈေးကွက်စီးပွားရေးစနစ်ဆိုတာဟာ လူသားတွေရဲ့စီးပွားရေးပြဿနာတွေအတွက် အဖြေဖြစ်မလာခဲ့ဘူး။ ဆန့်ကျင်ဘက်အားဖြင့် လူသားတွေရဲ့ နောက်ထပ်တိုးလာတဲ့စီးပွားရေးဆိုင်ရာပြဿနာသာဖြစ်လာတော့တယ်။ ၁၉

ရာစုနှင့် ၂၀ရာစုအစောပိုင်းတွေမှာ လက်ဝါးကြီးအုပ်စီးပွားရေးရဲ့ ဖျက်ဆီးမှုကြောင့် ဈေးကွက်ပျက်ကျမှုတွေ၊ စီးပွားရေးအကြပ်အတည်းတွေ ကြီးကြီးမားမားကြုံလာကြရတော့တယ်။ ဒီလိုနဲ့ ဈေးကွက်စီးပွားရေးစနစ်ရဲ့ လွတ်လပ်မှုကို ပြန်သုံးသပ်ကြရတော့တယ်။ လစ်ဘရယ်တွေဟာ သူတို့စီးပွားရေးအယူအဆကို နိုင်ငံရေးအယူအဆပြန်လည်ပြုပြင်ကြသလိုပဲ လွတ်လပ်မှုဟာ အတိုင်းအတာ နှင့် ကောင်းမွန်တဲ့ရည်ရွယ်ချက်ရှိသင့်တယ်ဆိုတာမျိုး လုပ်လာကြတယ်။ ဈေးကွက်ကို လွတ်လပ်ခွင့်အပြည့်အဝမပေးကြတော့ဘဲ နိုင်ငံတော်ဟာ တစိတ်တပိုင်းပါဝင်လာတော့တယ်။ အစိုးရဘက်က တစိတ်တပိုင်းကြားဝင်ထားတဲ့ ဈေးကွက်စီးပွားရေးစနစ်ဟာ အမှန်အားဖြင့်တော့ ဈေးကွက်စီးပွားရေးစနစ်ရဲ့ပရမ်းပတာဖြစ်မှု နှင့်အာမခံချက်မရှိမှုတွေကို ပြုပြင်ဖို့သာဖြစ်တယ်။ စီးပွားရေးစနစ်သစ် မဟုတ်ဘူး။ မူလက လက်ဝါးကြီးအုပ်ဈေးကွက်စီးပွားရေးစနစ်ရဲ့ပရမ်းပတာ ဖြစ်မှုတွေ၊ အာမခံချက်မရှိမှုတွေကို ပြုပြင်ထိန်းကျောင်းဖို့ရည်ရွယ်ချက်နဲ့ နိုင်ငံတော်ကိုကြားခံထားခဲ့ပေမယ့် တကယ်ဖြစ်လာတာက နိုင်ငံတော်ဟာ လက်ဝါးကြီးအုပ်ဈေးကွက်စီးပွားရေးစနစ်ရဲ့ အသုံးချခံသာ ဖြစ်လာတော့တယ်။ ထိန်းကျောင်းနိုင်ခြင်းမရှိတော့ဘဲ နိုင်ငံတော်ဟာ လက်ဝါးကြီးဈေးကွက်ဘက်ကသာ ဘက်လိုက်ရတော့တယ်။ လက်ဝါးကြီးအုပ်ဈေးကွက်ရဲ့ အသုံးချခံဖြစ်တော့တယ်။ နိုင်ငံတော်ဟာ လက်ဝါးကြီးအုပ်ဈေးကွက်စီးပွားရေးစနစ်ရဲ့ ပရမ်းပတာဖြစ်မှုအားလုံးကို လိုက်လံဖုံးဖိပေးရတော့တယ်။ ပျက်ကျတော့မယ်ဆိုရင် ယာယီဖြေဆေးအဖြစ် နိုင်ငံတော်က အာမခံပေးရပြန်တယ်။ နိုင်ငံတော်က စိုက်ထုတ်ကာကွယ်ပေးရပြန်တော့တယ်။ လက်ဝါးကြီးအုပ်ဈေးကွက်စီးပွားရေးစနစ်ထဲ နိုင်ငံတော်ကို ဆွဲသွင်းလိုက်တဲ့အခါ နိုင်ငံတော်ဟာ ဈေးကွက်စီးပွားရေးရဲ့ လက္ခဏာအတိုင်းပဲ ပရမ်းပတာ ဖြစ်လာတော့တယ်။ ဒါပေမယ့် နားလည်ရမှာက နိုင်ငံတော်ဟာ လက်ဝါးကြီးအုပ်ဈေးကွက်စီးပွားရေးစနစ်ထဲ ပါဝင်လာတာဟာ အလိုတူအလိုပါသာဖြစ်တယ်ဆိုတာပဲ။ လက်ဝါးကြီးအုပ်ဈေးကွက်စီးပွားရေးစနစ်ဟာ သူဆိုးသမျှကို လိုက်ပြီးဖုံးဖိကာကွယ်ပေးမယ့် အစိုးရကိုသာအလိုရှိတယ်ဆိုတာပဲ။ နိုင်ငံတော်အစိုးရထဲမှာ ဒီလိုလူတွေသာ နေရာရအောင်လည်း လက်ဝါးကြီးအုပ်ဈေးကွက်စီးပွားရေးစနစ်ဟာ အပြန်အလှန် အထောက်အကူပြုပေးတာပဲ။ ၂၀ ရာစုအနှောင်းပိုင်း နှင့် ၂၁ ရာစုမှာ လူမှုဖူလုံရေးကို အခြေအနေတရပ်အထိ နိုင်ငံတော်က အာမခံပေးတဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးလာကြတယ်။ ကျန်တဲ့အပိုင်းတွေမှာ လက်ဝါးကြီးအုပ်ဈေးကွက်စီးပွားရေးစနစ်က ကြိုက်သလိုလုပ်နိုင်ပြီး လူမှုဖူလုံရေးစနစ်ကိုတော့ အစိုးရက အာမခံပေးထားတဲ့စနစ်မျိုး၊ ဈေးကွက်မှာ နိုင်ငံတော် တစိတ်တပိုင်းဝင်ပါတဲ့စနစ်မျိုးပဲ။ ဒါပေမယ့် ဈေးကွက်ဟာ အကြီးအကျယ် ဆက်တိုက်ပျက်စီးနေဆဲပဲ။ နိုင်ငံတော်ကလည်း ဆက်တိုက်အပျက်စီးခံပြီး ကယ်တင်ပေးရဆဲပဲ။ ဒီအခါမှာ နိုင်ငံတော်ကအာမခံပေးထားပါတယ်ဆိုတဲ့ လူမှုဖူလုံရေးစနစ်ဟာ ခြိမ်းခြောက်ခံရတော့တယ်။ နိုင်ငံတော်က အပျက်စီးခံတယ်လို့ဆိုရာမှာ တကယ်တော့ နိုင်ငံတော်က ပျက်စီးခံရတာမဟုတ်ဘဲ အခြေခံလူတန်းစားတွေရဲ့လူမှုဖူလုံရေးအာမခံချက်တွေ၊ အခွင့်အရေးတွေ၊ ပိုင်ဆိုင်မှုတွေ ပျက်စီးခံရတာဖြစ်တယ်။ ဒါကြောင့်နိုင်ငံတော်က ကြားဝင်အပျက်အစီးခံပေးရတိုင်း လူမှုဖူလုံရေးစနစ်ဟာ ပျက်စီးသွားတော့တယ်။ အာမခံချက်မရှိဖြစ်ကုန်တယ်။ ၂၀၁၃ ခုနှစ်၊ နယူးယောက်ခ်မှာ ဒေါ်အောင်ဆန်းစုဟာ Charlie Rose နဲ့ အင်တာဗျူး ဖြေခဲ့ပြီး အဲ့ဒီမှာ စီးပွားရေးလုပ်ငန်းတွေနှင့်ပတ်သက်လို့ "..စီးပွားရေးလုပ်ငန်းတွေကနေ ပြည်သူလူထုဟာ အကျိုးအမြတ်ရရှိကြရမယ်၊ ထို့အတူ ရင်းနှီးမြှုပ်နှံကြသူ လုပ်ငန်းရှင်တွေဘက်ကလည်း အကျိုးအမြတ်ရရှိကြရမယ်"ဆိုပြီး ပြောပါတယ်။ ပြီးတော့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ သူမျှော်မှန်းထားတဲ့စီးပွားရေးစနစ်ဟာ တာဝန်ယူမှု-တာဝန်ခံမှုရှိပြီး ပွင့်လင်းမြင်သာမှုရှိတဲ့ စနစ်မျိုးဖြစ်တယ်လို့ တောက်လျှောက်ပြောပါတယ်။ လက်ပတောင်းတောင်ကြေးနီစီမံကိန်းရဲ့စာချုပ်ပြင်ဆင်မှု မှာသော်လည်းကောင်း၊ BRIနှင့်ပတ်သက်တဲ့ ကျောက်ဖြူစီမံကိန်း စာချုပ်ပြင်ဆင်မှု မှာသော်လည်းကောင်း သူ့ရပ်တည်ချက်နှင့် သူတည်ဆောက်လိုတဲ့ စီးပွားရေးစနစ်ကို တွေ့ရပါတယ်။ အဲ့ဒါတွေမှာ (၁)နိုင်ငံအတွက် အကျိုးရှိရမယ်၊ (၂) ပြည်တွင်းနှင့်နိုင်ငံတကာစံနှုန်းတွေနဲ့ ကိုက်ညီရမယ်၊ (၃) ပွင့်လင်းမြင်သာမှု ရှိရမယ်၊ (၄)တရားဥပဒေစိုးမိုးရေး ရှိရမယ်၊ (၅) စီးပွားရေးလုပ်ငန်းတွေအနေနဲ့ လူမှုရေးဆိုင်ရာတာဝန်ယူမှု

အပြည့်ရှိရမယ်၊ (၆) ပုဂ္ဂလိကပိုင် လုပ်ငန်းတွေကို အားပေးရမယ် စတဲ့အချက်တွေက အဓိကအားဖြင့်ပါဝင်ပါမယ်။ NLD အစိုးရရဲ့ စီးပွားရေးအကြံ ပေးတဦးဖြစ်တဲ့ Dr.Sean Turnell ကလည်း သူ့ရဲ့ Best Laid Plans စာအုပ်မှာ NLD အစိုးရရဲ့ စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေအကြောင်း ရှင်းလင်းတင်ပြထားပါတယ်။ ဒေါက်တာရှောင်န်တာနယ်ကတော့ သူတို့ပြုပြင်ရမယ့်စနစ်ကို ခရိုနီအရင်းရှင်စနစ်လို့ ခေါင်းစဉ်တပ်ပါတယ်။ ဗမာပြည်ရဲ့ဘဏ္ဍာအရင်းတွေအားလုံးက စစ်အုပ်စု နှင့် ခရိုနီတွေလက်ထဲမှာ ဖြစ်ပြီး ကျန်တဲ့သူတွေရဲ့လက်ထဲမှာတော့ ဘာဆိုဘာမှကျန်မနေဘူးလို့ ဆိုပါတယ်။ ဘဏ္ဍာအရင်းတွေအားလုံးပိုင်နိုင်ဖို့အတွက် စစ်တပ်နှင့်ခရိုနီတွေက သဘာဝသယံဇာတအားလုံးနှင့် ဘဏ်တွေကို ချုပ်ကိုင်ထားတယ်လို့ဆိုပါတယ်။ စီးပွားရေးစနစ်ပြုပြင်ဖို့အတွက် (က)Banking Reform(opening access to credit, modernizing regulation)၊ (ခ)Microfinance & mobile money – encouraging small-scale enterprise and inclusion၊ (ဂ)Fiscal policy reform – building a fairer taxation and spending system၊ (ဃ)Reducing dependence on China – seeking balanced trade and investment စတဲ့ ကဏ္ဍတွေနဲ့ ကြိုးပမ်းခဲ့တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် စစ်တပ်နဲ့ဆက်နွယ်နေတဲ့စီးပွားရေးရဲ့အတားအဆီးတွေ၊ နိုင်ငံရေးအတားအဆီးတွေကြောင့် ဒီပြုပြင်ရေးစီမံကိန်တွေ အကောင်အထည်မပေါ်နိုင်ခဲ့ဘူးလို့ ဆိုပါတယ်။ နိုင်ငံရေးအပိုင်းမှာပြုပြင်မှု မအောင်မြင်ရင် စီးပွားရေးအပိုင်းမှာလည်း အတားအဆီးတွေဖြစ်လာပြီးတော့ မအောင်မြင်နိုင်ဘူးလို့ ဝန်ခံသွားပါတယ်။ ဒေါက်တာရှောင်န်တာနယ်က ဗမာပြည်ရဲ့ စီးပွားရေးစနစ်ဟာ သဘာဝသယံဇာတတွေအပေါ် မှီခိုမှု၊ လက်ဝါးကြီးအုပ်မှုတွေ များလွန်းတဲ့အတွက် ဒါကိုပြုပြင်ရာမှာ ဒီလက်ဝါးကြီးအုပ်မှုကို ဖျက်ဆီးဖို့အတွက် ဒီအခြေအနေကို အမြန်ဆန်ဆုံး liberalize လုပ်ပစ်နိုင်ခဲ့သင့်တယ်လို့ သူတို့မလုပ်နိုင်ခဲ့တဲ့ကိစ္စကိုလည်း ပြောထားပါတယ်။ ဒါတွေကိုကြည့်ရင် စစ်အုပ်စုရဲ့ လက်ဝါးကြီးအုပ်စီးပွားရေးစနစ်နေရာမှာ နိုင်ငံတော်တစိတ်တပိုင်းပါဝင်ထားတဲ့ လွတ်လပ်တဲ့ဈေးကွက်စီးပွားရေးစနစ်နဲ့အစားထိုးဖို့ ကြိုးပမ်းခဲ့တာ သိသာပါတယ်။ စစ်အုပ်စုရဲ့လက်ဝါးကြီးအုပ်စီးပွားရေးပိုင်ဆိုင်မှုစနစ်နေရာမှာလည်း နိုင်ငံတော်ရဲ့ဥပဒေအောက်မှာ အကောင်အထည်ဖော်ရတဲ့ ပုဂ္ဂလိကပိုင်စီးပွားရေးစနစ်နဲ့ အစားထိုးဖို့ပါပဲ။ ဒါပေမယ့် ဒီနေရာမှာ မမြင်သာတဲ့အရာကတော့ စစ်အုပ်စုရဲ့ လက်ဝါးကြီးအုပ်စီးပွားရေးစနစ်ကို liberalizeလုပ်ပြီး ရလာမယ့် ပုဂ္ဂလိကပိုင်စီးပွားရေးစနစ်ရဲ့လားရာပါပဲ။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ စီးပွားရေးစနစ်ကိုအပေါ်မှာ ပြထားပြီးသလို အချက် ၆ ချက်နဲ့သာ အကောင်အထည်ဖော်ရင် အရင်းရှင်စနစ်ဟာ လိုလား ဖွယ်ကောင်းတဲ့ စီးပွားရေးစနစ်ဖြစ်မယ်လို့ ယုံကြည်ထားပုံပါပဲ။ ဒါပေမယ့် ဒီလိုအကောင်အထည်ဖော်မှုမျိုးက ကျနော်တို့ဗမာပြည်မှာ သေချာမဖြစ်ခဲ့ပေမယ့် တခြားအရင်းရှင်နိုင်ငံတွေမှာ အကောင်အထည်ဖော်ကြပြီးတဲ့ စနစ်ဖြစ်သလို ဒီလိုပုဂ္ဂလိကပိုင်ဈေးကွက်စီးပွားရေးစနစ်ကနေ လက်ဝါးကြီးအုပ်အရင်းရှင်စနစ်သာ ထွက်ပေါ်လာတယ်ဆိုတာ တွေ့ရတယ်။ ပြီးတော့ တဘက်မှာက လက်ဝါးကြီးအုပ်အရင်းရှင်စီးပွားရေးစနစ်ဟာ သူ့အောက်မှာ လွတ်လပ်တဲ့ဈေးကွက်စီးပွားရေးစနစ်ကို ခွင့်မပြုနိုင်ဘူးဆိုတာကို မြင်ဖို့လိုအပ်တယ်။ ဗမာပြည်မှာတော့ ဒါကြောင့် လစ်ဘရယ်စီးပွားရေးအယူအဆဟာ အကောင်အထည်မပေါ်လာနိုင်ခဲ့သလို အကယ်၍ လစ်ဘရယ်စီးပွားရေးအယူအဆသာ အောင်မြင်လာခဲ့တယ်ဆိုရင်လည်း နောက်ထပ်လက်ဝါးကြီးအုပ်အရင်းရှင်စနစ်ဆီကိုသာ ချီတက်သွား လိမ့်မယ်ဆိုတာပဲ။ လစ်ဘရယ်လူမှုရေးအယူအဆမှာ ကိုယ်ကျိုးအခြေပြုပုဂ္ဂလဝါဒ၊ သဘာဝလူ့အခွင့်အရေး အခြေပြုကိုယ်ချင်းစာနာစိတ်၊ သဘာဝလူ့အခွင့်အရေးအခြေပြုတရားမျှတမှုစနစ်၊ ပုဂ္ဂလိကဆိုင်ရာလွတ်လပ်ခွင့်တွေက အဓိကဖြစ်တယ်။ လစ်ဘရယ်တွေဟာ အရင်းခံအားဖြင့် တဦးချင်းအတ္တအကျိုးကို ဦးစားပေးကြတာကြောင့် လူလူချင်းဆက်ဆံရေးမှာ ကိုယ်ကျိုးကြည့်တာဟာ မမှားဘူးဆိုတဲ့ သဘောထားရှိကြပါတယ်။ ကိုယ်လုပ်မှကိုယ်စားရတာဖြစ်တယ်ဆိုတဲ့ လူမှုရေးသဘောထားဟာ လစ်ဘရယ်လူမှုရေးအယူအဆကနေလာတာဖြစ်ပါတယ်။ ဒီပုံစံတွေကို မိမိကိုယ်ကို ဦးစားပေးရမယ်၊ မိမိမိသားစုကို ဦးစားပေးရမယ်၊ မိမိဆွေမျိုးအသိုက်အဝန်းကို ဦးစားပေးရမယ်၊ မိမိရွာ/မြို့ကို ဦးစားပေးရမယ်၊ မိမိနိုင်ငံကို ဦးစားပေးရမယ် စသဖြင့် ပုံစံကွဲတွေအဖြစ်တွေ့ရမယ်။ ဒီသဘောတွေရဲ့ အရင်းခံဟာ အတူတူပဲ။

ဒီသဘောထားတွေကိုကြည့်ရင် အဆင်ပြေတယ်/အလုပ်ဖြစ်တယ်လို့ ထင်ရနိုင်ပေမယ့် သတိထားသင့်တဲ့အရာက ဒီသဘောထားတွေကနေ ဘာတွေ ထပ်ဆင့်ထွက်လာသလဲ ဆိုတာပဲ။ ဒီသဘောထားတွေကနေ ထပ်ဆင့်ထွက်လာတာက ပြိုင်ဆိုင်မှု နှင့် လျစ်လျူရှုမှု ဖြစ်တယ်။ မိမိကိုယ်ကို ဦးစားပေးတာဟာ တခြားသူ ထက်သာအောင် ပြုမူနေထိုင်ခြင်းကို ဖြစ်စေတယ်။ ပြီးတော့ မိမိဟာ တခြားသူထက်သာအောင်ပြုမူနေထိုင်နေတာဟာ မိမိယုံကြည်မှုအရ အပြစ်ကင်းတာဖြစ်လို့/စိတ်မလုံမလဲ မဖြစ်တဲ့အတွက် မိမိထက်နိမ့်ကျသွားတဲ့သူတွေရဲ့ကိစ္စကို စိတ်ဝင်စားနေဖို့ မလိုတော့ဘူး။ လျစ်လျူရှုထားလိုက်လို့ရတယ်ဆိုတာမျိုး ဖြစ်လာတယ်။ ဒီကတဆင့် ထပ်ထွက်လာတာက သဘောထားကွဲလွဲမှု-မနာလိုဝန်တိုမှု-ရန်လိုတိုက်ခိုက်မှုနှင့်ကင်းကွာခြင်းတို့ ဖြစ်တယ်။ ပြိုင်ဆိုင်မှုမှာ တဘက်နှင့်တဘက်ဟာ သဘောထားကွဲလွဲကြဖို့များတယ်။ အဲ့ဒီအခြေအနေမှာ မိမိကိုယ်ကို ဦးစားပေးကြမယ်၊ တဘက်သား ဘာဖြစ်ဖြစ်လျစ်လျူရှုမယ်ဆိုရင်တော့ မနာလိုဝန်တိုမှုနှင့်ရန်လိုတိုက်ခိုက်မှု ဖြစ်ကြဖို့များတယ်။ ဒီကတဆင့် တယောက်နှင့်တယောက်ဟာ သူစိမ်းတွေထက် စိမ်းသွားကြဖို့များတယ်။ တယောက်ကို တယောက်က လုံးဝနားမလည်နိုင်ကြတော့တဲ့/ဆန့်ကျင်တိုက်ခိုက်တာမျိုးတောင် ဖြစ်လာနိုင်တဲ့ ကင်းကွာခြင်းဆီကို ရောက်လာကြတော့မယ်။ ဒီရလဒ်တွေဟာ လစ်ဘရယ်တွေရဲ့လူမှုရေးအယူအဆဖြစ်တဲ့ ကိုယ်ကျိုးအခြေပြု ပုဂ္ဂလဝါဒကနေ ထွက်လာတာပဲ။ လစ်ဘရယ်အတွေးအခေါ်လွှမ်းနေတဲ့ ကျနော်တို့လူမှုပတ်ဝန်းကျင်တွေမှာ အထက်ဖော်ပြပါ လူလူချင်းဆက်ဆံရေးတွေကို တွေ့ရတာ သက်သေပါပဲ။ ဒီသဘောထားအောက်ကနေ ဆိုးဝါးတဲ့လူမှုဆက်ဆံရေးတွေထွက်လာတာကို လစ်ဘရယ်တွေတောင် မငြင်းနိုင်ကြပါဘူး။ ကိုယ်ကျိုးအတ္တကြည့်တာတွေ များလာတဲ့အခါ အနိုင်ရသူကရှုံးနိမ့်သူတွေအပေါ် လက်ဝါးကြီးအုပ်ဆက်ဆံခွင့်ရှိလာပါတယ်။ ဒီအခြေအနေကို တားဆီးဖို့အတွက်/ထိန်းကွက်ဖို့အတွက် လစ်ဘရယ်တွေ ကြိုးစားကြရပြန်ပါတယ်။ အချင်းချင်း ကိုယ်ချင်းစာစိတ်ရှိကြဖို့ တိုက်တွန်းကြရပြန်ပါတယ်။ ဒါပေမယ့် ဒီကိုယ်ချင်းစာစိတ်ဟာ လစ်ဘရယ်အယူအဆဖြစ်တဲ့ the primacy of individual ကို ထိခိုက်လို့မရတာဖြစ်လို့ သဘာဝလူ့အခွင့်အရေးအခြေပြုကိုယ်ချင်းစာနာစိတ်အထိသာ လက်ခံကြတော့တယ်။ ကိုယ်ချင်းစာစိတ်ကို limit ထားတာမျိုး ဖြစ်တယ်။ အချင်းချင်း တရားသဖြင့် ယှဉ်ပြိုင်ကြဖို့ တိုက်တွန်းကြရပြန်တယ်။ ဒါပေမယ့် သဘာဝလူ့အခွင့်အရေးအခြေပြုတရားမျှတမှုအထိသာ လက်ခံကြရတယ်။ တရားမျှတမှုရှာဖွေရာမှာ သတ်မှတ်ချက်အဆင့်ထားတာမျိုး ဖြစ်တယ်။ အဲ့ဒီသတ်မှတ်ချက်တွေ၊ အဆင့်တွေက လူ့အခွင့်အရေး၊ ဥပဒေပြဋ္ဌာန်းချက်ပါ အခွင့်အရေးတွေဆိုတဲ့ သတ်မှတ်ချက်နှင့်အဆင့်တွေ ဖြစ်တယ်။ အဲ့ဒီလူ့အခွင့်အရေးတွေနှင့် ဥပဒေပြဋ္ဌာန်းချက်ပါ အခွင့်အရေးတွေအတိုင်း စာနာစိတ် ထားရမယ်၊ တရားမျှတတယ်လို့ ခံယူကြရတာမျိုး ဖြစ်တယ်။ အဲ့အဆင့်သတ်မှတ်ချက်၊ အဆင့်တွေထက်ပိုပြီး စာနာတာမျိုးလုပ်စရာမလိုဘူးလို့ ခံယူကြတာမျိုး ဖြစ်တယ်။ အဲ့ဒီအခါ ဒီစာနာမှုတွေဟာ တကယ်လိုအပ်လို့ ပေးတာမျိုးမဟုတ်တော့ဘဲ/လိုအပ်တဲ့ အနေအထား-ပမာဏအထိ ပေးနိုင်တာမျိုးလည်း မဟုတ်တော့ဘဲ ကျင့်ဝတ်တခုအရ စာနာတာ-လိုက်နာတာမျိုး ဖြစ်လာတယ်။ ဒါ့အပြင် ဒီလိုစည်းကမ်းအရ စာနာတာ-လိုက်နာလိုက်ခြင်းအားဖြင့် ကျင့်ဝတ်ကောင်းတဲ့/လူကောင်းတယောက်အဖြစ် ရပ်တည်လို့ရတယ်ဆိုတာမျိုး ခံယူထားကြတယ်။ ပြီးတော့ လစ်ဘရယ်တွေက ဒီ လူ့အခွင့်အရေးတွေဟာ သဘာဝအရကို ရှိနေပြီးသား/သတ်မှတ်ထားပြီးသားတွေ ဖြစ်တယ်လို့ ခံယူထားကြတာကြောင့် ဒီအခွင့်အရေးတွေ-သတ်မှတ်ချက်တွေ-အဆင့်တွေက မပြောင်းမလဲ တရားသေဖြစ်နေတော့တယ်။ ဒီအခါ ဒီလူ့အခွင့်အရေးမှာ မပါတဲ့ အနေအထားတွေ-အခြေအနေတွေ ကြုံရတဲ့တာတွေမှာ လုံးလုံးလျားလျား လျစ်လျူရှုထားတာတွေဖြစ်လာတယ်။ ဒီလို သတိမထားမိတာ - လျစ်လျူရှုထားတာတွေအတွက်လည်း အပြစ်ရှိတယ် - စိတ်မသက်မသာဖြစ်တယ်လို့ မခံယူနိုင်ကြတော့ဘူး။ ဘာလို့လဲဆိုရင် ဒီအခြေအနေတွေက ပြဋ္ဌာန်းထားပြီးသား လူ့အခွင့်အရေးတွေ မှာ မပါတဲ့အတွက်ကြောင့်ပဲ။ ဒီကတဆင့် တကယ့်အခြေအနေနဲ့ ကင်းကွာပြီးပြုမူနေကြသူတွေ ဖြစ်လာကြတော့တယ်။ ဒါတွေကိုကြည့်ရင် လစ်ဘရယ်လူမှုရေးအယူအဆဟာ ရှေးရိုးစွဲတွေရဲ့ လူမှုရေးအယူအဆကို ပြုပြင်နိုင်စွမ်းမရှိတာ တွေ့ရမှာပါ။ ရှေးရိုးစွဲဝါဒီတွေ မှားတယ်လို့

သက်သေပြမပေးနိုင်ရုံမကဘဲ ရှေးရိုးစွဲဝါဒကသာကောင်းတယ်ဆိုတဲ့ ခေတ်နောက်ပြန်ဆွဲတဲ့သဘောထားတွေ ကိုတောင် ထွက်ပေါ်စေပါတယ်။

ဗမာပြည်ရဲ့ရှေးရိုးစွဲနိုင်ငံရေးစနစ်တွေဖြစ်တဲ့ အစိုးရအားကောင်းရေးစနစ်၊ ဥပဒေနှင့်လိုက်နာစောင့်ထိန်းမှု အားကောင်းရေးစနစ်၊ ရာထူး-စည်းစိမ်အလိုက် အဆင့်ဆင့်ကြောက်ရွံ့ရိုသေရေးစနစ် စတာတွေကို ဖောက်ပြန်မှားယွင်းတယ်လို့ တဘက်မှာ စွပ်စွဲထားပြီးတော့ အခြားတဘက်မှာ လစ်ဘရယ်နိုင်ငံရေးအယူအဆတွေဖြစ်တဲ့ အားနည်းတဲ့အစိုးရစနစ်-အားကောင်းတဲ့အစိုးရစနစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ကန့်သတ်ထားတဲ့ နိုင်ငံတော်အစိုးရ၊ ကိုယ်စားပြုဒီမိုကရေစီစနစ်တွေနှင့် ဒီယန္တယားတွေရဲ့ အနှစ်သာရ ပုဂ္ဂလဝါဒ၊ လွတ်လပ်မှု၊ ကြောင်းကျိုးဆီလျော်မှု၊ တရားမျှတမှု၊ သဘောထားကြီးမြတ်မှုတွေကိုလည်း မှန်ကန်တဲ့ နိုင်ငံရေးစနစ်တွေ မဟုတ်ဘူးလို့ ငြင်းဆိုထားပြန်တယ်။ ဒါဆိုရင် မှန်ကန်တဲ့နိုင်ငံရေးအယူအဆနှင့် စနစ်တွေက ဘာတွေဖြစ်မလဲ ဆိုပြီး မေးစရာရှိလာတယ်။ ရှေးရိုးစွဲနိုင်ငံရေးစနစ်ကို တိုက်ထုတ်နိုင်ပြီး ဗမာပြည်ကို အတိုးတက်ဆုံးဖြစ်အောင် ရှေ့ဆောင်သွားနိုင်မယ့် မှန်ကန်တဲ့နိုင်ငံရေးစနစ်က ဘာဖြစ်မလဲ။ ရှေးရိုးစွဲဝါဒီတွေရဲ့အစိုးရအားကောင်းရေးစနစ်ကို ငြင်းပယ်ထားတာဖြစ်လို့ ကျနော်တို့ဟာ အစိုးရအားကောင်းရေးကို မလိုလားတဲ့သူတွေလား၊ ဒါပေမယ့် လစ်ဘရယ်တွေရဲ့ကန့်သတ်ခံ-အားနည်းနေတဲ့ အစိုးရကိုလည်း တပါတည်း ငြင်းဆိုထားတာဖြစ်လို့ အစိုးရ အားကောင်းတာ၊ အားနည်းတာတွေကို လိုချင်တာမဟုတ်ဘူးလို့ ဆိုနိုင်တယ်။ ဒါဆိုရင် ဒီနှစ်မျိုးမဟုတ်တဲ့ တခြားတမျိုးရှိနေနိုင်သေးလို့လား။ အဲ့ဒါက ဘာဖြစ်မလဲ။ ရှေးရိုးစွဲဝါဒီတွေရဲ့ဥပဒေ-ထုံးတမ်းတွေ အားကောင်းရေး၊ ဥပဒေနှင့်ရာထူးအဆင့်အလိုက် ကြောက်ရွံ့ရိုသေရေးတွေကို ဖောက်ပြန်မှားယွင်းတယ်လို့ ယူဆထားပြီး လစ်ဘရယ်တွေရဲ့တရားဥပဒေစိုးမိုးရေးကိုလည်း မမှန်ကန်ဘူးလို့ ဆိုထားတာကြောင့် ဒီစနစ်တွေမဟုတ်တဲ့ တခြားစနစ်ရွေးချယ်စရာ ရှိသေးလို့လား။ အဲ့ဒါကရော ဒီစနစ်၂မျိုးလိုပဲ မထူးခြားနားတဲ့စနစ်တွေ မဖြစ်နိုင်ဘူးလား။ ဆိုရှယ်ဒီမိုကရေစီဟာ ရှေးရိုးစွဲဝါဒ၊ လစ်ဘရယ်ဝါဒတွေနဲ့ မတူတဲ့အပြင် ဒီနှစ်ခုမဖြေရှင်းနိုင်တဲ့ နိုင်ငံရေးပြဿနာတွေကိုပါ မှန်မှန်ကန်ကန် ချဉ်းကပ်ဖြေရှင်းနိုင်ပါတယ်။ ဗမာပြည်ရဲ့နိုင်ငံရေးပြဿနာအရပ်ရပ်ကို ဆိုရှယ်ဒီမိုကရက်တစ်ရှုထောင့်ကတဆင့် ကျနော်တို့ ချဉ်းကပ်ကြည့်ရှုရင် နိုင်ငံရေးပြဿနာတွေရဲ့အဖြေကို သေသေချာချာမြင်နိုင်ကြမှာဖြစ်ပြီး မှန်မှန်ကန်ကန် ဖြေရှင်းနိုင်ကြမှာဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ဗမာပြည်ရဲ့နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းဖို့ဆိုရင် အရင်ဆုံး ဒီပြဿနာတွေကို မှန်မှန်ကန်ကန် ရှုမြင်နိုင်ဖို့ လိုအပ်ပါတယ်။ အမြင်မမှန်သရွေ့ အလုပ်က မမှန်နိုင်ပါဘူး။ ရှေးရိုးစွဲတွေ နိုင်ငံတော်အစိုးရအားကောင်းရေးကို လိုလားကြတာဟာ သူတို့ရဲ့လူသားတွေအပေါ် ရှုမြင်ချက်ကနေလာတာပဲ။ လူသားတွေဟာ အတ္တကြီးကြသူတွေ-အမြဲတမ်းမှားနေနိုင်တဲ့/ချို့ယွင်းချက်ရှိနေတဲ့သူတွေဖြစ်လို့ ဒီပြစ်ချက်တွေကနေဖြစ်လာမယ့် ပရမ်းပတာဖြစ်မှုတွေ/ပျက်စီးမှုတွေကို တားဆီးနိုင်တာဟာ နိုင်ငံတော်အစိုးရသာရှိတယ်လို့ မြင်ကြတဲ့အမြင်ကနေ ရှေးရိုးစွဲတွေက နိုင်ငံတော်အစိုးရအားကောင်းရေးကို လိုလားကြတာ။ ဆိုရှယ်ဒီမိုကရက်တွေက ရှေးရိုးစွဲတွေရဲ့ အစိုးရအားကောင်းရေးကို ငြင်းပယ်တာဟာ ဒီအမြင်ကို ငြင်းပယ်ထားလို့ပဲ။ လစ်ဘရယ်တွေရဲ့ကန့်သတ်ခံအစိုးရနှင့်အားကောင်းတဲ့အစိုးရစနစ်တွေဟာလည်း လူသားတွေအပေါ် သူတို့ရှုမြင်တဲ့အမြင်တွေက နေလာတယ်။ လူသားတွေဟာ ကြောင်းကျိုးဆီလျော်အောင် တွေးတောနိုင်တဲ့သူတွေဖြစ်လို့ လူသားတွေအပေါ်မှာ ဘာကန့်သတ်ချက်ဘောင်တွေမှ ထားစရာမလိုဘူး-မထားသင့်ဘူး၊ လူသားတွေဟာ လွတ်လပ်ခွင့်အပြည့်အဝရသင့်တယ်-လူသားတွေထဲက တချို့လူတွေက သူတို့လွတ်လပ်ခွင့်ကို အလွန်အကျွံသုံးတာမျိုးကြောင့် လူ့အဖွဲ့အစည်းအတွင်းမှာ ပရမ်းပတာဖြစ်လာရတာဖြစ်လို့ အကျိုးဆက်အားဖြင့် ပေါ်ပေါက်လာတဲ့နိုင်ငံတော်အစိုးရဟာ ဒီအလွန်အကျွံဖြစ်တဲ့အပိုင်းတွေကိုသာ ထိန်းကွက်ရမှာဖြစ်လို့ နိုင်ငံတော်ဟာ ကန့်သတ်ခံဖြစ်သင့်တယ်လို့ လစ်ဘရယ်တွေကမြင်တယ်၊ ဒါပေမယ့် ကာလတခုကို ရောက်လာပြီး လစ်ဘရယ်တွေဟာ သူတို့ရွေးချယ်ခဲ့တဲ့ ကန့်သတ်ခံအစိုးရစနစ်အလုပ်မဖြစ်တော့ဘူးဆိုတာတွေ့ရတဲ့အခါ အားကောင်းတဲ့အစိုးရစနစ်ဆီ ပြန်လည်ဦးတည်လာကြတယ်။ ဆိုရှယ်ဒီမိုကရက်တွေက လစ်ဘရယ်တွေရဲ့ ကန့်သတ်ခံအစိုးရ

နှင့်အားကောင်းမောင်းသန်တဲ့အစိုးရကို ငြင်းပယ်တာဟာ လစ်ဘရယ်တွေရဲ့ လူသားတွေအပေါ်ရှုမြင်ပုံ၊ လူ့အဖွဲ့အစည်းအပေါ် ရှုမြင်ပုံကို ငြင်းပယ်တာကစတယ်။ ဆိုရှယ်ဒီမိုကရက်တွေရဲ့အမြင်မှာလူသားဟာ ကနေ့အထိ တသမတ်တည်း မရှိဘဲ ဆင့်ကဲဖြစ်စဥ်အရ အစဥ်တစိုက်ပြောင်းလဲလာတဲ့ သတ္တဝါဖြစ်တယ်၊ အဲ့ဒီလို ပြောင်းလဲရာမှာလည်း အသွင်အပြင် နှင့် အတွင်းဗီဇ နှစ်မျိုးစလုံး ပြောင်းလဲတာဖြစ်လို့ ရှေးရိုးစွဲတွေနှင့်လစ်ဘရယ်တွေ ယုံကြည်သလို တသမတ်တည်းရှိပြီး မပြောင်းမလဲရှိနေတဲ့ အကျင့်/ဗီဇလိုဟာမျိုးတွေမရှိဘဲ မျိုးရိုးဗီဇနှင့်ကျင်လည်တဲ့ပတ်ဝန်းကျင်တို့ရဲ့ပြုပြင်မှုအတိုင်းသာ ပြောင်းလဲလာတယ်၊ ဒီလို ပြောင်းလဲရာမှာ လူသားဟာ သူ့လုပ်အားစိုက်ထုတ်မှုကတဆင့် ဆင့်ကဲပြောင်းလဲလာခြင်းဖြစ်တယ်/ ရှေ့ဆက်ပြီးတော့ လည်း ဒီလိုပဲပြောင်းလဲသွားမယ်။ ဒါကြောင့် ကိုယ်ကျိုးကိုပဲကြည့်တဲ့ လူသားတွေကြောင့် ပရမ်းပတာဖြစ်နေတဲ့လူ့အဖွဲ့အစည်း ပျက်စီးမသွားဖို့ နိုင်ငံတော်ရှိနေရတယ်လို့ ရှေးရိုးစွဲတွေ ယုံကြည်တာကို ငြင်းပယ်တယ်။ ထို့အတူပဲ လူသားတွေဟာ မူလအစက အခွင့်အရေးတွေတန်းတူပြီး လွတ်လပ်ခွင့်အပြည့်အဝရနေသူတွေ-တချို့တွေရဲ့မိမိလွပ်လပ်ခွင့်ကို အလွန်အကျွံအသုံးပြုမှုတွေ ကြောင့် ပဋိပက္ခတွေရှိလာရပြီး ဒါကိုထိန်းချုပ်ဖို့ နိုင်ငံတော်ဟာ ရှိနေရတယ်၊ ပြီးတော့ လူသားဟာ ဦးနှောက်နဲ့ ကောင်းမွန်စွာ ဆင်ခြင်သုံးသပ်နိုင်တယ်-ဒါကြောင့် လူသားတွေဟာ မိမိအတွက် အကောင်းဆုံးနှင့်အမှန်ကန်ဆုံး ရွေးချယ်မှု-ဆုံးဖြတ်မှုတွေကို လုပ်ဆောက်နိုင်တယ်-တရားမျှတအောင်လည်း လုပ်ဆောင်နိုင်တယ်၊ ဒါကြောင့် လူသားတွေကို သိပ်ပြီးမကန့်သတ်သင့်ဘူး ဆိုတဲ့ လစ်ဘရယ်တွေရဲ့ယုံကြည်မှုကိုလည်း ငြင်းပယ်တယ်။ ဆိုရှယ်ဒီမိုကရက်တွေရဲ့အမြင်မှာ လူသားဟာ အသိပညာကို အသုံးချနိုင်ဖို့ သူ့လုပ်အားနဲ့ အတွေ့အကြုံတွေ ကာလအကြာကြီး စုဆောင်းခဲ့ရတယ်-လူသားဟာ ဆင်ခြင်တွေးတောသုံးသပ် ဆုံးဖြတ်နိုင်တဲ့အဆင့်ကို မူလကတည်းက ရရှိထားတာမဟုတ်ဘူး-ကာလကြာမြင့်စွာ လုပ်အားစိုက်ထုတ်ပြီးမှ ရရှိလာတာ ဖြစ်တယ်-လူသားက လွတ်လပ်မှုကိုလည်း မူလကတည်းက နားလည်တာမျိုး မဟုတ်ဘဲ ကာလကြာမြင့်စွာ လုပ်အားစိုက် ထုတ်ပြီးမှ လွတ်လပ်မှုကို သိရှိနားလည်လာတယ်/ရရှိလာတယ်၊ ဒါကြောင့် လူသားတွေဟာ အမြဲတမ်းပဲ သူတို့အတွက် အကောင်းဆုံးအခြေအနေကို ဆင်ခြင်တွေးတောသုံးသပ်ဆုံးဖြတ်နိုင်ခဲ့ကြသူတွေ မဟုတ်ဘူး-တရားမျှတမှုကိုလည်း အမြဲတမ်း သိရှိနားလည်နေခဲ့ကြတာ မဟုတ်ဘူး၊ လူသားတွေဟာ ကျေးကျွန်ကုန်ထုတ်လုပ်ရေးအဆင့်တရပ်ကိုရောက်လာတဲ့အခါမှာ ကျွန်ပိုင်ရှင်လူတန်းစားနှင့်ကျေးကျွန်လူတန်းစားဆိုတဲ့ ဘုံလက္ခဏာကို ဖျက်ဆီးဖောက်ထွက်လိုက်တဲ့ ဘက်တွေရှိလာတယ်။ ဒီဘက်နှစ်ခုဟာ တခုကတခုကို အမြဲတမ်းခိုင်းစေအုပ်စိုးဖို့ ကြိုးစားပြီး အခိုင်းစေခံရတဲ့တခုက အခြားတခုရဲ့အုပ်စိုးခိုင်းစေမှုက ထာဝရလွတ်မြောက်ဖို့ ကြိုးစားတယ်။ ဒီလူတန်းစားနှစ်ခုရဲ့ဆန့်ကျင်နေတဲ့ ပေါင်းစည်းမှုနှင့် ဆန့်ကျင်နေတဲ့တိုက်ပွဲဆိုတဲ့ လူတန်းစားတိုက်ပွဲ ရှိလာတယ်။ ဒီလူတန်းစားတိုက်ပွဲမှာ အုပ်စိုးနေတဲ့လူတန်းစားက အုပ်စိုးခံတွေကို အနိုင်တိုက်ဖို့နှင့် အုပ်စိုးခိုင်း စေဖို့အတွက် ဖန်တီးလိုက်တာက နိုင်ငံတော်အစိုးရပဲ။ အဲ့ဒီကတည်းက ဆင့်ကဲပြောင်းလဲကြီးထွားလာတဲ့ လူ့အဖွဲ့အစည်းမှာ လူတန်းစားတွေဟာ ကုန်ထုတ်လုပ်ရေးနှင့်တွဲပြီးတော့ ကွဲပြားလာတာရှိပေမယ့် အုပ်စိုးသူလူတန်းစားနှင့် အုပ်စိုးခံလူတန်းစား ဆိုတဲ့ လုံးလုံးလျားလျားကင်းကွာနေကြတဲ့ဘက်နှစ်ဘက်ဟာ ကနေ့အထိ ရှိနေသေးပြီး လူတန်းစားတိုက်ပွဲကလည်း ရှိနေသေး တယ်။ ထို့အတူ နိုင်ငံတော်ကလည်း ကနေ့အထိ အုပ်စိုးသူလူတန်းစားကအုပ်စိုးခံတွေကို ဖိနှိပ်ချုပ်ကိုင်အုပ်စိုးဖို့နှင့် လူတန်းစား တိုက်ပွဲမှာအသုံးပြုဖို့ ဖန်တီးထားတဲ့အရာပဲ။ ဒါကြောင့် နိုင်ငံတော်ဟာ ရှေးရိုးစွဲတွေနှင့် လစ်ဘရယ်တွေယုံကြည်သလို ရန်လို မုန်းတီးပြိုင်ဆိုင်နေကြတဲ့လူသားတွေအတွက် ရှိနေပေးရတဲ့/ဒိုင်လုပ်ပေးနေရတဲ့ တရားသူကြီးမဟုတ်ဘဲ ဖိနှိပ်ချုပ်ခြယ် ခေါင်းပုံ ဖြတ်မှုတွေကနေ လွတ်မြောက်ဖို့ အပြင်းထန်ဆုံးလုပ်အားစိုက်ထုတ်နေကြတဲ့လူထုကို လှည့်စားထိန်းချုပ်သတ်ဖြတ်ဖို့ ရှိနေပေးရတဲ့သားရဲပဲလို့ ဆိုရှယ်ဒီမိုကရက်တွေကတော့ ရှုမြင်တယ်။ ကျေးကျွန်ခေတ်ကာလတလျှောက်လုံးမှာ ကျွန်ပိုင်ရှင်တွေ သာ နိုင်ငံတော်အစိုးရဖြစ်ခဲ့ကြပြီးတော့ မြေရှင်ပဒေသရာဇ်ခေတ်ကာလတလျှောက်လုံးမှာလည်း မြေရှင်ပဒေသရာဇ်တွေသာ နိုင်ငံတော်အစိုးရဖြစ်ခဲ့ကြတယ်။ ကနေ့ခေတ် အရင်းရှင်ခေတ်ကာလမှာလည်း အရင်းရှင်လူတန်းစားကသာ နိုင်ငံတော်အစိုးရ

ဖြစ်နေတယ် မဟုတ်လား။ ပြီးတော့ သူတို့တွေရဲ့ အစိုးရသက်တမ်းအားလုံးမှာ အုပ်စိုးခံတွေဟာ တဖက်သတ် လှည့်စားထိန်းချုပ်သတ်ဖြတ်အမဲလိုက် ခံရတာပဲ။ ဒါကြောင့် နိုင်ငံတော်အစိုးရဟာ ကနေ့အထိ အုပ်စိုးခံလူတန်းစားတွေအတွက်ရှိနေတာ မဟုတ်ဘဲ အုပ်စိုးသူလူတန်းစားအတွက်ရှိနေတာဖြစ်တယ်။ စစ်အစိုးရဟာ သူတို့ရဲ့အုပ်စိုးခံလူတန်းစားဖြစ်တဲ့ ဗမာပြည်သူတွေအတွက်ရှိနေတာမဟုတ်ဘဲ အုပ်စိုးသူလူတန်းစားဖြစ်တဲ့ စစ်အုပ်စုနှင့်ခရိုနီအရင်းရှင်တွေအတွက်ပဲရှိနေတယ်မဟုတ်ပါလား။ ရှေးရိုးစွဲတွေက ဥပဒေနှင့်လိုက်နာစောင့်ထိန်းမှု၊ ရာထူးအဆင့်ဆင့်အလိုက် ကြောက်ရွံ့ရိုသေမှုကို အရေးကြီးတယ်လို့ ယူဆကြရာမှာ လူ့အဖွဲ့အစည်းမှာ social order မရှိလို့မရဘူး၊ ပြီးတော့ ဒီလိုလူ့အဖွဲ့အစည်းမှာ အဆင့်ဆင့်ကွဲပြားနေတာတွေကလည်း ကံကြမ္မာအရ သတ်မှတ်ထားပြီးသား၊ ဒါကို ဖျက်ဆီးလို့လည်း မရသလို ဖျက်ဆီးဖို့ကြိုးစားရင်လည်း ပိုဆိုးတဲ့ပြစ်ဒဏ်ကို ကံကြမ္မာကဖြစ်စေလိမ့်မယ်ဆိုတာမျိုး မြင်ကြတယ်။ ဆိုရှယ်ဒီမိုကရက်တွေကတော့ ဥပဒေနှင့်ရာထူးစည်းစိမ်အဆင့်ဆင့်တွေဟာ အထက်မှာဆိုခဲ့ပြီးတဲ့ နိုင်ငံတော်ရဲ့လက်တံတွေသာဖြစ်ပြီး နိုင်ငံတော်ကပဲ ဒီဥပဒေတွေကိုသတ်မှတ်ပြဋ္ဌာန်းတယ်၊ ဥပဒေတွေဟာ ခေတ်ကာလအလိုက် ပြောင်းလဲလာခဲ့ပေမယ့်(ဥပမာ - ကျေးကျွန်ခေတ်၊ ပဒေသရာဇ်ခေတ်၊ အရင်းရှင်ခေတ်တွေမှာရှိတဲ့ ဥပဒေနှင့်ရာထူးအဆင့်တည်ရှိပုံတွေဟာ မတူညီဘူး)မပြောင်းလဲဘဲ ရှိနေတဲ့အရာကတော့ ဒီဥပဒေနှင့် ရာထူးအဆင့်ဆင့်တွေဟာ ခေတ်တိုင်းမှာ အုပ်စိုးသူလူတန်းစားတွေကို ကာကွယ်ပေးဖို့သာရှိနေရခြင်းဖြစ်တယ် ဥပမာ - ကျေးကျွန်ခေတ်မှာရှိခဲ့တဲ့ဥပဒေတွေဟာ ကျေးပိုင်ကျွန်ပိုင်တွေနှင့် နိုင်ငံတော်အာဏာပိုင်တွေကို အကျိုးပြုတယ်၊ ပဒေသရာဇ်ခေတ်က ဥပဒေတွေဟာ မြေရှင်ပဒေသရာဇ်အာဏာပိုင်တွေကို အကျိုးပြုတယ်၊ ခုအရင်းရှင်ခေတ်ကာလမှာလည်း ဥပဒေတွေက အရင်းရှင်တွေနှင့် အုပ်စိုးသူအာဏာပိုင်တွေကိုသာ အကျိုးပြုတယ်-ဗမာပြည်မှာ ခုရှိနေတဲ့ဥပဒေတွေဟာ အာဏာပိုင်စစ်တပ်နှင့် ခရိုနီအရင်းရှင်တွေကိုသာ အကျိုးပြုနေတာ မဟုတ်လား)လို့ ရှုမြင်တယ်။ ဒါ့အပြင် ဆိုရှယ်ဒီမိုကရက်တွေအနေနဲ့ ဥပဒေရဲ့အဆင့်နေရာနှင့်အခန်းကဏ္ဍဟာ လူတန်းစားစနစ်မကင်းမဲ့နိုင်သေးသရွေ့ ဒီလိုပဲဆက်သွားလိမ့်မယ်လို့ ရှုမြင်တယ်-ဆိုလိုတာက ဥပဒေဆိုတာ နိုင်ငံတော်က ပြဋ္ဌာန်းတာဖြစ်လို့ နိုင်ငံတော်ကို စိုးမိုးခြယ်လှယ်ခွင့်ရှိနေတဲ့ အုပ်စိုးသူလူတန်းစားအကျိုးကိုသာ ရှေးရှုမှာဖြစ်တယ်။ ဒါကြောင့် လစ်ဘရယ်တွေရဲ့အမြင်–**အစိုးရကို ကန့်သတ်ထားရင်(the limited government ဖြစ်ရင်)/နိုင်ငံတော်အစိုးရရဲ့အာဏာကိုဒရပ်အဖြစ်ခွဲထားပြီးတော့ အချင်းချင်းထိန်းကြောင်းစေမယ်ဆိုရင် ဥပဒေတွေဟာ အုပ်စိုးခံတွေဖြစ်တဲ့ ပြည်သူတွေအတွက် ကောင်းမွန်တဲ့ဥပဒေတွေဖြစ်လိမ့်မယ်**–ကို ငြင်းပယ်တယ်။ ငြင်းပယ်ရုံတင်မကဘဲ လစ်ဘရယ်တွေရဲ့ဒီလိုအစိုးရကို ထိန်းကြောင်းလို့ရတယ်-အာဏာသုံးရပ်အကြား အချင်းချင်းထိန်ကျောင်းအောင်ထားမယ်ဆိုရင် အုပ်စိုးခံတွေဖြစ်တဲ့ အဖိနှိပ်ခံတွေဟာ မူလအဖိနှိပ်ခံရတဲ့နေရာမှာ ဆက်နေဖို့ကောင်းတယ်/ဆက်နေလိုက်ဖို့ လုံခြုံတယ်/အဲ့ဒီလိုဆက်နေလိုက်တာက အုပ်စိုးခံတွေဖြစ်တဲ့ အဖိနှိပ်ခံတွေနှင့် အုပ်စိုးသူတွေဖြစ်တဲ့ ဖိနှိပ်သူတွေအတွက်ပါ နှစ်ဘက်စလုံးအတွက် အဆင်ပြေတယ်-ဆိုတဲ့အမြင်ဟာ ကောက်ကျစ်တယ်လို့ ရှုမြင်တယ်၊ အကြောင်းရင်းကတော့ ဒီလိုအစိုးရကို ထိန်းကြောင်းပြုပြင်လို့ရတယ်/ ယဥ်ကျေးအောင် ထိန်းသိမ်းလို့ရတယ်/အုပ်စိုးခံတွေအကျိုးကို ရှေးရှုလာအောင် လုပ်လို့ရတယ်လို့ မြင်စေတာဟာ အဖိနှိပ်ခံတွေကို အမှန်တရားမမြင်နိုင်အောင် ဖုံးထားလိုက်လို့ပဲ။ အဲဒါကတော့ ဥပဒေကို နိုင်ငံတော်က ပြဋ္ဌာန်းတာဖြစ်လို့ နိုင်ငံတော်ကို စိုးမိုခြယ်လှယ်ခွင့်ရှိနေတဲ့ အုပ်စိုးသူလူတန်းစားအကျိုးကိုသာ ရှေးရှုမှာဖြစ်တယ် ဆိုတဲ့အမှန်တရားရယ်၊ နောက်ထပ်အမှန်တရားတခု ရှိနေသေးတယ်-အုပ်စိုးခံတွေဖြစ်တဲ့ အဖိနှိပ်ခံပြည်သူတွေအနေနဲ့ ဥပဒေတွေနှင့်ရာထူးတွေဟာ ပြည်သူ့အကျိုးကိုသာ ရှေးရှုစေချင်တယ်ဆိုရင် ရှေးရိုးစွဲတွေလို ကံကြမ္မာကို ပုံအပ်ထားရမှာမဟုတ်ဘဲ/လစ်ဘရယ်တွေလို နိုင်ငံတော်အစိုးရကို ကန့်သတ်ဖို့-ထိန်းကျောင်းဖို့-ယဥ်ကျေးလိမ္မာသင်တန်းပို့ချဖို့ လုပ်ရမှာမဟုတ်ဘဲ မိမိတို့ကိုယ်တိုင်က အုပ်စိုးသူလူတန်းစားဖြစ်လာအောင် ကြိုးစားအားထုတ်ရမယ်ဆိုတဲ့ အမှန်တရားပဲ၊ အဖိနှိပ်ခံတွေဖြစ်တဲ့ အများစုသော ပြည်သူလူထုအနေနဲ့ မိမိတို့ကိုယ်တိုင် အုပ်စိုးသူလူတန်းစားဖြစ်မှသာ နိုင်ငံတော်ကို စိုးမိုးခွင့်ရှိမှာဖြစ်ပြီး နိုင်ငံတော်က ပြဋ္ဌာန်းသမျှသော ဥပဒေတွေဟာ မိမိတို့အများစုကြီးဖြစ်တဲ့ အဖိနှိပ်ခံတွေရဲ့

အကျိုးကို ရှေးရှုမှာဖြစ်တယ် ဆိုတဲ့အမှန်တရားပဲ။ ရှေးရိုးစွဲတွေနှင့်လစ်ဘရယ်တွေရဲ့ကြိုးပမ်းဆောင်ရွက်ချက်တွေဟာ အဖိနှိပ်ခံတွေ ဒီအမှန်တရားမမြင်နိုင်အောင် ဝေဝါးဖုံးကွယ်စေတာဖြစ်လို့ ကောက်ကျစ်တယ်လို့ ဆိုခဲ့တာပဲ။ ဒါကြောင့် ဆိုရှယ်ဒီမိုကရက်တွေအနေနဲ့ အဖိနှိပ်ခံတွေဟာ အုပ်စိုးသူလူတန်းစားဖြစ်နိုင်ဖို့ ကြိုးစားအားထုတ်ရမယ်-အဖိနှိပ်ခံတွေ အများစုကြီးဖြစ်တဲ့ ပြည်သူလူထုက အုပ်စိုးသူလူတန်းစားဖြစ်လာပြီး နိုင်ငံတော်အစိုးရကို အသုံးချနိုင်တဲ့အခြေအနေနှင့်ကာလကိုရောက်လာတဲ့ အချိန်မှသာ နိုင်ငံတော်အစိုးရဟာ လူ့အဖွဲ့အစည်းအတွက် အကျိုးပြုနိုင်လိမ့်မယ်လို့ ရှုမြင်တယ်။ လစ်ဘရယ်တွေက လူ့အဖွဲ့အစည်းနှင့်ပတ်သက်ရင် လူတဦးတယောက်ချင်းစီက အရေးအကြီးဆုံးအစိတ်အပိုင်းလို့ ယုံကြည်ကြတယ်။ လူ့အဖွဲ့အစည်းထက် လူတဦးတယောက်ချင်းစီက အရင်လာတယ်ဆိုတဲ့အနေအထား the primacy of individual ကိုတောင် ယုံကြည်ကြတယ်။ လူတဦးတယာက်ချင်းစီဟာ ရှေးယခင်ကတည်းက မိမိကိုယ်ကျိုးကိုသာ စိတ်တိမ်းညွတ်ကြပြီးတော့ မိမိတကိုယ်တည်းရဲ့ အကျိုးအမြတ်ကိုသာ စိတ်ဝင်စားကြခြင်းဖြစ်တယ်၊ လူ့အဖွဲ့အစည်းအတွင်းမှာ လူတွေပူးပေါင်းဆောင်ရွက်ကြတယ်-လူ့အဖွဲ့အစည်းအဖြစ်ရှိနေကြခြင်းဟာ ယာယီသဘောအားဖြင့်သာ ပူးပေါင်းကြခြင်းဖြစ်တယ်-မိမိအကျိုးအမြက်ကိုရပြီးတာနဲ့ ပြန်ပြီးတဦးချင်းအဖြစ် ပြန်ပြီးကွဲထွက်သွားတယ်လို့ယုံကြည်ကြတယ်-လူတဦးချင်းစီက အမြဲတမ်းနှင့်အရေးကြီးဆုံးဖြစ်ပြီး လူ့အဖွဲ့အစည်းက ယာယီနှင့်သာမညသာဖြစ်တယ်လို့ ဆိုကြတယ်။ ဆိုရှယ်ဒီမိုကရက်တွေကတော့ လူ့အဖွဲ့အစည်းကို အမြဲတမ်းနှင့် အဓိကလို့ ရှုမြင်တယ်။ ဆိုရှယ်ဒီမိုကရက်တွေဟာ လူတဦးချင်းစီဟာ အရေးပါတယ်လို့ လက်ခံပေမယ့် လူ့အဖွဲ့အစည်းထက် ပိုပြီး အရေးပါတဲ့နေရာမှာ မရှိဘူး၊ ရှေးယခင်ကလည်း အဲ့ဒီအဆင့်နေရာမှာ မရှိခဲ့သလို ရှေ့လျှောက်လည်း ရှိမှာမဟုတ်ဘူး။ လူ့အဖွဲ့အစည်းသာမရှိရင် လူတဦးတယောက်ချင်းစီဟာ မတည်ရှိနိုင်ဘူးလို့တောင် ကျနော်တို့ဆိုရှယ်ဒီမိုကရက်တွေက ရှုမြင်တယ်။ အမဲလိုက်ပြီးအသက်မွေးရတဲ့ ရှေးယခင်ကာလကတည်းက လူတဦးယောက်ချင်းစီထက် လူ့အဖွဲ့အစည်းက ပိုပြီးအရေးပါခဲ့တယ်။ သဘာဝရဲ့အခက်အခဲတွေကို ရင်ဆိုင်ရချိန်မှာ လူတဦးတယောက်ချင်းစီထက် လူ့အဖွဲ့အစည်းက ပိုပြီးအရေးပါခဲ့တယ်။ လူ့အဖွဲ့အစည်းရဲ့ ကာကွယ်မှုအောက်မှာ လူတဦးတယောက်ချင်းစီဟာ သဘာဝအခက်အခဲတွေကြားမှာ ရှင်သန်နိုင်ခဲ့တယ်။ လူ့အဖွဲ့အစည်းကသာ သဘာဝအခက်အခဲတွေကို မရင်ဆိုင်နိုင်ခဲ့ရင် လူသားတွေဟာ ကနေ့ခေတ်အထိ ရှင်သန်နိုင်စရာမရှိဘူး။ ကနေ့ခေတ်မှာလည်း ဖိနှိပ်အုပ်စိုးသူလူတန်းစားနှင့်နိုင်ငံတော်အစိုးရကို ဆန့်ကျင်အန်တုရာမှာ လူတဦးချင်းစီထက် အဖိနှိပ်ခံရတဲ့ လူ့အဖွဲ့အစည်းလိုက်ကသာ အရေးပါတယ်။ လူ့အဖွဲ့အစည်းလိုက် အားထုတ်ကြိုးစားမှုတွေကသာ လူသားတွေကို နောက်ထပ်ပိုကောင်းတဲ့ ဆင့်ကဲပြောင်းလဲတိုးတက်မှုဆီကို ရောက်ရှိစေတာဖြစ်တယ်။ လူထုကသာ သမိုင်းကိုရေးတယ်လို့ ဆိုတာဟာ ဒီသဘောကိုဆိုလိုတယ်။ ကနေ့အထိ လူ့အဖွဲ့အစည်းကသာ လူတဦးချင်းစီထက် အရင်လာတယ်။ ဒါကြောင့် ဆိုရှယ်ဒီမိုကရက်တွေက လူသားတွေရဲ့ လွတ်လပ်မှု၊ တရားမျှတမှုကို စဥ်းစားဆုံးဖြတ်ကြရာမှာ လစ်ဘရယ်တွေလို လူတဦးချင်းစီရဲ့အရေးပါမှုကနေ အခြေမခံဘဲ လူ့အဖွဲ့အစည်းရဲ့အရေးပါမှုကနေ အခြေခံပြီးတော့ စဥ်းစား-သုံးသပ်-ဆုံးဖြတ်တယ်။ လူတဦးတယောက်ချင်းစီရဲ့လွတ်လပ်မှု-မလွတ်လပ်မှုနဲ့ လူ့အဖွဲ့အစည်းရဲ့လွတ်လပ်မှုကို မတိုင်းတာနိုင်ပေမယ့် လူ့အဖွဲ့အစည်းရဲ့လွတ်လပ်မှု-မလွတ်လပ်မှုကတော့ လူတဦးချင်းစီရဲ့လွတ်လပ်မှုဆိုင်ရာတွေကို တိုင်းတာပေးနိုင်တယ်လို့ ယုံကြည်တယ်။ ထို့နည်းတူစွာပဲ လူ့အဖွဲ့အစည်းရဲ့တရားမျှတမှုကသာ တဦးချင်းစီရဲ့တရားမျှတမှုဆိုင်ရာကို တိုင်းတာပေးနိုင်တယ်လို့ ယုံကြည်တယ်။ ဒါကြောင့် ဆိုရှယ်ဒီမိုကရက်တွေဟာ လစ်ဘရယ်တွေလို လူတဦးတယောက်ချင်းစီရဲ့ လွတ်လပ်မှု၊ တရားမျှတမှုတွေကို လူတဦးတယောက်ချင်းစီအလိုက် ရှာဖွေတာမျိုးမလုပ်ဘဲ လူ့အဖွဲ့အစည်းရဲ့လွတ်လပ်မှု၊ တရားမျှတမှုကို လွတ်လပ်မှုနှင့်တရားမျှတမှု လိုအပ်နေတဲ့ အဖိနှိပ်ခံထုနဲ့သာရှာဖွေတယ်။ ရှေးရိုးစွဲတွေက လူပုဂ္ဂိုလ်တဦးချင်း ဒါမှမဟုတ် လူတစုရဲ့ အာဏာရှင်နိုင်ငံတော်အစိုးရကို လက်ခံယုံကြည်ကြ ပြီး လစ်ဘရယ်တွေကတော့ ပြည်သူ့ကိုယ်စားပြုနိုင်ငံတော်အစိုးရ (the representative government) ကို လက်ခံယုံကြည်ကြတယ်၊ ဒီလို ယုံကြည်ကြတာမှာ ရှေးရိုးစွဲတွေက လူပုဂ္ဂိုလ်တဦးချင်း

ဒါမှမဟုတ် လူတစုရဲ့အာဏာရှင်နိုင်ငံတော်အစိုးရကသာ လူ့အဖွဲ့အစည်းအကျိုးအတွက် အကောင်းဆုံး လုပ်ဆောင်နိုင်စွမ်းရှိတာလို့ ယုံကြည်တယ်-ထိုနည်းတူပဲ လစ်ဘရယ်တွေကလည်း the representative government ကသာ လူ့အဖွဲ့အစည်းအကျိုးအတွက် အကောင်းဆုံးစွမ်းဆောင်နိုင်တယ်လို့ ယုံကြည်တယ်။ ဒါပေမယ့် လက်တွေ့မှာ သိလာရတာက ရှေးရိုးစွဲတွေရဲ့ယုံကြည်မှုက မှားယွင်းနေတယ်ဆိုတာပဲ-ရှေးရိုးစွဲတွေရဲ့ ယုံကြည်မှုသာ မှန်ကန်တယ်ဆိုရင် ဗမာပြည်ဟာ လွတ်လပ်ရေးရပြီးကတည်းက တောက်လျှောက်ဖွံ့ဖြိုးတိုးတက်နေရမှာ-စစ်အုပ်စုလက်ထက်မှာ အဖွံ့ဖြိုးဆုံးဖြစ်နေရမှာ-စစ်အုပ်စုရဲ့လက်ထက်မှာ ဗမာပြည်စုတ်ပြတ်သတ်ကုန်တာဟာ ရှေးရိုးစွဲတွေရဲ့ယုံကြည်မှု မမှန်ကန်ဘူးဆိုတာ သက်သေပါပဲ။ ဒါကို ပြုပြင်ချင်တဲ့ လစ်ဘရယ်တွေရဲ့ယုံကြည်မှုကလည်း လက်တွေ့မှာမှန်ကန်ရဲ့လား ကြည့်မယ်ဆိုရင် လစ်ဘရယ်တွေရဲ့ကိုယ်စားပြုအစိုးရဆိုတာ ပြည်သူကို ကိုယ်စားပြုနိုင်စွမ်းမရှိဘဲ ငွေရှင်ကြေးရှင်အလွှာတွေကိုသာ ကိုယ်စားပြုနိုင်တယ်ဆိုတာပဲ။ ပြည်သူကို တကယ်ကိုယ်စားပြု-မပြုဆိုတာ စစ်ကြည့်ရတာ လွယ်ပါတယ်။ တကယ့်ပြည်သူ့အသံတွေ၊ ပြည်သူ့တောင်းဆိုချက်တွေကို ဒီကိုယ်စားပြုအစိုးရက တကယ်အကောင်အထည်ဖော်သလား၊ ဖော်နိုင်သလားကြည့်ရင် တကယ့်ပြည်သူ့လိုလားချက်တွေ၊ တောင်းဆိုချက်တွေ လက်တွေ့မှာမဖြစ်လာဘဲ(နောက်တန်းပို့ခံရပြီး) လက်တွေ့မှာ အကောင်အထည်ပေါ်လာတာက ငွေရှင်ကြေးရှင်တွေရဲ့လိုလားချက်တွေ၊ တောင်းဆိုချက်တွေသာဖြစ်တယ်။ တခြားနိုင်ငံက လစ်ဘရယ်အစိုးရတွေရဲ့ လုပ်ငန်းအကောင်အထည်မှုကလည်း ဒီလိုပဲဖြစ်သလို ဦးတည်ရာကလည်း ငွေရှင်ကြေးရှင်တွေရဲ့နိုင်ငံတော်အစိုးရ ဖြစ်ဖို့ပါပဲ။ ဒါကြောင့် လစ်ဘရယ်တွေက သူတို့ရဲ့ကိုယ်စားပြုနိုင်ငံတော်အစိုးရက ပြည်သူ့ဆန္ဒကိုကိုယ်စားပြုတယ်လို့ဆိုပေမယ့် လက်တွေ့မှာ မှန်ကန်မှုမရှိတာကိုတွေ့ရတယ်။ လစ်ဘရယ်တွေရဲ့ကိုယ်စားပြုနိုင်ငံတော်အစိုးရစနစ်မှာ ပြည်သူ့ကိုယ်စားလှယ်တွေအများစုဟာ သူတို့မဲဆန္ဒနယ်အတွင်းက ပြည်သူတွေရဲ့အခြေအနေကိုတောင် ပြည့်ပြည့်စုံစုံလေ့လာတာမျိုး မရှိတာကို/လျစ်လျူရှုထားတာကို တွေ့ရပြီးတော့ အပြန်အလှန်အားဖြင့် မဲန္ဒနယ်အသီးသီးက ပြည်သူတွေကလည်း လစ်ဘရယ်ပြည်သူ့ကိုယ်စားပြုအစိုးရရဲ့ကိုယ်စားလှယ်ကို သိကျွမ်းတာမျိုးတောင် မရှိကြပါဘူး။ ကိုယ်စားလှယ်တွေကို သူတို့အသိုင်းအဝိုင်းကပဲ သိနေပြီးတော့ ကိုယ်စားလှယ်တွေကလည်း သူတို့အသိုင်းအဝိုင်းလောက်ကိုပဲသိနေတဲ့ အခြေအနေပဲရှိပါတယ်။ အဓိကအားဖြင့် လစ်ဘရယ်တွေ ကြွေးကြော်ထားသလို သူတို့ရဲ့ကိုယ်စားပြုနိုင်ငံတော်အစိုးရ ကိုယ်စားလှယ်တွေဟာ အုပ်စိုးခံတွေဖြစ်တဲ့ အဖိနှိပ်ခံတွေနှင့်အတူ ရုန်းကန်နိုင်ကြသူတွေ ဖြစ်မနေတာပဲ။ ဒါကြောင့် ဆိုရှယ်ဒီမိုကရက်တွေက ပြည်သူ့ဆန္ဒ/အဖိနှိပ်ခံတွေရဲ့ဆန္ဒကို ပြည်သူတွေကိုယ်တိုင်/ အဖိနှိပ်ခံပြည်သူတွေကိုယ်တိုင်ထက် ဘယ်သူကမှ ပိုပြီးကိုယ်စားမပြုပေးနိုင်ဘူးလို့ ယုံကြည်တယ်၊ ပြည်သူကို ကိုယ်စားပြုတဲ့ အစိုးရဖြစ်ဖို့ဆိုရင် နိုင်ငံတော်အစိုးရကို တကယ့်ပြည်သူတွေနှင့်ဖွဲ့စည်းရမယ်လို့ ယုံကြည်တယ်၊ တကယ့်ပြည်သူတွေနဲ့ဖွဲ့စည်းထားတဲ့ နိုင်ငံတော်အစိုးရသာလျှင် ပြည်သူ့အကျိုးကို ရှေးရှုလိမ့်မယ်လို့ ယုံကြည်တယ်။ ဒါကြောင့် ဆိုရှယ်ဒီမိုကရက်တွေက လူတစုရဲ့နိုင်ငံတော်အစိုးရနှင့်ငွေရှင်ကြေးရှင်အလွှာတခုတည်းရဲ့ နိုင်ငံတော်အစိုးရတို့ကို ငြင်းပယ်ပြီးတော့ လူထုရဲ့နိုင်ငံတော်အစိုးရကို လက်ခံယုံကြည်တယ်။ လူထုရဲ့နိုင်ငံတော်အစိုးရအာဏာရရေးကို ကြိုးပမ်းဆောင်ရွက်တယ်။ နိုင်ငံတော်အာဏာရရေး ကြိုးပမ်းရာမှာလည်း ရှေးရိုးစွဲတွေဟာ လူတစုရဲ့ရာသက်ပန်အစိုးရရေးကို လက်ခံယုံကြည်ကြတာကြောင့် နိုင်ငံတော်အစိုးရအပေါ် တော်လှန်ပုန်ကန်တာမျိုးကို လက်မခံကြဘဲ မျိုးရိုးစဉ်ဆက်အလိုက်ဆက်ခံရေး-နိုင်ငံရေးမျိုးဆက်အလိုက်ဆက်ခံရေးနှင့် သူတို့သတ်မှတ်ပေးတဲ့ အဆင့်အတန်းအလိုက် အထက်ကိုရောက်ရှိလာရေး နည်းလမ်းတွေကိုသာ လက်ခံထားကြတယ်၊ လစ်ဘရယ်တွေကတော့ နိုင်ငံတော်အစိုးရဟာ ရွေးကောက်ပွဲကတက်လာတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေနဲ့ဖွဲ့စည်းရမယ်လို့ ယုံကြည်ကြပြီး ရွေးကောက်ပွဲကို အစိုးရရဲ့သက်တမ်းအလိုက်ထားရှိကျင်းပကြတယ်-ရွေးကောက်ပွဲကတဆင့်သာ နိုင်ငံတော်အာဏာကို ရယူကြရမယ်လို့ ယုံကြည်ကြပြီး အကယ်၍ အာဏာရအစိုးရက ရွေးကောက်ပွဲကျင်းပရေးကို ငြင်းပယ်ထားတယ်ဆိုရင်တောင် အာဏာရအစိုးရနှင့်တွေ့ဆုံဆွေးနွေးညှိနှိုင်းရေး ကတဆင့်သာ သွားရမယ်-တွေ့ဆုံဆွေးရေးပါ မဖြစ်နိုင်တဲ့အနေအထားဆိုရင် လက်နက်

ကိုင်တော်လှန်တာမျိုး လုပ်ရမယ်ဆိုတာမျိုး ယုံကြည်ကြတယ်- လက်နက်ကိုင်တော်လှန်ရမယ်လို့ ယုံကြည်ကြရာမှာတော့ လစ်ဘရယ်တွေကြား ကွဲပြားတဲ့သဘောထားတွေအမြဲတမ်းရှိပါတယ်-အကြမ်းမဖက်ရေးအုပ်စု နှင့် အကြမ်းဖက်တော်လှန်ပုန်ကန်ပြီးလုပ်ကြတဲ့အုပ်စုဆိုပြီး အမြဲတမ်းကွဲပြားပါတယ်-ဒါပေမယ့် ဒီနေရာမှာ လစ်ဘရယ်တွေက တွေ့ဆုံဆွေးနွေးညှိနှိုင်း အပေးအယူလုပ်ရေး အဆင်မပြေလို့/ရွေးကောက်ပွဲကနေတဆင့် အာဏာရယူတဲ့ဖြစ်စဥ် အဆင်မပြေလို့သာ လက်နက်ကိုင်တော်လှန်ပုန်ကန်ရတာလို့ ယုံကြည်ကြတယ်-ဒါကြောင့် တွေ့ဆုံဆွေးနွေးညှိနှိုင်း အပေးအယူလုပ်ရေး ပြန်ပြီး အဆင်ပြေတာနဲ့/ရွေးကောက်ပွဲကတဆင့် အာဏာရယူရေးလမ်းကြောင်းပြန်ပြီး အဆင်ပြေသွားတာနဲ့ သူတို့ရဲ့လက်နက်ကိုင်တော်လှန်ပုန်ကန်မှုဟာ ပြီးဆုံးပြီ/သူတို့ရဲ့ လက်နက်ကိုင်တော်လှန်ပုန်ကန်ရတဲ့ရည်ရွယ်ချက်ဟာ ဒီအဆင့်အထိသာဖြစ်တယ်လို့ ယုံကြည်ကြတယ်။ ဆိုရှယ်ဒီမိုကရက်တွေအနေနဲ့တော့ လက်ဝါးကြီးအုပ်ဖိနှိပ်နေတဲ့ နိုင်ငံတော်အစိုးရဟာ သူတို့ရဲ့အုပ်စိုးခံပြည်သူတွေ နိုင်ငံတော်အာဏာရသွားမှာကို လက်မခံနိုင်ဘူးလို့ မြင်တယ်-အကြောင်းရင်းကတော့ သူတို့ရဲ့အကျိုးစီးပွားတွေလက်လွတ်သွားမှာကို လက်မခံနိုင်တာ၊ သူတို့ဖိနှိပ်ကျူးလွန်ထားသမျှအတွက် တာဝန်ပြန်ယူရမှာကို ကြောက်ရွံ့တာ-သူတို့ထက် နိမ့်ကျတယ်လို့ တွေးထားတဲ့ ကျောမွဲပြည်သူတွေ အုပ်စိုးတာကို/စီမံအုပ်ချုပ်တာကို လက်မခံနိုင်တာတွေဖြစ်တယ်လို့ ယုံကြည်ပါတယ်၊ ဒါကြောင့် အဖိနှိပ်ခံပြည်သူတွေအနေနဲ့ အာဏာရယူရေးကို ကြိုးပမ်းလာတဲ့အခါ တွေ့ဆုံဆွေးနွေးညှိနှိုင်းအပေးအယူလုပ်ရေးနှင့် ရွေးကောက်ပွဲလမ်းစဥ်အရ အောင်မြင်တော့မှာမဟုတ်ဘဲ ဖိနှိပ်အုပ်စိုးသူဘက်ကလည်း ၎င်းကြိုးပမ်းမှုကို အကြမ်းဖက်ဖြိုခွဲမှာဖြစ်သလို အဖိနှိပ်ခံတွေဘက်ကလည်း လက်နက်ကိုင်တော်လှန်ပုန်ကန်ရလိမ့်မယ်လို့ ယုံကြည်တယ်။ ဒါပေမယ့် လစ်ဘရယ်တွေနဲ့မတူတာက လက်နက်ကိုင်တော်လှန်ပုန်ကန်ရတဲ့ရည်ရွယ်ချက်ဟာ တွေ့ဆုံဆွေးနွေးညှိနှိုင်းအပေးအယူလုပ်ရေးအဆင်ပြေဖို့/ရွေးကောက်ပွဲလမ်းကြောင်းအဆင်ပြေဖို့ ဆိုတာတွေမဟုတ်ဘဲ လူထုအနေနဲ့ နိုင်ငံတော်အာဏာရရှိသွားဖို့ ဖြစ်တယ်။ဒါကြောင့် လက်နက်ကိုင်တော်လှန်ရေးဟာ လူထုအာဏာရရှိသွားတာမှသာ အထမြောက်ပြီးတော့ ပြီးဆုံးမှာဖြစ်တယ်လို့ ယုံကြည်တယ်။ ဒါ့အပြင် လက်နက်ကိုင်တော်လှန်ရေးဟာ လူထုအာဏာရရှိရေးဖြစ်လို့ လူထုအနေနဲ့ လက်နက်ကိုင်တော်လှန်ရေးအတွက် အဆင်သင့်ဖြစ်ရမယ်-အာဏာရယူရေးအတွက် အဆင်သင့်ဖြစ်ရမယ်-ဒါမှသာ လက်နက်ကိုင်တော်လှန်ရေးဟာ အောင်မြင်မယ်(အဆင်သင့်ဖြစ်ရမယ်လို့ဆိုရာမှာ စည်းရုံးရေးအရဖြစ်တယ်)လို့ ယုံကြည်တယ်။ ဒါကြောင့် လစ်ဘရယ်ရွှေပြည်အေးသမားတွေ စွပ်စွဲသလို လက်နက်ကိုင်တော်လှန်အကြမ်းဖက်ရေးကို အကျင့်ပါနေလို့လုပ်တာမျိုးမဟုတ်ဘဲ ဆိုရှယ်ဒီမိုကရက်တွေအနေနဲ့ လက်နက်ကိုင်တော်လှန်ရေးဟာ လိုအပ်လို့ လုပ်ရတာ၊ လိုအပ်တဲ့အချိန်မှာ လုပ်ရတာ၊ လိုအပ်သလောက် အထိသာလုပ်ရတာ၊ လိုအပ်သလောက်အထိကို မရရအောင် လုပ်ရတာလို့ ယုံကြည်တယ်။ ရှေးရိုးစွဲစီးပွားရေးစနစ်တွေဖြစ်တဲ့ အစိုးရလက်ဝါးကြီးအုပ်စနစ်နှင့်လွတ်လပ်တဲ့ဈေးကွက်စနစ်ကို ဆန့်ကျင်ရေး၊ စည်းစိမ်ဥစ္စာဟာ သဘာဝအရပင် မညီမျှနိုင်ဆိုတဲ့စနစ်တွေကို အခြေအမြစ်မရှိ-မှားယွင်းနေတဲ့ စနစ်တွေလို့ တဘက်မှာ သုံးသပ်ပြထားပြီးတော့ လစ်ဘရယ်စီးပွားရေးအယူအဆတွေဖြစ်တဲ့ ဈေးကွက်စီးပွားရေးစနစ်-အစိုးရဘက်က တစိတ်တပိုင်းကြားဝင်ထားတဲ့ ဈေးကွက်စီးပွားရေးစနစ်တွေကိုလည်း မထူးခြားနားတဲ့/နောက်ထပ် လက်ဝါးကြီးအုပ်စီးပွားရေးစနစ်ဆီကို ရောက်ရှိစေမယ့်စနစ်လို့ ဆိုထားပြန်တယ်။ ဒါဆိုရင် ဗမာပြည်ရဲ့ လက်ဝါးကြီးအုပ်စီးပွားရေးစနစ်ကို ဖျက်သိမ်းနိုင်ပြီးတော့ နောက်လက်ဝါးကြီးအုပ်စီးပွားရေးဆီကို ပြန်မရောက်စေမယ့် စီးပွားရေးစနစ်က ဘာရှိသလဲဆိုပြီး မေးစရာဖြစ်လာတယ်။ ဗမာပြည်ကို စီးပွားရေးအရ လွတ်မြောက်စေမယ့်စနစ်က ဘာစနစ်ဖြစ်မှာလဲဆိုပြီး မေးစရာ ဖြစ်လာတယ်။ ရှေးရိုးစွဲတွေရဲ့လက်ဝါးကြီးအုပ်စီးပွားရေးစနစ်ဟာ ကုန်ထုတ်လုပ်ရေးရဲ့တိုးတက်မှုကို အဓိကအဖြစ်မကြည့်ဘူး၊ ကုန်လုပ်ကိရိယာတွေရဲ့ခေတ်မီမှုကိုလည်း အဓိကအဖြစ်မကြည့်ဘူး၊ သူတို့အဓိကအဖြစ်ကြည့်တာက စီးပွားရေးစနစ်ကြီးတခုလုံး သူတို့ချုပ်ကိုင်မှုအောက်မှာရှိဖို့ပဲ။ ဒါကြောင့် ရှေးရိုးစွဲတွေရဲ့လက်ဝါးကြီးအုပ်စီးပွားရေးစနစ်ရှိနေတဲ့ နိုင်ငံမှာ ကုန်လုပ်ကိရိယာပိုင်းခေတ်မီမှုအားနည်းတယ်၊ ဒီကတဆင့် ကုန်ထုတ်လုပ်ရေးမှာ ကုန်ချောထုတ်လုပ်ရေးပိုင်းအားနည်းနေ

တတ်ပြီးတော့ ကုန်ကြမ်းထုတ်လုပ်ရေးအဆင့်နဲ့သာ လည်ပတ်နေရတယ်၊ လက်ဝါးကြီးအုပ်စနစ်ဖြစ်တာကြောင့် ကုန်သွယ်ရေးကလည်း မထွန်းကားနိုင်ဘူး၊ ကုန်ကြမ်းထုတ်လုပ်ရေးဖြစ်တာကြောင့် ပြည်ပနိုင်ငံက ကုန်ချောတင်သွင်းမှုပိုပြီး မြင့်မားနေပြီး တိုင်းပြည်ဝင်ငွေဟာ အသုံးစရိတ်ထက်နိမ့်နေတယ်၊ တဘက်မှာ ဝန်ဆောင်မှုလုပ်ငန်းအားနည်းတာမျိုးဆိုရင် တိုင်းပြည်ရဲ့အသုံးစရိတ်ကိုကာမိတဲ့ဝင်ငွေကို ဘယ်လိုမှမရှာဖွေနိုင်တော့ဘဲ နိုင်ငံဟာကြွေလာတာနှင့်အမျှ မွဲလာတော့တယ်။ ဒါပေမယ့် ဒါက ရှေးရိုးစွဲလက်ဝါးကြီးအုပ်စီးပွားရေးစနစ်ရဲ့ ဘက်တဘက်တည်းသာဖြစ်တယ်၊ နောက်တဘက်ကတော့ တိုင်းပြည်က ကုန်ကြမ်းထုတ်လုပ်ရေးနဲ့ မွဲလာတယ်လို့ဆိုပေမယ့် လက်ဝါးကြီးအုပ်စီးပွားရေးသမားတွေကတော့မွဲမလာဘဲ ကြီးကြီးမားမား ချမ်းသာလာတာပါ၊ ကုန်းကြမ်းထုတ်လုပ်မှု-ကုန်ချောတင်သွင်းမှု-ကုန်သွယ်ရေးမထွန်းကားမှု-ဝန်ဆောင်မှုလုပ်ငန်းအားမကောင်းမှုတွေကြောင့် စီးပွားရေးလုပ်ငန်းတွေကနေ ဝင်ငွေနည်းပေမယ့် ဒီလက်ဝါးကြီးအုပ်စီးပွားရေးသမားတွေဟာ ဒီကုန်ကြမ်းထုတ်လုပ်မှုတွေအတွက် အရင်းအမြစ်တွေကို သူတို့ဝင်ငွေကနေ ကျခံသုံးစွဲခြင်း မရှိဘူး-ပြီးတော့ ကုန်သွယ်ရေးဟာ အများပြည်သူအတွက် မထွန်းကားပေမယ့် သူတို့အတွက် သီးသန့်ကုန်သွယ်ရေးလမ်းကြောင်းတွေ ရှိနေပြီးသားဖြစ်တယ်-အများပြည်သူအတွက် စီးပွားရေးလုပ်ငန်းတွေ အားမကောင်းတဲ့အချက်ဟာ တဘက်မှာ မကောင်းပေမယ့် လက်ဝါးကြီးအုပ် စီးပွားရေးသမားတွေအတွက်ကတော့ အလုပ်လက်မဲ့ဖြစ်နေတဲ့ လုပ်သားထုကြီးမားလေလေ ဈေးပေါပေါနဲ့ လုပ်အားများများ ဝယ်ယူနိုင်လေလေဖြစ်ပါတယ်-ပြီးတော့ လက်ဝါးကြီးအုပ်စီးပွားရေးသမားတွေဟာ ပြည်ပကတင်သွင်းထားတဲ့ တန်ဖိုးဆတိုးမြင့်မားနေတဲ့ ကုန်ချောပစ္စည်းတွေအတွက် အရင်းပြန်ရရုံရောင်းချတာမဟုတ်ဘဲ အမြင့်မားဆုံးအမြတ်ရရှိအောင်လည်း ဈေးကွက်ကို ချုပ်ကိုင်ခြင်းအားဖြင့် လုပ်ကြပါသေးတယ်-ဒီစီးပွားရေးသမားတွေဟာ တိုင်းပြည်စီးပွားရေးကို ဘယ်လိုဖြစ်ဖြစ်ဆိုပြီး လျစ်လျူရှုထားပြီးတော့ အနစ်နာခံစရာရှိသမျှကို အများပြည်သူအတွက်သုံးရမယ့် အသုံးစရိတ်တွေထဲကနေသာ သုံးစွဲပါတယ်-နစ်နာစရာရှိသမျှကို တိုင်းပြည်ကို တာဝန်ယူခိုင်းပြီးတော့ သူတို့အတွက်တော့အမြတ်ရရေးမှာလည်း နည်းနည်းလေးမှအလျော့မခံနိုင်ကြဘူး-ဒါကြောင့် လက်ဝါးကြီးအုပ်စီးပွားရေးစနစ်အောက်မှာ တိုင်းပြည်ဟာ မွဲဖို့သာရှိပါတယ်-တိုးတက်လာစရာ မရှိပါဘူး။ ပြီးတော့ စည်းစိမ်ဥစ္စာတွေဟာ သဘာဝအရပင် မညီမျှနိုင်ဘူးလို့ ယုံကြည်ကြတာဖြစ်လို့ ဒီလိုစည်းစိမ်မညီမျှတဲ့အခြေအနေဟာ ရှိနေသင့်တဲ့အရာအဖြစ် အပြစ်ရှိစိတ်ကင်းစွာပြုမူကြတယ်။ လစ်ဘရယ်တွေရဲ့ဈေးကွက်စီးပွားရေးစနစ်ဟာ အစပိုင်းမှာ ဈေးကွက်ရဲ့အခန်းကဏ္ဍက အရေးပါပေမယ့် နောက်ပိုင်းမှာ ဈေးကွက်ဟာ အသုံးချခံသက်သက်ဖြစ် လာတယ်။ ဈေးကွက်မှာ နေရာရသွားသူတွေဟာ ဈေးကွက်ကိုချုပ်ကိုင်ခွင့်ရပြီး ဈေးကွက်ဟာ ရောင်းသူနှင့်ဝယ်သူ၊ ထုတ်လုပ်သူနှင့် စားသုံးသူတွေကြားက ချိန်ခွင်လျှာကို ညှိနိုင်စွမ်းမရှိတော့ဘူး။ ဈေးကွက်ရဲ့လွပ်လပ်မှု နှင့် တရားမျှတမှုကို ထိန်းသိမ်းဖို့အတွက် နိုင်ငံတော်ကို တစိတ်တပိုင်းကြားဝင်ဒိုင်လုပ်စေပြီး ဈေးကွက်စီးပွားရေးစနစ်ကို ပြန်လည်ထိန်းသိမ်းထားပေမယ့် သူတို့ယုံကြည်သလို နိုင်ငံတော်က ကြားဝင်ထိန်းသိမ်းတာဖြစ်မလာဘဲ ဟန်ပြထိန်းကျောင်းတာမျိုးပဲလုပ်ပြီးတော့ အရင်းရှိတဲ့သူတွေဘက်က အမြဲတမ်းဘက်လိုက်တယ်။ ဒါကြောင့် ဆိုရှယ်ဒီမိုကရက်တွေက ရှေးရိုးစွဲတွေရဲ့ကုန်ထုတ်လုပ်ရေးရဲ့တိုးတက်မှုကို ဆန့်ကျင်လိုတဲ့ဖောက်ပြန်မှုကို တိုက်ဖျက်သွားမှာဖြစ်ပြီး လစ်ဘရယ်တွေရဲ့ကြောင်သူတော်ဆန်မှုကိုပါ ဆန့်ကျင်တယ်။ ဆိုရှယ်ဒီမိုကရက်တွေဟာ စီးပွားရေးစနစ် တနည်း ကုန်ထုတ်လုပ်ရေးစနစ်နှင့်ပတ်သက်ရင် လူတန်းစားတိုက်ပွဲကို မေ့မထားကြဘူး-ကုန်လုပ်ကိရိယာတွေ/ကုန်လုပ်စွမ်းအားစုတွေရဲ့တိုးတက်မှုကို မေ့မထားကြဘူး-သိပ္ပံပညာရပ်ရဲ့အခန်းကဏ္ဍကို မေ့မထားကြဘူး။ လက်ဝါးကြီးအုပ်ကုန်ထုတ်လုပ်ရေးဆိုတာ အနည်းစုက အများစုသောသူတွေနဲ့ဆန့်ကျင်ပြီး အနည်းစုအတွက် ကုန်ထုတ်လုပ်နေတာကိုဆိုလိုပြီး ဒီလိုဖြစ်ရခြင်းဟာ အတိတ်ကကံတရားကြောင့်ဖြစ်လာရတာမဟုတ်ဘဲ/အရည်အချင်းကြောင့် ဖြစ်လာရတာမဟုတ်ဘဲ အကြမ်းဖက်လုယူမှုကြောင့်သာဖြစ်လာခြင်းဖြစ်တယ်။ ဆိုရှယ်ဒီမိုကရက်တွေက ဒီလိုအခြေအနေဖြစ်မလာနိုင်တော့အောင် ကုန်ထုတ်လုပ်ရေးစနစ် အများစုလက်ထဲရောက်ရှိရေးကို ယုံကြည်တယ်။ အများစုလက်ထဲကို ကုန်ထုတ်လုပ်ရေး

စနစ်ရောက်ရှိသွားတာနဲ့ အများစုဟာ အများစုအတွက်ကုန်ထုတ်လုပ်လိမ့်မယ်လို့ ယုံကြည်တာဖြစ်တယ်။ ကုန်ထုတ်လုပ်ရေးစနစ်မှာ ကုန်လုပ်ကိရိယာတွေဟာ အဓိကအရေးပါတာကြောင့် အဓိကကျတဲ့ကုန်လုပ်ကိရိယာတွေ အများစုလက်ထဲကို ရောက်ရှိနေတာမျိုး ဖြစ်တယ်။ အများစုဟာ အများစုအတွက် ကုန်ထုတ်လုပ်တဲ့အခါ အနည်းစုက လက်ဝါးကြီးအုပ်ကုန်ထုတ်လုပ်စဥ်က အနည်းစုအတွက်မလိုအပ်လို့ ကန့်သတ်ထိန်းချုပ်ဖျက်ဆီးထားတဲ့ ကုန်လုပ်စွမ်းအားစုတွေရဲ့အခန်းကဏ္ဍပါ ပြန်လည်လိုအပ်လာမှာ ဖြစ်တယ်။ ဒီအခါ သိပ္ပံပညာရပ်ဟာ အများစုကိုအကျိုးပြုလာနိုင်တော့မှာဖြစ်တယ်။ ဒီနေရာမှာ အများစုဆိုတာဟာ နိုင်ငံတနိုင်ငံရဲ့လူ့အဖွဲ့အစည်းဖွဲ့စည်းပုံမှာ အလုပ်သမားနှင့်လယ်သမားတွေဟာ အများစုဖြစ်တယ်။ အများစုဟာ တကယ်အလုပ်လုပ်ရပေမယ့် လုပ်သလောက် မရဘူး၊ တဘက်မှာ အရင်းရှင်တွေနှင့် လက်ဝါးကြီးအုပ်သမားတွေကျတော့ ဘာလုပ်အားမှ မစိုက်ရပေမယ့် အလုပ်သမားတွေနှင့်လယ်သမားတွေ လုပ်သမျှထက်များပြားတဲ့အမြတ်ကို ရတယ်။ ဒါကြောင့် အလုပ်လုပ်တဲ့သူသာ လုပ်အားရဲ့အသီးအပွင့်တွေကို ခံစားခွင့်/ပိုင်ဆိုင်ခွင့် ရရမယ်၊ အရည်အချင်းဆိုတာ ကံကြမ္မာက သတ်မှတ်ထားတာ မဟုတ်သလို ဗီဇမှာပါလာပြီးသားအဆင်သင့်လည်း မဟုတ်တာကြောင့် လုပ်အားစိုက်ထုတ်သူတိုင်းဟာ အရည်အချင်းရှိသူတွေဖြစ်လာနိုင်တာဖြစ်လို့ အရည်အချင်းဟာ အများစုရဲ့အကျိုးနှင့် ဆန့်ကျင်မနေဘူးလို့ ဆိုရှယ်ဒီမိုကရက်တွေက ယုံကြည်တယ်။ ဆိုရှယ်ဒီမိုကရက်တွေက ကုန်ထုတ်လုပ်ရေးနှင့်ပတ်သက်လို့

၁) ကုန်လုပ်ကိရိယာလက်ဝါးကြီးအုပ်ပိုင်ဆိုင်မှု ဆန့်ကျင်ဖျက်သိမ်းရေး

၂) အစွန်းထွက်တန်ဖိုးလက်ဝါးကြီးအုပ်ရယူပိုင်မှု ဆန့်ကျင်ဖျက်သိမ်းရေး

၃) သိပ္ပံပညာရပ်လက်ဝါးကြီးအုပ်ရယူပိုင်ဆိုင်မှု ဆန့်ကျင်ဖျက်သိမ်းရေး

၄) ကုန်လုပ်ကိရိယာစုပေါင်းပိုင်ဆိုင်မှုစနစ် အကောင်အထည်ဖော်ရေး

၅) အစွန်းထွက်တန်ဖိုးအစား ခြားနားတန်ဖိုးများထုတ်လုပ်ရေး နှင့် ခြားနားတန်ဖိုးမှန်သမျှ အများကို အကျိုးပြုရေး

၆) သိပ္ပံပညာရပ်ကို အများပိုင်အဖြစ် အကောင်အထည်ဖော်ရေး

တွေကို လက်ခံယုံကြည်ကြတယ်။ ဒီလိုအကောင်ထည်ဖော်ခြင်းအားဖြင့် ရှေးရိုးစွဲတွေရဲ့ လူတစုက ရာသက်ပန်လက်းဝါးကြီးအုပ်တဲ့အခြေအနေမျိုး တည်ရှိနိုင်မှာမဟုတ်သလို အရင်းရှင်စနစ်မှာလို အရင်းတွေအကုန်လုံး လူနည်းစုကလေးဆီ စုပြုံသွားတာမျိုး ရှိနိုင်တော့မှာ မဟုတ်ဘူး။ ရှေးရိုးစွဲတွေပြောတဲ့ ကံကြမ္မာကြောင့် လက်ဝါးကြီးအုပ်နိုင်တဲ့အခွင့်အာဏာကို ရရှိတယ်ဆိုတာတွေ၊ လစ်ဘရယ်တွေပြောတဲ့ အရည်အချင်းကြောင့် လက်ဝါးကြီးအုပ်နိုင်တဲ့အရင်းတွေရတယ်ဆိုတာတွေဟာ လှည့်စားမှုသက်သက်ပဲဆိုတာ ထင်ရှားပြီး အလုပ်လုပ်တဲ့အတွက်ကြောင့်သာ လူသားဟာ ကြီးပွားချမ်းသာနိုင်တယ်လို့ ဆိုရှယ်ဒီမိုကရက်တွေက ယုံကြည်တယ်။ လက်ဝါးကြီးအုပ်စိုးမိုးခြယ်လှယ်မှုကင်းမဲ့သွားတာနဲ့ ထုတ်ကုန်ပစ္စည်းတွေကရတဲ့ အကျိုးအမြတ်တွေအားလုံးဟာ အများအကျိုးအတွက်ဖြစ်လာမယ်၊ ကုန်လုပ်ကိရိယာတွေဟာ အများပိုင်ဖြစ်နေတဲ့အတွက် ကုန်လုပ်ကိရိယာကို လိုအပ်သလောက် တိုးမြင့်ထုတ်လုပ်ရေးနှင့်အဆင့်မြင့်တင်ရေးတွေဟာ ကုန်ထုတ်လုပ်ရာမှာလိုအပ်မှုအတိုင်း ဖြည့်ဆည်းလုပ်ဆောင်နိုင်မှာဖြစ်တယ်။ အရင်းရှင်ကုန်ထုတ်လုပ်ရေးစနစ်မှာလို နည်းပညာပိုင်းတိုးတက်မှုတွေကို လက်ဝါးကြီးအုပ်ဂုက်ထားစရာမလိုတော့ဘဲ အစဥ်တစိုက်တိုးတက်နေအောင် ကြိုးစားသွားဖို့သာ ရှိတော့မှာဖြစ်တယ်။ ဈေးကွက်မှာ ပြိုင်ဆိုင်နိုင်ဖို့ အပိုလုပ်ရတာတွေ၊ ရှုံးနိမ့်တာ၊ လက်ဝါးကြီးအုပ်ခွင့်ရသွားတာ၊ နောက်ဆက်တွဲဆိုးကျိုးတွေကို ရင်ဆိုင်စရာမလိုတော့ဘဲ ရှိနေတဲ့ ကုန်ထုတ်လုပ်ရေးစနစ်ကနေ ဆက်လက်တိုးတက်သွားရေးကိုသာ ရှင်းရှင်းလင်းလင်း စဥ်းစားလာနိုင်ကြမှာ ဖြစ်တယ်။ အရင်းရှင်ကုန်ထုတ်လုပ်ရေးကြွေးကြော်တဲ့ ပြိုင်ဆိုင်မှုကသာ တိုးတက်မှုရဲ့အခြေခံဆိုတာဟာ ခိုင်လုံမှန်ကန်မှုမရှိဘဲ အများအကျိုးအတွက် ရိုးသားစွာ

အားထုတ်ကြိုးပမ်းခြင်းကသာ တိုးတက်မှုရဲ့အခြေခံ ဖြစ်တယ်။ဗမာပြည်ရဲ့ရှေးရိုးစွဲ လူမှုရေးစနစ်တွေဖြစ်တဲ့ လူသားမှန်သမျှ အပြစ်မကင်းနိုင်ဘူးဆိုတဲ့ အယူအဆ၊ ရိုးရာဓလေ့ထုံးတမ်းတွေသာ လူ့အဖွဲ့အစည်းဆက်လက်တည်မြဲရေးအတွက် အသေချာဆုံးသော လမ်းညွှန်ချက်တွေဆိုတဲ့ အယူအဆ၊ ကြီးသူကို ကြောက်ရွံ့ရိုသေကိုးကွယ်ဆည်းကပ်ရမယ်ဆိုတဲ့ အယူအဆတွေကို ဖောက်ပြန်တဲ့ လူမှုရေးစနစ်တွေလို့ဆိုထားပြီ လစ်ဘရယ်လူမှုရေးအယူအဆတွေဖြစ်တဲ့ ကိုယ်ကျိုးအခြေပြု ပုဂ္ဂလဝါဒ၊ သဘာဝလူ့အခွင့်အရေးအခြေပြု ကိုယ်ချင်းစာနာစိတ်၊ သဘာဝလူ့အခွင့်အရေးအခြေပြု တရားမျှတမှုစနစ်၊ ပုဂ္ဂလိကဆိုင်ရာ လွတ်လပ်ခွင့်တွေကလည်း ဒီရှေးရိုးစွဲလူမှုရေးစနစ်ကို အနိုင်မယူနိုင်ဘူး-ဗမာပြည်ရဲ့လူမှုရေးစနစ်ကို လွတ်မြောက်အောင် မလုပ်ပေးနိုင်ဘူးလို့ ဆိုထားတယ်ဆိုရင် တကယ့်မှန်ကန်တဲ့ လူမှုရေးစနစ်က ဘာဖြစ်မလဲ။ဆိုရှယ်ဒီမိုကရက်တွေက လူ့အဖွဲ့အစည်းရဲ့အရေးပါမှုဟာ လူတဦးချင်းစီထက်သာလွန်တယ်လို့ ယုံကြည်တာကြောင့် ကိုယ်ကျိုးအတွက်ကို ဦးစားပေးရေးထက် အများအကျိုးဦးစားပေးရေးကိုသာ ရှေးရှုတယ်၊ အကယ်၍ မိမိရဲ့အရေးကိစ္စနှင့်အများရဲ့အရေးယှဉ်လာတယ်ဆိုရင် အများရဲ့အရေးကိုသာ ဦးစားပေးရွေးချယ်ရမယ်လို့ ယုံကြည်တယ်။ ဒီနေရာမှာရှင်းရမှာက အများအကျိုးကို ဦးစားပေးရွေးချယ်လိုက်ခြင်းဟာ ရှေးရိုးစွဲတွေရဲ့ယုံကြည်မှုလို နောင်ဘဝမှာ မိမိကိုယ်ကျိုးဖြစ်ထွန်းဖို့ရည်စူးပြီး ရွေးချယ်တာမျိုး မဟုတ်ဘူး -လစ်ဘရယ်တွေရဲ့လူမှုရေးတာဝန်ကျေမှုလို အများကိစ္စကို ကိုယ့်အကျိုးထိခိုက်မသွားတဲ့အနေအထားအထိ ကူညီလိုက်တာမျိုးလည်း မဟုတ်ဘူး(လစ်ဘရယ်တွေဟာ လူတဦးချင်းစီဟာ မိမိရဲ့အကျိုးစီးပွားမထိခိုက်သရွေ့အထိ အများအကျိုးကို စိတ်ဝင်စားကူညီပေးရမယ်၊ အကယ်၍ မိမိအကျိုးထိခိုက်လာရင်တော့ မိမိသာအဓိကဖြစ်လို့ ငြင်းပယ်ရမယ်လို့ ယုံကြည်ကြတယ်)။ ဆိုရှယ်ဒီမိုကရက်တွေ အများအကျိုးကို ဦးစားပေးရွေးချယ်လိုက်တာက အများ(သို့)လူ့အဖွဲ့အစည်းရဲ့အခန်းကဏ္ဍကို သိရှိနားလည်နေလို့ပဲ။ လူ့အဖွဲ့အစည်းမကောင်းစားဘဲ ဘယ်လူသားတဦးတယောက်မျှ မရှင်ကျန်နိုင်ဘူးဆိုတာကို သိရှိနားလည်နေလို့ပဲ။ လူ့အဖွဲ့အစည်းမလွတ်မြောက်ဘဲ ဘယ်သူမှမလွတ်မြောက်ဘူးဆိုတာ သိရှိနားလည်နေလို့ပဲ။ အများပြည်သူလွတ်မြောက်ရင် မိမိလည်း အများပြည်သူနှင့်အတူလွတ်မြောက်လိမ့်မယ်ဆိုတာ သေချာနေလို့ဖြစ်တယ်။ ကျနော်တို့ဟာ ဗမာပြည်အလုပ်သမား၊ လယ်သမားတွေ မလွတ်မြောက်မချင်း ဒီအုပ်စိုးသူအရင်းရှင်လူတန်းစားရဲ့ ဖိနှိပ်မှုအောက်က မလွတ်မြောက်နိုင်ဘူး-ဒါပေမယ့် ဗမာပြည်အလုပ်သမား-လယ်သမားတွေသာ လွတ်မြောက်သွားရင် အရင်းရှင်လူတန်းစားကို ဖျက်သိမ်းလိုက်နိုင်မှာဖြစ်လို့ ကျနော်တို့ဟာ ဒီဖိနှိပ်မှုအောက်ကနေ လွတ်မြောက်မှာဖြစ်တယ်။ ဒါကြောင့် ကျနော်တို့ရဲ့ တကိုယ်တည်း လွတ်မြောက်ရေးဟာ မှားယွင်းပြီး အလုပ်သမား-လယ်သမားတွေရဲ့ လွတ်မြောက်ရေးသာ မှန်ကန်တဲ့ရွေးချယ်မှု ဖြစ်တယ်၊ ဒါကြောင့် မိမိတို့အရေးထက် အများအရေးကို ရွေးချယ်ရခြင်းဖြစ်တယ်။ ထို့အတူပဲ လယ်သမားတွေ၊ အလုပ်သမားတွေအနေနဲ့လည်း တဦးချင်းစီရဲ့ ကြိုးစားအားထုတ်မှုနဲ့သာဆိုရင် အရင်းရှင်စနစ်ရဲ့ ဖိနှိပ်မှုအောက်ကနေ မလွတ်မြောက်နိုင်ဘူး-ဒါပေမယ့် သူတို့ အဖိနှိပ်ခံလူတန်းစားတရပ်လုံးရဲ့ကြိုးစားအားထုတ်မှုနဲ့သာဆိုရင် အရင်းရှင်လူတန်းစားကို ဖျက်သိမ်းလိုက်နိုင်မှာဖြစ်လို့ သူတို့ တဦးချင်းစီရဲ့အရေးထက် သူတို့အဖိနှိပ်ခံလူတန်းစားတရပ်လုံးရဲ့အရေးကို ရွေးချယ်ရေးကသာ သူတို့အတွက် မှန်ကန်တဲ့ ရွေးချယ်မှုဖြစ်တယ်-ဆိုရှယ်ဒီမိုကရက်တွေက ဒီလိုယုံကြည်တယ်။ ဒီလို အများအရေးကို ဦးစားပေးရွေးချယ်မှုဟာ မိမိရွေးချယ်မှုဖြစ်လို့ ဒါကိုပေးဆပ်မှုလို့ မစဥ်းစားဘူး။ ဆိုရှယ်ဒီမိုကရက်တွေဟာ ရွေးချယ်မှုတိုင်းကို မိမိနားလည်ယုံကြည်ဆုံးဖြတ်မှုအတိုင်းလုပ်ဆောင်သလို မိမိရွေးချယ်မှုအတွက်လိုအပ်မယ့် နောက်ဆက်တွဲလုပ်ဆောင်ရမယ့်အချက်တွေ၊ ဖြစ်လာတဲ့အကျိုးဆက်တွေကိုပါ ယုံကြည်မှုရှိရှိ လက်ခံတယ်။ ဒါကြောင့် ဆိုရှယ်ဒီမိုကရက်တွေဟာ ရှေးရိုးစွဲတွေလို နောင်တတရားနဲ့ မွန်းကြပ်ရှင်နေရတာမျိုး မရှိသလို လစ်ဘရယ်တွေလို တကယ့်အခြေအနေကို လျစ်လျူရှုမိသွားတာ/တကယ့်အခြေအနေရဲ့ အတိမ်အနက်ကိုမသိဘဲ အပေါ်ယံဘဲမြင်နေတာမျိုး/အတွေ့အကြုံတွေကို အလေးမထားတာမျိုးလည်း မရှိဘူး။ ဆိုရှယ်ဒီမိုကရက်တွေဟာ လူမျိုးရေး၊ ဘာသာရေးနှင့်ပတ်သက်ရင် အခွင့်ထူးခံစားခွင့်(သို့မဟုတ်)လက်ဝါးကြီးအုပ်ခွင့်ရနေတာမျိုးကို

ငြင်းပယ်တယ်/ဆန့်ကျင်တယ်။ ရှေးရိုးစွဲတွေရဲ့မိမိလူမျိုးမှ မိမိလူမျိုး/မိမိဘာသာမှ မိမိဘာသာဆိုတဲ့ လူမျိုးကြီးဝါဒ/ ဘာသာရေးအစွန်းရောက်ဝါဒကိုလည်း ဆန့်ကျင်သလို လစ်ဘရယ်တွေလို လူမျိုးရေး/ဘာသာရေးကိစ္စတွေဟာ လူတဦးချင်းစီရဲ့ပုဂ္ဂလိကသီးသန့်အခွင့်အရေးဖြစ်လို့ ဝင်ရောက်စွက်ဖက်တာမျိုး မလုပ်သင့်ဘူးဆိုတဲ့ လျစ်လျူရှုရေးကိုလည်း ဆန့်ကျင်တယ်။ အကြောင်းရင်းကတော့ မိမိလူမျိုးမှ မိမိလူမျိုးဆိုတဲ့ လူမျိုးကြီးဝါဒရဲ့နောက်မှာ အခွင့်ထူးခံခွင့်တွေ/လက်ဝါးကြီးအုပ်ခွင့်တွေ တပါတည်းပါလာမှာဖြစ်ပြီး ဒီအရာတွေက လူ့အဖွဲ့အစည်းအတွက်မကဘဲ အဆိုပါလူမျိုးကိုပါ ဖျက်ဆီးပစ်လိုက်မှာဖြစ်တယ်၊ လျစ်လျူရှုရေးကလည်း အလုပ်မဖြစ်လို့ဖြစ်တယ်-လူမျိုးရေးနှင့်ဘာသာရေးကို တဦးချင်းစီရဲ့အရေး(ဝင်ပြီး မစွက်ဖက်သင့်တဲ့အရေး)လို့ သတ်မှတ်ထားလိုက်တာနဲ့ လူမျိုးစွဲ၊ ဘာသာစွဲတွေဟာ ပြန်ပြီး ခေါင်းထောင်သွားမှာဖြစ်လို့ပဲ-အဲ့ဒါနဲ့အတူ အခွင့်ထူးခံတွေ၊ လက်ဝါးကြီးအုပ်သမားတွေ ပြန်ပြီးခေါင်းထောင်သွားမှာ ဖြစ်တယ်။ လူမျိုးရေး-ဘာသာရေးတွေနှင့် ပတ်သက်ရင် လွပ်လပ်စွာ ယုံကြည်ကိုးကွယ်လိုက်စားခွင့်(အခွင့်အရေး)၊ မိမိယုံကြည်ကိုးကွယ်လိုက်စားမှုက မှန်ကန်မှုရှိမရှိ အမြဲမပြတ်လေ့လာဆန်းစစ်ရေး(တာဝန်)၊ လူမျိုးရေးနှင့်ဘာသာရေးကတဆင့် အခွင့်ထူးခံခွင့်-လက်ဝါးကြီးအုပ်ခွင့် မရှိရေး(တာဝန်) ရှိရမယ်လို့ ဆိုရှယ်ဒီမိုကရက်တွေအနေနဲ့ လက်ခံယုံကြည်ကျင့်သုံးတယ်။ ဒီလိုအတိုင်း ယုံကြည်ကျင့်သုံးတယ်ဆိုရင် လူ့အဖွဲ့အစည်းမှာ လူမျိုးရေး-ဘာသာရေးနှင့်ပတ်သက်လို့ ပြဿနာအသစ်တွေထပ်ဖြစ်လာမှာ မဟုတ်တော့ဘဲ ပြဿနာအဟောင်းတွေကိုလည်း တဖြည်းဖြည်းနဲ့ လုံးဝကင်းစင်သွားအောင် ဖြေရှင်းသွားနိုင်မယ်လို့ ယုံကြည်တယ်။ လူတွေက အများအကျိုးကို ဦးစားပေးလာတာနဲ့ လူ့အဖွဲ့အစည်းမှာ ပူးပေါင်းဆောင်ရွက်မှုနှင့်အလေးထားမှုတွေ အားကောင်းလာမှာဖြစ်တယ်။ အဲ့ဒီကတဆင့် ထပ်ထွက်လာမှာက တပါးသူအကျိုးကို လိုလားမြတ်နိုးမှု-သဘောထားညီညွတ်မှု-စည်းရုံးမှုနှင့်ပေါင်းစည်းမှုတွေဖြစ်တယ်။ ဆိုရှယ်ဒီမိုကရက်တွေက ရှေးရိုးစွဲတွေရဲ့လက်ဝါးကြီးအုပ်စနစ်ရဲ့အကိုင်းအခက် တနည်း အမြစ်တွေဖြစ်တဲ့ လူသားတွေကို တံဆိပ်အမျိုးမျိုးခတ်ပြီး ခွဲခြားဆက်ဆံနည်းကိုလည်း ငြင်းပယ်သလို လစ်ဘရယ်တွေရဲ့အရည်အချင်းသတ်မှတ်ချက်ခေါင်းစဥ်အောက်ကနေ ခွဲခြားဆက်ဆံနည်း/အမြတ်ထုတ်နည်းကိုလည်း ဆန့်ကျင်တယ်။ ဆိုရှယ်ဒီမိုကရက်တွေဟာ အလုပ်အရ-လုပ်အားအရသာ လူတွေကိုဆက်ဆံပြီး လိုအပ်တဲ့အလုပ်နှင့်လုပ်အားစိုက်ထုတ်နိုင်အောင်-ရရှိရေးကိုလည်း အလေးထားတယ်-ဒီကတဆင့် လူတွေကို တံဆိပ်ကပ်ပြီး ခွဲခြားဆက်ဆံအမြတ်ထုတ်တာတွေနှင့်အရည်အချင်းသတ်မှတ်မှုဆိုတဲ့ ဘောင်အောက်ကနေ အမြတ်ထုတ်တာတွေပပျောက်မယ်လို့ ယုံကြည်တယ်။ ကုန်ထုတ်လုပ်ရေးဟာ လူတစုကလေးအတွက် မဟုတ်တော့တာကြောင့် ကုန်ထုတ်လုပ်ရေးကို အရင်းခံပြီး လူတန်းစားတွေ ကွဲပြားကင်းကွာကြတဲ့ဖြစ်စဥ် တဖြည်းဖြည်း ပပျောက်လာမှာဖြစ်လို့ လူ့အဖွဲ့အစည်းအတွင်းမှာ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးတွေ ရလာမှာဖြစ်တယ်။ အဲ့ဒီအချိန်ကာလမှသာ လူ့အဖွဲ့အစည်းဟာ လစ်ဘရယ်တွေပြောပြောနေတဲ့ ပြဿနာတွေကို ဆွေးနွေးညှိနှိုင်းပြီးတော့ ဖြေရှင်းရေးဟာ ဖြစ်လာနိုင်မှာဖြစ်တယ်။ လူ့အဖွဲ့အစည်းမှာ ယဥ်ကျေးမှုဆိုင်ရာ ပြဿနာတွေ ကျန်ရှိမှာဖြစ်ပေမယ့် ဒီပြဿနာတွေဟာ ဆန်းစစ်ဆွေးနွေးဖြေရှင်းလို့ရတဲ့ ပြဿနာတွေသာ ဖြစ်လာမှာဖြစ်တယ်။

❖ ကျနော်တို့ဟာ ဗမာပြည်အလုပ်သမား၊ လယ်သမားတွေ မလွတ်မြောက်မချင်း ဒီအုပ်စိုးသူအရင်းရှင်လူတန်းစားရဲ့ ဖိနှိပ်မှုအောက်က မလွတ်မြောက်နိုင်ဘူး

❖ ဒါပေမယ် ဗမာပြည်အလုပ်သမား-လယ်သမားတွေသာ လွတ်မြောက်သွားရင် အရင်းရှင်လူတန်းစားကို ဖျက်သိမ်းလိုက်နိုင်မှာဖြစ်လို့ ကျနော်တို့ဟာ ဒီဖိနှိပ်မှုအောက်ကနေ လွတ်မြောက်မှာဖြစ်တယ်။

Social Democracy

PEOPLE'S REVOLUTION FRONT

❖ ဒါကြောင့် ကျနော်တို့ရဲ့ တကိုယ်တည်း လွတ်မြောက်ရေးဟာ မှားယွင်းပြီး အလုပ်သမား လယ်သမားတွေရဲ့ လွတ်မြောက်ရေးသာ မှန်ကန်တဲ့ရွေးချယ်မှု ဖြစ်တယ်၊

❖ ဒါကြောင့် မိမိတို့အရေးထက် အများအရေးကို ရွေးချယ်ရခြင်းဖြစ်တယ်။

❖ ထို့အတူပဲ လယ်သမားတွေ၊ အလုပ်သမား တွေအနေနဲ့လည်း တဦးချင်းစီရဲ့ ကြိုးစားအားထုတ်မှုနဲ့သာဆိုရင် အရင်းရှင်စနစ်ရဲ့ ဖိနှိပ်မှုအောက်ကနေ မလွတ်မြောက်နိုင်ဘူး

❖ ဒါပေမယ့် သူတို့ အဖိနှိပ်ခံလူတန်းစားတရပ်လုံးရဲ့ ကြိုးစားအားထုတ်မှုနဲ့သာဆိုရင် အရင်းရှင်လူတန်းစားကို ဖျက်သိမ်းလိုက်နိုင် မှာဖြစ်လို့ သူတို့ တဦးချင်းစီရဲ့အရေးထက် သူတို့အဖိနှိပ်ခံလူတန်းစားတရပ်လုံးရဲ့အရေးကို ရွေးချယ်ရေးကသာ သူတို့အတွက် မှန်ကန်တဲ့ ရွေးချယ်မှုဖြစ်တယ်-ဆိုရှယ်ဒီမိုကရက်တွေက ဒီလိုယုံကြည်တယ်။